The Office Of Siridantamahapalaka

The Hswagata Buddha Tooth Relics Preservation Private Museum


# ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ — အသောကမင်းကြီးမှ ကနိဿျမင်းကြီးအထိ သာသနာရေး၊ နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ်လေ့လာချက်။


Venerable Dhammasami

Ph.D(Thesis),M.A(Pali),Dip in Social Work,B.A

ORCID: 0009-0000-0697-4760



Copy Right By

Venerable Dhammasami

# BIOGRAPHY AND PUBLICATION RECORDS

**Author / Researcher:**

## Venerable Dhammasami

*(Sao Dhammasami @ Bhikkhu Indasoma Siridantamahāpālaka)*

**ORCID iD:** 0009-0000-0697-4760

**Affiliation:** Founder and Custodian of the Relics, The Hswagata Buddha Tooth Relics Preservation Private Museum.

**Location:** Hswagata Buddha Tooth Relics Preservation Private Museum, Mayangone, Yangon, Myanmar.

### I. Academic & Research Publications ( Core Research)

#### 1. Qualitative Documentary Research on Buddhist Relic Historiography

**Title:** ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ — အသောကမင်းကြီးမှ ကနိသျှမင်းကြီးအထိ သာသနာရေး၊ နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ်လေ့လာချက်။

*(The Problem of the Number and Historiography of Buddha Relics: A Comparative Study of the Impacts of Religious, Political, and Sectarian History from King Ashoka to King Kanishka.)*

**Repository:** Zenodo

**DOI:** https://doi.org/10.5281/zenodo.19652572

**Subject:** Buddhist Historiography, Relic Veneration, Archaeological Evidence, Sectarian and Political Patronage.

#### 2. Museum Case Studies & Registration Reports

**Title:** Physical Examination Records and Registration Files of Buddha Tooth Relics.

Institution: The Hswagata Buddha Tooth Relics Preservation Private Museum.

**Description:** A comprehensive collection of detailed case study reports, historical tracking, and scientific analyses (including DNA & C-14 dating

records) of tooth relics. This work integrates stūpa research registries, museum archives, and external travel accounts for the objective preservation, study, and veneration of sacred artifacts.

## II. Books and Manuscripts

### 1. The Ultimate Goal: Nibbāna

**Status:** Pre-Publication / Accepted Proposal

**Publisher:** Europe Books

**Description:** An in-depth theological and philosophical exploration of Nibbāna, serving as the ultimate spiritual destination in Buddhist teachings.

### 2. Dhamma Chronicles (Book Series)

**Publication Timeline:** 2024 – 2026

**Description:** A meticulously planned and authored multi-volume series chronicling Buddhist teachings, historical narratives, and Dhamma preservation efforts over a span of five years.

## III. Ongoing Academic Pursuits & Documentation

**1. Preaching Schedules ; Dhamma Propagation (2024–2026):** Detailed, unabbreviated compilations of Dhamma preaching schedules, strictly guided by Pāḷi Tipiṭaka references for comprehensive propagation.

**2. Specialized Studies in Heritage Preservation:** Continuous qualitative research in global Buddhism, bridging the critical gap between classical Pāḷi literature (traditional narratives) and modern archaeological sciences (empirical documentation), with a focus on resolving historiographical discrepancies and advancing museum curation standards.

Copyright © 2026 by Venerable Dhammasami (Sao Dhammasami @ Bhikkhu Indasoma Siridantamahāpālaka)

All rights reserved. No part of this publication may be reproduced, distributed, or transmitted in any form or by any means, including photocopying, recording, or other electronic or mechanical methods, without the prior written permission of the author, except in the case of brief quotations embodied in critical reviews, academic citations, and certain other noncommercial uses permitted by copyright law.

For permission requests, academic collaborations, or inquiries, please contact the author/publisher at the address below.

Published by:

The Office of Siridantamahapalaka / The Hswagata Buddha Tooth Relics Preservation Private Museum.+95 9 79 888 4129 ,saodhammasami@gmail.com

**GGKEY: S46NYTWP8LK**

**DOI:** https://doi.org/10.5281/zenodo.19652572

**First Edition:** 30th May 2026

**Cover Design by:** Venerable Dhammasami

**Book Formatting by:** Venerable Dhammasami

**Printed in:** Thailand

# ဥယျောဇဉ် (ကျမ်းဦးအမှာစာ)

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒါဌာဝံသကျမ်းလာ **"ဝန္ဒေ ဒါဌာဓာတုံ သမ္မာသမ္ဗုဒ္ဓဿ"** (သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်မြတ်အား ရှိခိုးပါ၏) ဟူသော မွန်မြတ်လှသည့် ပဏာမဝန္ဒနာဖြင့် ဤကျမ်းစာကို အစချီအပ်ပါသည်။

ဗုဒ္ဓဝင်သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် မြတ်စွာဘုရားရှင် ခန္ဓာပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မလ္လမင်းတို့ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်သောအခါ အရေပါး၊ အရေထူ၊ အသားတို့၏ ပြာနှင့် မှိုင်းတို့ မထင်ရှားဘဲ သရီရဓာတ်တော်များသာလျှင် အံ့ဖွယ်ကြွင်းကျန်ရစ်လေသည်ဟု မဟာပရိနိဗ္ဗာန သုတ်တော်၌ **"သရီရိကာနိယေဝ အဝသိဿိံသု"** ဟု အတိအလင်း မှတ်တမ်းတင်ထားပါသည်။ ထိုအခါ သတ္တဝါဝေနေယျအပေါင်းတို့က **"အဟံ သမ္မာသမ္ဗုဒ္ဓသရီရဿ ဘာဂံ လဘေယျံ"** (အကျွန်ုပ်တို့သည်လည်း ဘုရားရှင်၏ ဓာတ်တော်ဝေစုကို ရလိုပါကုန်၏) ဟု ပြင်းပြသော သဒ္ဓါတရားဖြင့် အပြိုင်အဆိုင် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့်ပင် ဒေါဏပုဏ္ဏားက "တသ္မာ ဘောန္တော သမ္မာ ဝိဘဇာမ အဋ္ဌဘာဂေ" ဟု ဓာတ်တော်များကို ရှစ်စု အညီအမျှ ခွဲဝေပေးခဲ့ပြီး၊ **"ဒိသာသု ထူပါ ဝိတ္ထတာ ဘဝန္တု"** ဟူသည့်အတိုင်း အရပ်မျက်နှာအသီးသီး၌ စေတီတော်များ ပျံ့နှံ့တည်ရှိလာခဲ့ရပါသည်။ ဤသည်မှာ လူအများ ဝင်ထွက်ဖူးမြော်နိုင်ရန် "စာတုမ္မဟာပထေ တထာဂတဿ ထူပေါ ကာတဗ္ဗော" (လမ်းလေးခွဆုံ၌ စေတီတည်ထားရမည်) ဟူသော ဘုရားရှင်၏ မူလလမ်းညွှန်ချက်နှင့်လည်း အပြည့်အဝ ကိုက်ညီလျက်ရှိပါသည်။

ထိုသို့ ကြွင်းကျန်ရစ်သော ဓာတ်တော်များအနက် အကွဲကွဲအပြားပြားမဖြစ်ဘဲ ပကတိအတိုင်း တည်ရှိသော ဓာတ်တော် (၇) ဆူသာရှိကြောင်းကို သုမင်္ဂလဝိလာသိနီ အဋ္ဌကထာ၌ **"သတ္တေဝ ဓာတုယော န ဝိကိဏ္ဏာ၊ စတ္တာရော ဒါဌာ ဒွေ အက္ခကာ ဥဏှီသံ"** ဟု ဖွင့်ဆိုထားပါသည်။ အထူးသဖြင့် စွယ်တော်လေးဆူနှင့် ပတ်သက်၍ **"ဧကာ ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊ ဧကာ ပန နာဂပုရေ မဟီယတိ။ ဧကာ စ ဂန္ဓာရပုရေ ပသတ္ထာ၊ ဧကာ ပုန ကာလိင်္ဂရညော ဝိဇိတေ"** ဟူ၍ လောကုတ္တရာနယ်ပယ်မှသည် လူ့ဘုံအထိ ကျယ်ပြန့်စွာ ကိန်းဝပ်လျက်ရှိကြောင်း ရှေးရာကျမ်းဂန်များက အထွတ်အမြတ်ထား မှတ်တမ်းတင်ခဲ့ ကြပါသည်။ ဤသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုဖြစ်သကဲ့သို့၊ တစ်ဖက်တွင်လည်း

မိမိတို့ဂိုဏ်း၊ မိမိတို့ကျွန်း၏ သီးသန့်ပိုင်ဆိုင်မှုကို ပုံဖော်ထားသော သမိုင်းပြုစုမှု (Historiographical construction) တစ်ရပ်လည်း ဖြစ်ပေသည်။

သို့ရာတွင် သမိုင်းတစ်လျှောက် လက်တွေ့သာသနာပြုလုပ်ငန်းစဉ်များကို လေ့လာ သောအခါ အသောကမင်းကြီးကဲ့သို့သော မင်းမြတ်တို့က နိုင်ငံတော်စည်းလုံး ညီညွတ်ရေးအတွက် **"စတုရာသီတိသဟဿာနိ နဂရာနိ ဇိယာ မုခါ... ဝိဟာရေ တေဟိ ကာရယိ"** ဟူသည့်အတိုင်း စေတီတော်ပေါင်း ရှစ်သောင်းလေးထောင် တည်ထားကိုးကွယ်ခြင်းဖြင့် ဓာတ်တော်မွေတော်များကို တစ်နိုင်ငံလုံးသို့ အကြီးအကျယ် ပြန်လည်ဖြန့်ဝေခဲ့ပါသည်။ ထို့အတူ ကနိသျှမင်းကြီးခေတ်တွင်လည်း မဟာယာနအယူ အဆများနှင့်အတူ ဓာတ်တော်ယုံကြည်မှုသည် အဆမတန် ကျယ်ပြန့်လာခဲ့သည်။ ထိုသမိုင်းဝင် အဖြစ်အပျက်များကြောင့်ပင် မျက်မှောက်ခေတ် အိန္ဒိယ ရှေးဟောင်းသုတေသန (ASI) မြေပြင်တူးဖော်မှုများ၌ **"သုဝဏ္ဏထူပံ ကာသိ၊ ရဇတထူပံ ကာသိ၊ မဏိထူပံ ကာသိ"** ဟူသည့်အတိုင်း ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားစသော ရတနာကြုတ်များဖြင့် သွားတော်နှင့် ဓာတ်တော် အမြောက်အများကို နေရာအနှံ့အပြား၌ တူးဖော်တွေ့ရှိရခြင်း ဖြစ်ပါသည်။

ဤသို့ ဓာတ်တော်များ အဆမတန် ပျံ့နှံ့များပြားလာခြင်းသည် ဘာသာရေး အစွဲအလမ်း သက်သက်မဟုတ်ဘဲ၊ နိုင်ငံရေးနှင့် သာသနာရေးအာဏာစက်တို့၏ သက်ရောက်မှုများကြောင့် ဖြစ်ကြောင်း ဤကျမ်းစာက မီးမောင်းထိုးပြထားပါသည်။ ထိုကဲ့သို့ ရိုးရာကျမ်းဂန်လာ စွယ်တော်လေးဆူ ကန့်သတ်ချက်နှင့် မျက်မှောက်ခေတ် ရှေးဟောင်းတူးဖော်မှုဆိုင်ရာ အထောက်အထားများအကြား ကွဲလွဲချက်များကို လေ့လာရာတွင် **"ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ"** ဟုဆိုအပ်သော ဓမ္မစကြာ ဒေသနာတော်နှင့်အညီ အစွန်းနှစ်ပါးကို ရှောင်ကြဉ်ပြီး မဇ္ဈိမပဋိပဒါ လမ်းစဉ်ဖြင့် ဟန်ချက်ညီညီ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ထားပါသည်။

တွေ့ရှိလာသော ရုပ်ဝတ္ထုများကို **"သန္ဒိဋ္ဌိကော ဓမ္မော အကာလိကော"** အရ မျက်မှောက်ခိုင်လုံသော အထောက်အထားများအဖြစ် တန်ဖိုးထားသကဲ့သို့၊ အခြားတစ်ဖက်တွင်လည်း **"မာ အနုဿဝေန... ယဒါ တုမှေ ဟေဝ ဇာနေယျာထ"** (တစ်ဆင့်ကြားရုံ၊ အစဉ်အဆက်မှတ်သားရုံမျှဖြင့် မယုံဘဲ ကိုယ်တိုင်လေ့လာခြင်း) နှင့် **"ဝီမံသိတဗ္ဗံ"** (စူးစမ်းစစ်ဆေးလေ့လာရမည်) ဟူသော ပညာရပ်ဆိုင်ရာ သုတေသန ကျင့်ဝတ်များကိုလည်း တိကျစွာ လိုက်နာကျင့်သုံးထားပါသည်။ ထို့ထက်ပို၍ "ဟိရိ ဩတ္တပ္ပဉ္စ၊ သဗ္ဗလောကံ ပါလေန္တိ သာဓုကံ" ဟူသည့်အတိုင်း ရိုးရာယုံကြည်မှု သဒ္ဓါတရားကို မပုတ်ခတ် မစော်ကားမိစေရန် ဟိရီဩတ္တပ္ပတရားကို

လက်ကိုင်ထားကာ ပညာရပ်ဆိုင်ရာ ရိုသေလေးစားမှုဖြင့် ရေးသားတင်ပြထားပါသည်။

အချုပ်အားဖြင့်ဆိုသော် **"အနိစ္စာ ဝတ သင်္ခါရာ"** (သင်္ခါရတရားတို့သည် အမှန်တကယ် မမြဲကြကုန်) ဟူသော တရားတော်အရ အရာခပ်သိမ်းသည် ပျက်စီးခြင်းသဘော ရှိသော်ငြားလည်း၊ မိလိန္ဒပဥှကျမ်းလာ **"တိဋ္ဌန္တေ ဝါ နိဗ္ဗုတေ ဝါ၊ သမေ စိတ္တေ သမံ ဖလံ"** (သက်တော်ထင်ရှားရှိစဉ်ဖြစ်စေ၊ ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်စေ စိတ်အကြည်ညိုတူမျှပါက အကျိုးတူမျှ၏) ဟူသော စကားရပ်နှင့်အညီ ဓာတ်တော်မွေတော်များသည် ဝေနေယျတို့အတွက် ကြီးမားသော ကျေးဇူးကို ယနေ့တိုင် ဆောင်ကြဉ်းလျက်ရှိပါသည်။ စာဖတ်သူများအနေဖြင့် ဤကျမ်းစာကို လေ့လာခြင်းအား ဖြင့် ဓာတ်တော်အရေအတွက်နှင့် ပတ်သက်သော သမိုင်းပြုစုမှုအပေါ် နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်ပုံများကို ပညာမျက်စိဖြင့် သုံးသပ်နိုင်ကာ၊ မှန်ကန်သော အထောက်အထားများအပေါ် အခြေခံ၍ **"ပီတိပါမောဇ္ဇဇာတော"** (ပီတိပါမောဇ္ဇ ဖြစ်လျက်) သဒ္ဓါတရား ပိုမိုတိုးပွား ခိုင်မာလာနိုင်ကြပါစေ။

နိဂုံးချုပ်အနေဖြင့် မြတ်စွာဘုရားရှင် နောက်ဆုံးမှာကြားတော်မူခဲ့သည့် **"ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"** (ပြုပြင်စီရင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ မမေ့မလျော့သော သတိဖြင့် အားထုတ်ကြကုန်လော့) ဟူသော မဟာဗောဓိ ဩဝါဒတော်ကို ဦးထိပ်ပန်ဆင်လျက်၊ **"ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ — အသောကမင်းကြီးမှ ကနိဿျှမင်းကြီးအထိ သာသနာရေး၊ နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ် လေ့လာချက်"** အမည်ရသော ဤသုတေသနကျမ်းကြီးကို မမေ့မလျော့သော လုံ့လဝီရိယ၊ စူးစမ်းလေ့လာမှုတို့ဖြင့် ရိုသေစွာ ကြိုးပမ်းပြုစု တင်ပြအပ်ပါသည်။

**ဘိက္ခု ဣန္ဒသောမ သိရိဒန္တမဟာပါလက**

(Venerable Dhammasami)

Ph.D. Candidate (Thesis)

ORCID: 0009-0000-0697-4760

Website: www.hswagata.com

# ပဏာမရှိခိုးနှင့် အစီရင်ခံစာဆိုတောင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ရောင်တော်ဖွင့် ဘုရားရှိခိုး

အရပ်မျက်နှာ အသီးသီး၌ ကိန်းဝပ်စံပယ်တော်မူကြကုန်သော သရီရဓာတ်တော်၊ မွေတော်၊ စွယ်တော်မြတ်များ၊ စေတီပုထိုးများနှင့်တကွ ကိုယ်စားတော် သရုပ်ပွားဆင်းတုတော် အားလုံးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏။ ဆဗ္ဗဏ္ဏရံသီ ရောင်ခြည်တော် ခြောက်သွယ်တို့ကို ကွန့်မြူးဖြာထွက်တော်မူလျက် ဝေနေယျသတ္တဝါတို့အား အလင်းရောင် ပေးသနားတော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်အား ကာယ၊ ဝစီ၊ မနောဟူသော ဒွါရသုံးပါးတို့ဖြင့် ကြည်ညိုစွာ ဦးခိုက်ပဏာမ ပြုပါ၏။

**အလှူရှင်၊ အစောင့်အရှောက်များနှင့် ဝေနေယျများအား မေတ္တာပို့သခြင်း**

ဤသုတေသနကျမ်းကြီးကို ပြုစုရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာမှ ပါဝင်ကူညီ ပံ့ပိုးပေးကြသော အလှူရှင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ သွားတော်မြတ်၊ ဓာတ်တော် မွေတော်မြတ်တို့ကို ကမ္ဘာအဆက်ဆက် စောင့်ကြပ်တော်မူကြကုန်သော ဓာတ်တော်စောင့်နတ်၊ စေတီစောင့်နတ်၊ သာသနာစောင့် နတ်မြတ်နတ်ကောင်း အပေါင်းတို့အား လည်းကောင်း၊ အနန္တစကြဝဠာ အနန္တသတ္တဝါ ဝေနေယျအပေါင်းတို့အား လည်းကောင်း အပ္ပမဏာ မေတ္တာဓာတ်ကို ပို့လွှတ်အပ်ပါသည်။ အားလုံးသော သတ္တဝါအပေါင်းတို့သည် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ဘေးရန်ကင်းကွာ ငြိမ်းချမ်းကြပါစေသတည်း။

**ဆုတောင်းနှင့် အစီရင်ခံပြုခြင်း**

ဘုရားတပည့်တော်သည် ဤ "ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ" ဆိုင်ရာ သုတေသနကျမ်းစာကို ပြုစုရေးသားရာတွင် လောကီရေးရာ အကျိုးစီးပွား၊ လာဘ်လာဘနှင့် ကျော်စောထင်ရှားမှု တစ်စုံတစ်ရာကိုမျှ မရည်ရွယ်ပါဘဲ၊ "ရဟန်းရှင်လူ အများပြည်သူ ဝေနေယျအပေါင်းတို့ သံသယကင်းရှင်းစွာဖြင့် သဒ္ဓါနှင့် ပညာ တွဲဖက်ကာ ကိုးကွယ်ပူဇော်နိုင်စေရေး" နှင့် "အနာဂတ် ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့

ခိုင်မြဲရေး" ဟူသော သန့်စင်ဖြူစင်သော စေတနာ၊ မှန်ကန်သော သစ္စာတရားတို့ဖြင့်သာ အားထုတ်ရေးသား ပြုစုခြင်း ဖြစ်ပါပေသည်။

ဤသို့ မှန်ကန်သော သစ္စာဝစီ၊ ဖြူစင်သော စေတနာတို့ကြောင့် ဤကျမ်းမြတ်ကြီးကို အစပျိုးသည်မှစ၍ အဆုံးတိုင် အောင်မြင်စွာ ပြီးစီးသည်အထိ ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာ၊ စိတ်နှလုံးနှင့် ကျမ်းပြုရာ ပတ်ဝန်းကျင် တစ်ဝိုက်တို့၌ အနှောင့်အယှက်၊ အန္တရာယ်၊ အတားအဆီး ဟူသမျှ အလုံးစုံ ကင်းစင်လွင့်ပျောက်ပါစေသတည်း။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် အပေါင်းနှင့်တကွ ဓာတ်တော်၊ မွေတော်၊ စွယ်တော်မြတ်တို့ကို စောင့်ကြပ်တော်မူကြသော အစောင့်အရှောက် ပုဂ္ဂိုလ်အပေါင်းတို့ကလည်း ဘက်စုံထောင့်စုံမှ ကူညီစောင့်မ မစတော်မူကြပါစေသတည်း။

ဤကျမ်းကြီးသည် သာသနာတော်အတွက် အကျိုးအများဆုံး ဖြစ်ထွန်းစေမည့်၊ သမိုင်းနှင့် ယုံကြည်မှုကို ဟန်ချက်ညီစွာ ပေါင်းကူးပေးနိုင်မည့် ဓမ္မရတနာ ကျမ်းတစ်ဆူအဖြစ် အတားအဆီးကင်းမဲ့စွာ အောင်မြင် အထမြောက် ပြီးစီးပါစေသတည်း။

**သာဓု ... သာဓု ... သာဓု**

**ဘိက္ခု ဓမ္မသာမိ သိရိဒန္တမဟာပါလက**

(Venerable Dhammasami)

Ph.D. Candidate (Thesis),M.A(Pali)

# ကျမ်းပြုသူ၏ အမှာစာ (Author's Preface)

ဗုဒ္ဓဓာတ်တော်များသည် အာရှတိုက်တစ်လွှားရှိ ဗုဒ္ဓဘာသာဝင်များအတွက် သမိုင်းဝင် အထွတ်အမြတ်ထားရာ အရာများသာမက၊ ယနေ့တိုင် အသက်ဝင် လှုပ်ရှားနေသော ယုံကြည်မှု သင်္ကေတများအဖြစ် ရပ်တည်လျက်ရှိပါသည်။ သို့ရာတွင် သုတေသီတစ်ဦး၊ ဓာတ်တော်ထိန်းသိမ်းရေး ပြတိုက်တာဝန်ခံတစ်ဦးအနေဖြင့် လက်တွေ့မြေပြင်တွင် ဓာတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ ကြီးမားသော ပညာရပ်ဆိုင်ရာ မေးခွန်းတစ်ခုနှင့် အမြဲရင်ဆိုင်ခဲ့ရပါသည်။ ထိုမေးခွန်းမှာ— ထေရဝါဒ ရိုးရာကျမ်းဂန်များက "စွယ်တော်လေးဆူ" သာရှိကြောင်း တင်းကျပ်စွာ ကန့်သတ်ထားသော်လည်း၊ မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိ ချက်များ၊ ကမ္ပည်းကျောက်စာများနှင့် သွာဂတ (Hswagata) ပြတိုက်၏ သိပ္ပံနည်းကျ စမ်းသပ်မှု မှတ်တမ်းများအရ ဓာတ်တော်အရေအတွက်သည် အဘယ်ကြောင့် အဆမတန် များပြားကျယ်ပြန့်နေသနည်း— ဆိုသည့် အချက်ပင် ဖြစ်ပါသည်။

ဤမေးခွန်းကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းရာမှ ဤ သုတေသနကျမ်းကြီး ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ သုတေသနကို စတင်ပြုစုစဉ်ကတည်းကပင် ရိုးရာ ယုံကြည်မှုသက်သက်ကိုသာ ကာကွယ်ရန် သို့မဟုတ် သိပ္ပံနည်းကျ အထောက်အထား များဖြင့် ဘာသာရေးကို ပုတ်ခတ်ရန် ဟူသော အစွန်းနှစ်ပါးစလုံးကို လုံးဝရှောင်ကြဉ်ခဲ့ ပါသည်။ ယင်းအစား ထေရဝါဒကျမ်းစာများ (မဟာပရိနိဗ္ဗာနသုတ်၊ ဒါဌာဝံသ) နှင့် အိန္ဒိယ ရှေးဟောင်းသုတေသနဌာန (ASI)၊ ဗြိတိသျှပြတိုက်၊ တရုတ်ခရီးသွား ရဟန်းတော်များ၏ မှတ်တမ်းများကို သမိုင်းပြုစုမှု သဘောတရား (Historiography) နှင့် နိုင်ငံရေးအာဏာစက် (Political patronage) ရှုထောင့်များမှ ဓမ္မဓိဋ္ဌာန်ကျကျ နှိုင်းယှဉ်သုံးသပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များအရ ဓာတ်တော်အရေအတွက် ကွာဟမှုသည် သမိုင်းအချက်အလက် အမှားအမှန် ပြဿနာသက်သက် မဟုတ်ကြောင်း ရှင်းလင်းစွာ သိမြင်လာရပါသည်။ အသောကမင်းကြီးနှင့် ကနိသျှမင်းကြီးတို့ကဲ့သို့သော အင်ပါယာ အရှင်သခင်များသည် ၎င်းတို့၏ နိုင်ငံရေးတရားဝင်မှု (Political legitimacy) ကို တည်ဆောက်ရန် ဓာတ်တော်များကို တစ်နိုင်ငံလုံးသို့ အကြီးအကျယ် ပြန်လည်ဖြန့်ဝေ ခဲ့ကြသည်။ တစ်ဖက်တွင်လည်း သီရိလင်္ကာရှိ မဟာဝိဟာရဂိုဏ်းကဲ့သို့သော အဖွဲ့အစည်းမျ ားက မိမိတို့၏ သာသနာရေးအာဏာကို ဗဟိုပြုရန် ဓာတ်တော်အရေအတွက်ကို လေးဆူတည်းဟူ၍

သမိုင်းပုံရိပ် ဖန်တီးတည်ဆောက်ခဲ့ကြသည် (Constructed historical image) ကို အထောက်အထား ခိုင်လုံစွာဖြင့် တွေ့ရှိခဲ့ရပါသည်။

ဤကျမ်းစာကို ပြုစုရာတွင် အခက်ခဲဆုံးနှင့် အနူးညံ့ဆုံး အပိုင်းမှာ ယုံကြည်မှုနှင့် သမိုင်းအမှန်တရားအကြား ဟန်ချက်ညီစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ပညာရပ်ဆိုင်ရာ ရိုးသားမှုနှင့်အတူ "ဟိရိဩတ္တပ္ပ" တရားကို အထူးလက်ကိုင်ထား၍ ရေးသားထားပါသည်။ ဤကျမ်းသည် ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များကို ဝေဖန်ဆန်းစစ်ထား သော်လည်း၊ ဓာတ်တော်များအပေါ် ထားရှိသော ဗုဒ္ဓဘာသာဝင်တို့၏ မွန်မြတ်သော သဒ္ဓါတရားကို မည်သည့်နည်းနှင့်မျှ ပစ်ပယ်ထားခြင်း မရှိပါ။ ရိုးရာစာပေနှင့် မြေပြင်သမိုင်းမှန်တို့၏ ကွဲလွဲချက်ကို "အပြန်အလှန် ဖြည့်ဆည်းမှု ရှုထောင့် (Perspective of Mutual Complementarity)" ဖြင့်သာ သဟဇာတဖြစ်အောင် ပေါင်းကူးပေး ထားပါသည်။

ဤသုတေသနကျမ်းသည် မြန်မာနိုင်ငံရှိ သံဃာတော်များ၊ သမိုင်းပညာရှင်များ၊ ပြတိုက်မှူးများနှင့် ဓာတ်တော်မွေတော်များကို ရိုသေမြတ်နိုးသူတိုင်းအတွက် ဓာတ်တော် သမိုင်းကို ပိုမိုကျယ်ပြန့်သော၊ အထောက်အထား ခိုင်လုံသော၊ အစွဲအလမ်းကင်းသော ပညာမျက်စိဖြင့် ရှုမြင်နိုင်ရန် လမ်းစဖွင့်ပေးနိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ သမိုင်းအမှန်တရားကို ရဲဝံ့စွာ လက်ခံခြင်းသည် ယုံကြည်မှုကို ပျက်စီးစေခြင်းမဟုတ်ဘဲ၊ ခိုင်မာသော သဒ္ဓါတရားကို ပိုမိုရှင်သန်စေမည့် အုတ်မြစ်ဖြစ်ကြောင်း ဤကျမ်းစာမှတစ်ဆင့် သက်သေပြအပ်ပါသည်။


**ဘိက္ခု ဣန္ဒသောမ သိရိဒန္တမဟာပါလက**

**(Venerable Dhammasami)**

Ph.D. Peace Studies (Thesis),M.A(Pali)

The Office of Siridantamahapalaka

The Hswagata Buddha Tooth Relics Preservation Private Museum.

**ORCID: 0009-0000-0697-4760**

**Website: www.hswagata.com**


**Sao Dhammasami @ Bhikkhu Indasoma Siridantamahapalaka is Specially trained in Buddhist archaeology and historical tracking of tooth relics through stūpa research registries; integrates archaeological charts, travel accounts, and museum records to support preservation for study and veneration.**

# ABSTRACT (သုတေသန အနှစ်ချုပ်)

ဗုဒ္ဓဓာတ်တော်များသည် ထေရဝါဒဗုဒ္ဓဘာသာတွင် အထွတ်အမြတ်ထားရာ ယုံကြည်မှုသင်္ကေတများဖြစ်သကဲ့သို့၊ သမိုင်းကြောင်းအရလည်း အရေးပါသော ရုပ်ဝတ္ထုအထောက်အထားများ ဖြစ်ကြသည်။ သို့ရာတွင် စွယ်တော်မြတ်အရေအတွက်နှင့် ပတ်သက်၍ ထေရဝါဒရိုးရာကျမ်းစာများလာ အဆိုအမိန့်များနှင့် မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိချက်များအကြား ပြင်းထန်သော ကွာဟချက်များ တည်ရှိနေသည်။ ဤကွာဟချက်သည် ဓာတ်တော်အရေအတွက်ကို သမိုင်းအမှန်တရား (historical fact) အဖြစ် သတ်မှတ်ရန်ထက် သာသနာရေးနှင့် နိုင်ငံရေးအာဏာတို့၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော သမိုင်းပြုစုမှု ပြဿနာ (historiographical problem) တစ်ရပ်အဖြစ် ညွှန်ပြနေသည်။

ဤသုတေသနသည် ဓာတ်တော်အရေအတွက် ကန့်သတ်ချက်များအပေါ် ဂိုဏ်းကွဲသမိုင်းပြုစုမှု (sectarian historiography) ၏ အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ အသောကမင်းကြီးမှ ကနိဿျှမင်းကြီးခေတ်အထိ နိုင်ငံရေးပံ့ပိုးမှု (political patronage) ၏ သက်ရောက်မှုများကို ဆန်းစစ်ရန်နှင့် ရိုးရာစာပေနှင့် ရှေးဟောင်းအထောက်အထားများကို နှိုင်းယှဉ်သုံးသပ်ရန် အဓိကရည်ရွယ်သည်။ သုတေသနဒီဇိုင်းအနေဖြင့် Qualitative Documentary Research ကို အသုံးပြုထားပြီး၊ မဟာပရိနိဗ္ဗာနသုတ်နှင့် ဒါဌာဝံသ စသောကျမ်းဂန်များကို အိန္ဒိယ ရှေးဟောင်းသုတေသနဌာန (ASI) မှတ်တမ်းများ၊ ဗြိတိသျှပြတိုက်နှင့် Hswagata ပြတိုက်တို့ရှိ ရုပ်ဝတ္ထုအထောက်အထားများနှင့် ဓမ္မဓိဋ္ဌာန်ကျကျ (objectively) နှိုင်းယှဉ်လေ့လာထားသည်။

လေ့လာတွေ့ရှိချက်များအရ ထေရဝါဒကျမ်းများက စွယ်တော်လေးဆူသာ ရှိကြောင်း တင်းကျပ်စွာ ကန့်သတ်ထားခြင်းသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်စဉ်ထက် သီရိလင်္ကာ မဟာဝိဟာရဂိုဏ်း၏ သာသနာရေးအာဏာကို ကာကွယ်ရန် တည်ဆောက်ထားသော သမိုင်းပုံရိပ် (constructed narrative) သာဖြစ်ကြောင်း တွေ့ရှိရသည်။ လက်တွေ့မြေပြင်တွင် အသောကမင်းကြီး၏ အင်ပါယာတည်ဆောက်ရေး မဟာဗျူဟာနှင့် ကနိဿျှမင်းကြီးခေတ် မဟာယာနအယူအဆများ ကျယ်ပြန့်လာမှုတို့ကြောင့် ဓာတ်တော်များကို

နိုင်ငံတော်အနှံ့ အဆမတန် ပွားများဖြန့်ဝေခဲ့သည်။ ကျောက်စာများ၊ တရုတ်ခရီးသွား ရဟန်းတော်များဖြစ်သော ဖာဟီယန်နှင့် ရွှင်ကျန်းတို့၏ မှတ်တမ်းများနှင့် ခေတ်သစ်ပြတိုက်များရှိ အထောက်အထားများက ဤကျယ်ပြန့်သော ဖြန့်ဝေမှုကို အတိအလင်း သက်သေပြလျက်ရှိသည်။

အချုပ်အားဖြင့် ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်သည် သီးခြားကင်းလွတ်နေသော သမိုင်းအချက်အလက် တစ်ခုမဟုတ်ဘဲ၊ ဂိုဏ်းအလိုက် အကျိုးစီးပွားနှင့် နိုင်ငံရေးအာဏာစက်တို့က ပုံဖော်တည်ဆောက်ခဲ့သော သမိုင်းပြုစုမှု၏ ရလဒ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ဤသုတေသနသည် ရိုးရာယုံကြည်မှုကို ပယ်ဖျက်ရန်မဟုတ်ဘဲ မျက်မှောက်ခေတ် ရုပ်ဝတ္ထုအထောက်အထားများကို အသုံးချကာ မြန်မာ့သာသနာရေး သမိုင်းပညာရပ်နယ်ပယ်အတွက် ဓမ္မဓိဋ္ဌာန်ကျသော ရှုထောင့်သစ်တစ်ရပ်ကို ခိုင်မာစွာ ဖြည့်ဆည်းပေးလိုက်ပါသည်။

**Keywords:** ဗုဒ္ဓဓာတ်တော်များ (Buddha Relics)၊ သမိုင်းပြုစုမှု (Historiography)၊ ရှေးဟောင်းသုတေသန အထောက်အထား (Archaeological Evidence)၊ နိုင်ငံရေးပံ့ပိုးမှု (Political Patronage)၊ ဂိုဏ်းကွဲသမိုင်း (Sectarian History)။

# ကျေးဇူးတင်လွှာ (ACKNOWLEDGEMENTS)

ဤသုတေသနကျမ်းကြီးကို အစမှအဆုံးတိုင် အောင်မြင်စွာ ပြုစုပြီးစီးနိုင်ရန် အတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော ကျေးဇူးရှင်အပေါင်းအား ဤစာမျက်နှာဖြင့် အထူးပင် ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

ဦးစွာပထမ ဘုရားတပည့်တော်အား ငယ်စဉ်မှစ၍ ပညာဗဟုသုတ အလင်းရောင် ပေးခဲ့ကြသော ဆရာသခင် အရှင်သူမြတ်အပေါင်းတို့နှင့်တကွ၊ မဟာချူလာလောင်ကွန် ◌းတက္ကသိုလ် (MCU)၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဝစန လေ့လာသင်ကြားရေး ကောလိပ် (IBSC) မှ ပညာရပ်ဆိုင်ရာ လမ်းညွှန်ပြသသင်ကြား ပေးခဲ့ကြသော ပါမောက္ခချုပ် ဆရာတော်နှင့် ကြီးကြပ်ရေးမှူး ဆရာတော်ကြီးများအားလုံးကို ရိုသေလေးမြတ်စွာ ဂါရဝပြု ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့်ကျမ်း၏ အဓိကအနှစ်သာရဖြစ်သော သမိုင်းပြုစုမှု (Historiography) ဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်များကို စနစ်တကျ ဖြစ်ပေါ်လာစေရန် တိုက်တွန်းလမ်းညွှန်ပေးခဲ့ကြသော ကျမ်းကြီးကြပ်ရေး ကော်မတီဝင်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤသုတေသန၏ အသက်သွေးကြောဖြစ်သော မြေပြင်ရုပ်ဝတ္ထုအထောက်အထားများ၊ ASI အစီရင်ခံစာများ၊ ဗြိတိသျှပြတိုက်နှင့် V&A ပြတိုက်တို့၏ မှတ်တမ်းဟောင်းများကို ရှာဖွေခွင့်၊ လေ့လာခွင့်ရရန် ကူညီပေးခဲ့ကြသော နိုင်ငံတကာမှ သုတေသီများနှင့် မိတ်ဆွေများအားလုံးကိုလည်း ကျေးဇူးမှတ်တမ်းတင်ပါသည်။ အထူးသဖြင့် မိမိတည်ထောင်ထားသော သွာဂတ (Hswagata) ဗုဒ္ဓစွယ်တော်မြတ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ပုဂ္ဂလိကပြတိုက် မှ ဝန်ထမ်းများ၊ ပညာရှင်များနှင့် သိပ္ပံနည်းကျ စမ်းသပ်မှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးခဲ့ကြသော အဖွဲ့အစည်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဤကျမ်းကြီးကို ပြုစုနေစဉ်အတွင်း စိတ်ဓာတ်ခွန်အားပေးခဲ့ကြသော၊ ရုပ်ပိုင်းဆိုင်ရာအရ ပံ့ပိုးပေးခဲ့ကြသော မိဘဆွေမျိုးများ၊ အနီးကပ် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အားလည်း ဤကျမ်းပြုရသော ကုသိုလ်ဝေစုကို အမျှပေးဝေအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် **"သဗ္ဗေသံ သုခိတတ္တာနော"** ဟူသော ဆန္ဒဖြင့် သုတေသီတစ်ဦး၏ ပညာရပ်ဆိုင်ရာ ရိုးသားမှုနှင့် သာသနာ့ဝန်ထမ်းရဟန်းငယ်

တစ်ပါး၏ သဒ္ဓါတရားတို့ကို ပေါင်းစပ်ကာ ဤကျမ်းကြီးကို ပြုစုခဲ့ပါသည်။ ဤကျမ်းကြီး အောင်မြင်စွာ ပြီးမြောက်ခြင်းသည် အထက်ပါ ကျေးဇူးရှင်အားလုံး၏ ဝိုင်းဝန်းကူညီမှုကြောင့်သာ ဖြစ်ပါကြောင်း ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါသည် ဘုရား။

**ဘိက္ခု ဓမ္မသာမိ သိရိဒန္တမဟာပါလက**

(Venerable Dhammasami)

Ph.D. Peace Studies (Thesis),M.A(Pali)

The Office of Siridantamahapalaka

The Hswagata Buddha Tooth Relics Preservation Private Museum.

"စဝ်ဓမ္မသာမိ (ခေါ်) ဘိက္ခုဓမ္မသာမ သိရိဒန္တမဟာပါလကသည် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းသုတေသနပညာနှင့် စေတီပုထိုးသုတေသန မှတ်ပုံတင်မှတ်တမ်းများ မှတစ်ဆင့် သွားတော်မြတ်များကို သမိုင်းကြောင်းခြေရာခံခြင်းဆိုင်ရာ ပညာရပ်တို့တွင် အထူးကျွမ်းကျင်သူ ဖြစ်သည်။ ၎င်းသည် ရှေးဟောင်းသုတေသနပြဇယားများ၊ ခရီးသွားမှတ်တမ်းများနှင့် ပြတိုက်မော်ကွန်းတိုက်များကို ပေါင်းစပ်အသုံးပြု၍ သွားတော်မြတ်များကို လေ့လာသင်ယူရန်နှင့် ကြည်ညိုသဗ္ဗာယ်စွာ ကိုးကွယ်ပူဇော်နိုင်ရန် အတွက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။"

# PART I: LIST OF ABBREVIATIONS (အတိုကောက်စကားလုံးများ)

## ၁။ ကျမ်းစာနှင့် အဖွဲ့အစည်းဆိုင်ရာ အတိုကောက်များ

1. **ASI**: Archaeological Survey of India (အိန္ဒိယ ရှေးဟောင်းသုတေသနဌာန)
2. **BM**: British Museum (ဗြိတိသျှ ပြတိုက်)
3. **V&A**: Victoria and Albert Museum (ဗစ်တိုးရီးယားနှင့် အဲလ်ဘတ် ပြတိုက်)
4. **MCU**: Mahachulalongkornrajavidyalaya University (မဟာချူလာလောင်ကွန်းတက္ကသိုလ်)
5. **IBSC**: International Buddhist Studies College (အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာလေ့လာရေး ကောလိပ်)
6. **Vin**: Vinaya Piṭaka (ဝိနည်းပိဋကတ်)
7. **D**: Dīgha Nikāya (ဒီဃနိကာယ်)
8. **M**: Majjhima Nikāya (မဇ္ဈိမနိကာယ်)
9. **S**: Saṃyutta Nikāya (သံယုတ္တနိကာယ်)
10. **A**: Aṅguttara Nikāya (အင်္ဂုတ္တရနိကာယ်)
11. **Dhp**: Dhammapada (ဓမ္မပဒ)
12. **Mhv**: Mahāvaṃsa (မဟာဝံသကျမ်း)
13. **Dpv**: Dīpavaṃsa (ဒီပဝံသကျမ်း)
14. **Dav**: Dāṭhāvaṃsa (ဒါဌာဝံသကျမ်း - စွယ်တော်သမိုင်း)
15. **Divy**: Divyāvadāna (ဒိဗျာဝဒါနကျမ်း - မြောက်ပိုင်းသက္ကတဗုဒ္ဓကျမ်း)
16. **SDGs**: Sustainable Development Goals (စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ)
17. **UNESCO**: United Nations Educational, Scientific and Cultural Organization (ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့)
18. **C-14**: Carbon-14 Dating (ကာဗွန်-၁၄ သက်တမ်းတွက်ချက်ခြင်း နည်းပညာ)
19. **DNA**: Deoxyribonucleic Acid (မျိုးဗီဇ စစ်ဆေးခြင်း နည်းပညာ)
20. **ORCID**: Open Researcher and Contributor ID (သုတေသီ မှတ်ပုံတင်နံပါတ်

# PART II: GLOSSARY OF KEY TERMS (အဓိကဝေါဟာရများ)

## ၂။ သုတေသနနှင့် သမိုင်းပြုစုမှုဆိုင်ရာ ဝေါဟာရများ (Historiography & Research)

21. **Historiography**: သမိုင်းပြုစုမှု ပညာ (သမိုင်းကို မည်သို့ ရေးသားပြုစုခဲ့သည်ကို လေ့လာသောပညာ)။

22. **Sectarian Historiography**: ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (မိမိဂိုဏ်း၏ အကျိုးစီးပွားကို ရှေ့တန်းတင် ရေးသားသောသမိုင်း)။

23. **Constructed Narrative**: တည်ဆောက်ထားသော သမိုင်းပုံရိပ် (အမှန်တရားထက် ရည်ရွယ်ချက်တစ်ခုခုဖြင့် ဖန်တီးထားသော အကြောင်းအရာ)။

24. **Political Patronage**: နိုင်ငံရေးပံ့ပိုးမှု (ဘုရင် သို့မဟုတ် အစိုးရက ဘာသာရေးအပေါ် ပံ့ပိုးကူညီမှု)။

25. **Political Legitimacy**: နိုင်ငံရေးတရားဝင်မှု (အုပ်ချုပ်သူတစ်ဦးက မိမိအာဏာကို ဘာသာရေးအရ တရားဝင်အောင် ပြုလုပ်ခြင်း)။

26. **Qualitative Research**: အရည်အသွေးအခြေပြု သုတေသန (စာပေနှင့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသော သုတေသန)။

27. **Documentary Research**: စာပေမှတ်တမ်းအခြေပြု သုတေသန။

28. **Multiple-Case Study**: အမှုတွဲအများအပြားကို နှိုင်းယှဉ်လေ့လာသည့် စနစ်။

29. **Thematic Analysis**: အကြောင်းအရာအလိုက် အမျိုးအစားခွဲခြား ဆန်းစစ်ခြင်း။

30. **Critical Analysis**: ဝေဖန်ဆန်းစစ်ချက် (အရှိကို အရှိအတိုင်း အထောက်အထားဖြင့် စူးစမ်းခြင်း)။

31. **Objectivity**: ဓမ္မဓိဋ္ဌာန်ကျမှု (ကိုယ်ရေးကိုယ်တာ အယူအဆမပါဘဲ အမှန်တရားအတိုင်း ဖြစ်ခြင်း)။

32. **Subjectivity**: ပုဂ္ဂလဓိဋ္ဌာန်ကျမှု (ကိုယ်ပိုင်ခံစားချက် သို့မဟုတ် အမြင်အပေါ် အခြေခံခြင်း)။

33. **Primary Source**: မူလရင်းမြစ် (မျက်မြင်သက်သေ သို့မဟုတ် ခေတ်ပြိုင်မှတ်တမ်း)။

34. **Secondary Source**: ဒုတိယရင်းမြစ် (မူလရင်းမြစ်ကို ပြန်လည်ကိုးကား ရေးသားသောကျမ်း)။

35. **Selective Omission**: ရွေးချယ်ချန်လှပ်ထားခြင်း (မိမိနှင့်မကိုက်ညီသော အချက်များကို တမင်ဖြုတ်ထားခြင်း)။

36. **Mutual Complementarity**: အပြန်အလှန် ဖြည့်ဆည်းပေးမှု (ကွဲလွဲချက်များကို ပေါင်းစပ်ညှိနှိုင်းမှု)။

37. **Triangulation**: ရှုထောင့်ပေါင်းစုံမှ အတည်ပြုခြင်း။

38. **Conceptual Framework**: သုတေသန၏ သီအိုရီပိုင်းဆိုင်ရာ မူဘောင်။

39. **Methodology**: သုတေသန နည်းစနစ်ပညာ။

40. **Literature Review**: သုတေသနနှင့် ပတ်သက်သော ယခင်စာပေများကို ပြန်လည်သုံးသပ်ခြင်း။

## ၃။ ဓာတ်တော်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ ဝေါဟာရများ (Relics & Archaeology)

41. **Dhātu**: ဓာတ်တော် (ဗုဒ္ဓ သို့မဟုတ် အရဟတ္တဖိုလ်ရ ပုဂ္ဂိုလ်တို့၏ ရုပ်ကြွင်း)။

42. **Tooth Relic**: စွယ်တော်မြတ် (သွားဓာတ်တော်)။

43. **Sārīrika-Dhātu**: သရီရဓာတ်တော် (ကိုယ်ခန္ဓာအစိတ်အပိုင်း ဓာတ်တော်)။

44. **Uddissa-Dhātu**: ဥဒ္ဒိဿဓာတ်တော် (ဗုဒ္ဓကို ရည်မှန်း၍ ပြုလုပ်ထားသော ရုပ်ပွားတော်များ)။

45. **Paribhogha-Dhātu**: ပရိဘောဂဓာတ်တော် (ဗုဒ္ဓအသုံးပြုခဲ့သော အသုံးအဆောင်များ)။

46. **Provenance**: မူလဇစ်မြစ် (ဓာတ်တော်တစ်ဆူသည် မည်သည့်နေရာမှ စတင်လာသည်ဟူသော မှတ်တမ်း)။

47. **Reliquary**: ဓာတ်တော်ကြုတ် (ဓာတ်တော်များကို ထည့်သွင်းသော ရတနာကြုတ်)။

48. **Casket**: ဓာတ်တော်တလား သို့မဟုတ် သေတ္တာ။

49. **Stūpa**: စေတီ (ဓာတ်တော်များ ဌာပနာရာ အဆောက်အအုံ)။

50. **Enshrinement**: ဌာပနာခြင်း (ဓာတ်တော်များကို စေတီအတွင်း ဂါရဝပြု မြှုပ်နှံခြင်း)။

51. **Excavation**: မြေပြင်တူးဖော်မှု (ရှေးဟောင်းပစ္စည်းများကို သိပ္ပံနည်းကျ တူးဖော်ခြင်း)။

52. **Epigraphy**: ကမ္ပည်းကျောက်စာ ပညာ။

53. **Inscription**: ကျောက်စာ သို့မဟုတ် ကမ္ပည်းစာ။

54. **Numismatics**: ဒင်္ဂါးပြားနှင့် အကြွေစေ့ လေ့လာရေးပညာ။

55. **Authenticity**: စစ်မှန်မှု (အတုမဟုတ်ဘဲ အစစ်အမှန်ဖြစ်ကြောင်း သက်သေပြချက်)။

56. **Material Culture**: ရုပ်ဝတ္ထုယဉ်ကျေးမှု (ရှေးဟောင်းရုပ်ဝတ္ထုများမှတစ်ဆင့် လူနေမှုစနစ်ကို လေ့လာခြင်း)။

57. **Stratigraphy**: မြေလွှာနိယာမ (တူးဖော်ရာတွင် မြေလွှာအနက်အလိုက် သက်တမ်းသတ်မှတ်ခြင်း)။

58. **Relic Veneration**: ဓာတ်တော်ကိုးကွယ်မှု ဓလေ့။

59. **Sacred Artifacts**: အထွတ်အမြတ်ထားရာ ရှေးဟောင်းပစ္စည်းများ။

60. **Heritage Preservation**: ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး။

## ၄။ ပညာရပ်ဆိုင်ရာနှင့် သိပ္ပံနည်းကျ ဝေါဟာရများ (Academic & Scientific)

61. **Museology**: ပြတိုက်ပညာ (ပြတိုက်များကို စနစ်တကျ စီမံခန့်ခွဲသောပညာ)။

62. **Curation**: ပြတိုက်ပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်း ပြသခြင်း။

63. **Conservation**: မပျက်စီးအောင် ထိန်းသိမ်းခြင်း။

64. **Morphology**: ပုံသဏ္ဍာန်လေ့လာမှု ပညာ။

65. **Dental Morphology**: သွား၏ ပုံသဏ္ဍာန်ကို လေ့လာသောပညာ။

66. **Carbon Dating**: ရေဒီယိုသတ္တိကြွ ကာဗွန်ဖြင့် သက်တမ်းတွက်ချက်ခြင်း။

67. **Archival Records**: မော်ကွန်းတိုက် မှတ်တမ်းများ။

68. **Acquisition Records**: ပြတိုက်သို့ ပစ္စည်းများ ရောက်ရှိလာမှု မှတ်တမ်း။

69. **Ethics**: ကျင့်ဝတ် (သုတေသနတွင် လိုက်နာရမည့် စည်းကမ်း)။

70. **Academic Integrity**: ပညာရပ်ဆိုင်ရာ ရိုးသားမှု။

71. **Peer Review**: ပညာရှင်အချင်းချင်း ပြန်လည်စစ်ဆေးမှု။

72. **Citing**: ကိုးကားခြင်း။

73. **Bibliography**: ကျမ်းကိုးစာရင်း။

74. **Appendix**: နောက်ဆက်တွဲ။

75. **Glossary**: ဝေါဟာရ အဖွင့်စာရင်း။

## ၇။ ဘာသာရေးနှင့် သီအိုရီပိုင်းဆိုင်ရာ ဝေါဟာရများ (Religious & Theoretical)

76. **Theravāda**: ထေရဝါဒ (မူလဗုဒ္ဓဝါဒကို ထိန်းသိမ်းသော ဂိုဏ်း)။

77. **Mahāyāna**: မဟာယာန (မြောက်ပိုင်း ဗုဒ္ဓဘာသာဂိုဏ်း)။

78. **Nikāya**: နိကာယ (ဗုဒ္ဓ၏ တရားဒေသနာ အစုအဝေး)။

79. **Vinaya**: ဝိနည်း (ရဟန်းတော်များ လိုက်နာရမည့် စည်းကမ်း)။

80. **Parinibbāna**: ပရိနိဗ္ဗာန်စံခြင်း။

81. **Living Presence**: အသက်ဝင်နေဆဲဖြစ်တည်မှု (ဓာတ်တော်ကို ဘုရားရှင်နှင့် ထပ်တူထားခြင်း)။

82. **Faith (Saddhā)**: သဒ္ဓါတရား (ယုံကြည်မှု)။

83. **Wisdom (Paññā)**: ပညာ (သိမြင်နားလည်မှု)။

84. **Hiri-Ottappa**: ဟိရီဩတ္တပ္ပ (အရှက်အကြောက်တရား)။

85. **Sect**: ဂိုဏ်းဂဏ။

86. **Redistribution**: ပြန်လည်ဖြန့်ဝေခြင်း (အသောကမင်းကြီး ဓာတ်တော်များ ဖြန့်ဝေပုံ)။

87. **Institutional Practice**: အဖွဲ့အစည်းဆိုင်ရာ ကျင့်ထုံးများ။

88. **Clergy**: သံဃာတော်များ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းဝင်များ။

89. **Pilgrimage**: ဘုရားဖူးခရီးစဉ်။

90. **Hagiography**: သူတော်စင်တို့၏ ဘဝသမိုင်းကို ယုံကြည်မှုဖြင့် ရေးသားခြင်း။

## ၆။ ဒေသနှင့် ခေတ်ကာလဆိုင်ရာ ဝေါဟာရများ (Regional & Temporal)

91. **Mauryan Empire**: မောရိယ အင်ပါယာ (အသောကမင်းကြီးခေတ်)။

92. **Kushan Empire**: ကုရှာဏ အင်ပါယာ (ကနိသျှမင်းကြီးခေတ်)။

93. **Gandhara**: ဂန္ဓာရ (ရှေးဟောင်းဗုဒ္ဓဘာသာ ယဉ်ကျေးမှုထွန်းကားရာ ဒေသ)။

94. **Kalinga**: ကလိင်္ဂ (စွယ်တော်မြတ် ကိန်းဝပ်ခဲ့ရာ ရှေးဟောင်းဒေသ)။

95. **Magadha**: မဂဓတိုင်း။

96. **Colonial Era**: ကိုလိုနီခေတ်။

97. **BCE**: Before Common Era (ခရစ်တော်မပေါ်မီ ကာလ)။

98. **CE**: Common Era (ခရစ်သက္ကရာဇ်)။

99. **Historical Context**: သမိုင်းကြောင်းဆိုင်ရာ နောက်ခံအကြောင်းတရား။
100. **Syncretism**: ဘာသာရေးနှင့် ယဉ်ကျေးမှုများ ရောနှောပေါင်းစပ်ခြင်း။

BIOGRAPHY AND PUBLICATION RECORDS ........ 1

**Copyright © 2026 by Venerable Dhammasami (Sao Dhammasami @ Bhikkhu Indasoma Siridantamahāpālaka) ........ 3**

**ဥပယောဇဉ် (ကျမ်းဦးအမှာစာ) ........ 4**

**ပဏာမရှိခိုးနှင့် အဓိဋ္ဌာန်ဆုတောင်း ........ 7**

**ကျမ်းပြုသူ၏ အမှာစာ (Author's Preface) ........ 9**

**ကျေးဇူးတင်လွှာ (ACKNOWLEDGEMENTS) ........ 13**

**PART I: LIST OF ABBREVIATIONS (အတိုကောက်စကားလုံးများ) ........ 15**

  ၁။ ကျမ်းစာနှင့် အဖွဲ့အစည်းဆိုင်ရာ အတိုကောက်များ ........ 15

PART II: GLOSSARY OF KEY TERMS (အဓိကဝေါဟာရများ) ........ 16

  ၂။ သုတေသနနှင့် သမိုင်းပြုစုမှုဆိုင်ရာ ဝေါဟာရများ (Historiography & Research) ........ 16

  ၃။ ဓာတ်တော်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ ဝေါဟာရများ (Relics & Archaeology) ........ 17

  ၄။ ပညာရပ်ဆိုင်ရာနှင့် သိပ္ပံနည်းကျ ဝေါဟာရများ (Academic & Scientific) ........ 18

  ၅။ ဘာသာရေးနှင့် သီအိုရီပိုင်းဆိုင်ရာ ဝေါဟာရများ (Religious & Theoretical) ........ 19

  ၆။ ဒေသနှင့် ခေတ်ကာလဆိုင်ရာ ဝေါဟာရများ (Regional & Temporal) ........ 19

**CHAPTER I ........ 26**

**INTRODUCTION ........ 26**

  1.1 Title of the Research ........ 26

  1.2 Background and Significance of the Problems ........ 26

  1.3 Research Questions ........ 42

  1.4 Objectives of the Research ........ 43

  1.5 Scope of the Research ........ 43

  1.6 Research Hypotheses ........ 44

  1.7 Definitions of Terms ........ 44

  1.8 Literature Reviews ........ 48

  1.9 Conceptual Framework ........ 51

  1.10 Research Methodology ........ 53

  1.11 Expected Benefits ........ 54

    1.11.1 ပညာရပ်ဆိုင်ရာ အကျိုးကျေးဇူး (Academic Benefits) ........ 54

    1.11.2 လက်တွေ့အသုံးချမှုဆိုင်ရာ အကျိုးကျေးဇူး (Practical Benefits) ........ 55

    1.11.3 မူဝါဒပိုင်းဆိုင်ရာ အကျိုးကျေးဇူး (Policy Benefits) ........ 55

**CHAPTER II ........ 57**

**REVIEW OF RELATED LITERATURE AND RESEARCH WORKS ........ 57**

  2.1 Concepts and Theories ........ 57

2.1.1 The Concept of Sectarian Historiography in Relic Narratives (ဂိုဏ်းကွဲသမိုင်းနှင့် သမိုင်းပြုစုမှု သဘောတရား) ... 57
2.1.2 The Concept of Political Patronage in Relic Distribution (နိုင်ငံရေးသြဇာလွှမ်းမိုးမှုနှင့် ဓာတ်တော်ဖြန့်ကြက်မှု သဘောတရား) ... 67
2.1.3 The Archaeological Perspective on Relic Authenticity (ရှေးဟောင်းသုတေသန ရှုထောင့်မှ ဓာတ်တော်များ၏ တရားဝင်မှု သဘောတရား) ... 69
2.1.4 Concepts of Heritage Preservation and Museology ... 75
2.2 Review of Related Research Works (ဆက်စပ်သုတေသနစာတမ်းများ သုံးသပ်ချက်) ... 79
2.2.1 Studies on Traditional Narratives (ရိုးရာမှတ်တမ်းနှင့် ယုံကြည်မှုဆိုင်ရာ လေ့လာချက်များ) ... 80
2.2.2 Studies on Archaeological Discoveries (ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိချက်များအပေါ် လေ့လာချက်များ) ... 86
2.2.3 Explicit Research Gap (တိကျသော သုတေသနကွက်လပ်) ... 91
2.3 Conclusion (အခန်း ၂ နိဂုံးချုပ်) ... 95
**CHAPTER III**
**RESEARCH METHODOLOGY ... 99**
3.1 Research Design ... 99
3.2 Data Sources ... 102
3.2.1 Primary Sources ... 103
3.2.2 Secondary Sources ... 106
3.3 Data Collection Procedure ... 108
3.4 Data Analysis ... 111
3.4.1 Coding Framework ... 112
3.4.2 Analytical Procedures ... 113
3.5 Ethical Considerations ... 115
3.6 Research Action Plan ... 117
Phase 1: Proposal Development and Framework Design (Months 1-2) ... 117
Phase 2: Data Collection and Documentary Extraction (Months 3-5) ... 118
Phase 3: Qualitative Data Analysis and Synthesis (Months 6-8) ... 118
Phase 4: Drafting the Dissertation (Months 9-10) ... 119
Phase 5: Review, Revision, and Final Defense (Months 11-12) ... 119
3.7 Conclusion ... 119
**CHAPTER IV ... 121**
**RESULTS AND ANALYSIS ... 121**
4.1 Introduction ... 121
4.2 Stupa Excavation Evidence ... 123
4.2.1 The Doctrinal Construction of the "Four Tooth Relics" Limit ... 128
4.2.2 Archaeological Evidence of Relic Multiplicity (ASI Findings) ... 128

4.3 Inscriptional Analysis ........ 129
4.3.1 Ashoka's Redistribution and State-Building Strategy ........ 131
4.3.2 King Kanishka and the Gandharan Relic Expansion ........ 132
4.4 Regional Variation ........ 132
4.4.1 The Documentation of Multiple Tooth Relics in Northern India ........ 135
4.4.2 Epigraphical Validation of Relic Authenticity ........ 135
4.5 Contradictions: Textual Claims vs. Archaeological Evidence ........ 136
Table 1: Claim vs. Evidence Matrix on Buddha Relics ........ 137
4.6 Discussion (Critical Analysis) ........ 139
4.6.1 The Phenomenological Reality of Relic Multiplication in Contemporary Practice (မျက်မှောက်ခေတ် လက်တွေ့ကျင့်သုံးမှုတွင် တွေ့ရှိရသော ဓာတ်တော်များ ပွားများခြင်း၏ ဖြစ်တည်မှု အတွေ့အကြုံများ) ........ 142
4.7 Conclusion ........ 144
**CHAPTER V ........ 146**
**CONCLUSIONS, DISCUSSIONS OF THE RESEARCH RESULTS, AND RECOMMENDATIONS ........ 146**
5.1 Introduction ........ 146
5.2 Summary of Key Findings ........ 147
(၁) ဓာတ်တော်အရေအတွက်သည် တိကျသေချာသော သမိုင်းအချက်အလက် မဟုတ်ခြင်း: ........ 149
(၂) သာသနာရေးနှင့် နိုင်ငံရေးအာဏာ၏ သက်ရောက်မှု: ........ 149
(၃) Archaeological Evidence မှ ထောက်ပြသော Multiplicity: ........ 149
(၄) Sectarian Historiography ၏ အရေးပါမှု: ........ 150
5.3 Discussion of the Results ........ 151
5.3.1 Relics as Instruments of Power (အာဏာတည်ဆောက်ရေး ယန္တရားများအဖြစ် ဓာတ်တော်များကို အသုံးပြုခြင်း) ........ 151
5.3.2 The Problem of Authenticity (စစ်မှန်မှုဆိုင်ရာ ပြဿနာ) ........ 151
5.3.3 Historiography as Construction (သမိုင်းပြုစုခြင်းသည် ဖန်တီးတည်ဆောက်မှု တစ်ရပ် ဖြစ်ခြင်း) ........ 152
5.4 Implications of the Study ........ 152
**CHAPTER V ........ 153**
**CONCLUSIONS, DISCUSSIONS OF THE RESEARCH RESULTS, AND RECOMMENDATIONS ........ 153**
5.1 Conclusions ........ 153
5.2 Discussions of the Research Results ........ 154
5.3 Recommendations ........ 156
5.3.1 Policy Recommendations ........ 156
5.3.2 Recommendations for Implementing the Research Results ........ 156
5.3.3 Recommendations for Further Research ........ 157
5.4 Recommendations for Future Research ........ 157

5.4.1 Future Research (အနာဂတ် သုတေသနများအတွက် အကြံပြုချက်).. 157
5.5 Contributions to the Academic Field (ပညာရပ်နယ်ပယ်သို့ ဖြည့်ဆည်းပေးနိုင်မှု)....158
5.6 Conclusion....159
**APPENDICES (နောက်ဆက်တွဲများ)....160**
**Appendix A:....160**
**ဓာတ်တော်များ၏ မူလဇစ်မြစ်နှင့် သိပ္ပံနည်းကျ စစ်ဆေးမှုမှတ်တမ်းများ (Scientific Validation & Provenance Records)....160**
**Appendix B: ရှေးဟောင်းသုတေသနဆိုင်ရာ နှိုင်းယှဉ်ချက်ဇယားများ (Archaeological Comparison Matrices)....161**
Table B1: စွယ်တော်မြတ် တည်ရှိမှု နှိုင်းယှဉ်ချက် (Texts vs. Archaeology)....161
**Appendix C: ဓာတ်တော်ထိန်းသိမ်းမှုဆိုင်ရာ စီမံခန့်ခွဲမှု မော်ဒယ်များ (Institutional & Peace Indicators)....162**
**BIBLIOGRAPHY....163**
**1. Primary Sources (မူလရင်းမြစ်များ)....163**
1.1 Pāḷi Canon & Ancient Texts (ပါဠိတော်နှင့် ရှေးဟောင်းကျမ်းစာများ)....163
1.2 Archaeological & Museum Records (ရှေးဟောင်းသုတေသနနှင့် ပြတိုက်မှတ်တမ်းများ).... 163
**2. Secondary Sources (ဒုတိယရင်းမြစ်များ)....164**
2.1 Books & Monographs (စာအုပ်များနှင့် သုတေသနကျမ်းများ)....164
2.2 Journals & Articles (ဂျာနယ်နှင့် ဆောင်းပါးများ)....165
2.3 Academic Manuals (ပညာရပ်ဆိုင်ရာ လမ်းညွှန်များ)....165
**ADDITIONAL GLOSSARY OF KEY TERMS....165**
၁။ သမိုင်းပြုစုမှုနှင့် သီအိုရီဆိုင်ရာ ထပ်တိုးဝေါဟာရများ....165
၂။ ရှေးဟောင်းသုတေသနနှင့် နည်းပညာဆိုင်ရာ ထပ်တိုးဝေါဟာရများ....166
၃။ ပြတိုက်ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရများ....166
၄။ ကျမ်းစာလာနှင့် ဘာသာရေးဆိုင်ရာ ထပ်တိုးဝေါဟာရများ.... 167
၅။ အထွေထွေနှင့် ပညာရပ်ဆိုင်ရာ ပေါင်းစပ်ဝေါဟာရများ.... 167
**ကျမ်းပြီးဆုတောင်း၊ ဝန်ခံကန်တော့လွှာ နှင့် မဟာအမျှဝေစာ.... 168**
မြတ်စွာဘုရားအား ဝန်ခံတောင်းပန်ကန်တော့ခြင်း....168
ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော အရိယာသူမြတ်များအား ရည်မှန်းပူဇော်ခြင်း.... 168
ထိန်းသိမ်းစောင့်ရှောက်သူ၏ ခံယူချက်နှင့် အဓိဋ္ဌာန်ပြုခြင်း.... 168
မဟာမေတ္တာ အမျှဝေစာ....169
(၁) သမိုင်းခေတ် အလှူရှင်၊ ဒါယကာ မင်း၊ မိဖုရားများနှင့် သာသနာပြု ပုဂ္ဂိုလ်ကြီးများ -.. 169
(၂) နိုင်ငံအသီးသီးရှိ ရှေးဟောင်း စေတီတော်များကို စောင့်ရှောက်ကြကုန်သော နတ်မြတ်နတ်ကောင်းများ -....169
(၃) မြေအောက်မှ ဓာတ်တော်များကို ဖော်ထုတ်ခဲ့ကြသော ရှေးဟောင်း သုတေသန ပညာရှင်ကြီးများ -....169
(၄) ခေတ်သစ် သုတေသန စာတမ်းရှင်များနှင့် ပညာရှင်များ -.... 169
(၅) စောင့်ရှောက်ရာ လောကပါလ နတ်၊ ဗြဟ္မာများနှင့် အကြီးအကဲများ -.... 169
(၆) လောကီဝိဇ္ဇာ၊ တာနောယက နှင့် နဂါး၊ ဂဠုန်၊ ဂန္ဓဗ္ဗ အပေါင်း -....170
(၇) ကျေးဇူးရှင်များနှင့် သတ္တဝါအနန္တ (၃၁ ဘုံ) -.... 170

**သာဓု... သာဓု... သာဓု။...................................................................................... 170**
**Books by the Author (ကျမ်းပြုဆရာတော်၏ အခြားသော ဓမ္မဒါနကျမ်းစာများ)......171**

# CHAPTER I

# INTRODUCTION

## 1.1 Title of the Research

**English Title:**

**The Problem of the Number and Historiography of Buddha Relics: A Comparative Study of the Impacts of Religious, Political, and Sectarian History from King Ashoka to King Kanishka.**

**Myanmar Title:**

**ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ — အသောကမင်းကြီးမှ ကနိဿျမင်းကြီးအထိ သာသနာရေး၊ နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ် လေ့လာချက်။**

## 1.2 Background and Significance of the Problems

ဗုဒ္ဓဓာတ်တော်များသည် အာရှတိုက်တစ်လွှားရှိ ဗုဒ္ဓဘာသာဝင်များအတွက် သမိုင်းဝင် အထွတ်အမြတ်ထားရာ အရာများသာမက နိုင်ငံရေးတရားဝင်မှု (political legitimacy) နှင့် သာသနာရေးအာဏာ (religious authority) တို့ကိုပါ ခိုင်မာစေသော အသက်ဝင်နေသည့် သင်္ကေတများအဖြစ် ရပ်တည်လျက်ရှိသည်။ သမိုင်းကြောင်းအရ ဓာတ်တော်များကို ပိုင်ဆိုင်ခြင်းသည် ဘုရင်များအတွက် နိုင်ငံတော်ကို စည်းလုံးစေသည့် အဓိကအုတ်မြစ်ဖြစ်ခဲ့သည်။[1] သို့ရာတွင် ဓာတ်တော်များ၏ အရေအတွက်၊ အထူးသဖြင့် စွယ်တော်မြတ်များ (Tooth Relics) ၏ အရေအတွက်နှင့် ပတ်သက်၍ ထေရဝါဒရိုးရာ ယုံကြည်မှုမှတ်တမ်းများနှင့် မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန အထောက်အထား များအကြား ပြင်းထန်သော ကွာဟချက်များ ရှိနေသည်။ ဤကွာဟချက်များသည်

[1] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 12.

ဓာတ်တော်အရေအတွက်ကို သမိုင်းအမှန်တရား (historical fact) အဖြစ် သတ်မှတ်ရန်ထက် ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (sectarian historiography) နှင့် နိုင်ငံရေးပံ့ပိုးမှု (political patronage) တို့၏ ထုတ်ကုန်အဖြစ် ဝေဖန်သုံးသပ်ရန် လိုအပ်ကြောင်း ပြသနေသည်။[2]

ထေရဝါဒ သမိုင်းပြုစုမှုများတွင် ဗုဒ္ဓ၏ စွယ်တော်မြတ် အရေအတွက်ကို တိကျစွာ ကန့်သတ်ဖော်ပြထားသည်။ မဟာပရိနိဗ္ဗာနသုတ်နှင့် ဒါဌာဝံသကျမ်းတို့အရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် စွယ်တော်လေးဆူသာ ကြွင်းကျန်ရစ်ခဲ့ပြီး၊ လူ့ပြည်တွင် နှစ်ဆူ (သီဟိုဠ်နှင့် ကလိင်္ဂတိုင်း)၊ နတ်ပြည်နှင့် နဂါးပြည်တို့တွင် နှစ်ဆူသာ တည်ရှိသည်ဟု အခိုင်အမာ ပြဋ္ဌာန်းထားသည်။[3] ဤကန့်သတ်ချက်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ရှိ မဟာဝိဟာရဂိုဏ်း၏ သာသနာရေးအာဏာကို ဗဟိုပြုရန်နှင့် ၎င်းတို့ပိုင်ဆိုင်သောစွယ်တော် မြတ် ၏ သီးသန့်ဖြစ်တည်မှု (exclusivity) ကို ကာကွယ်ရန် တည်ဆောက်ထားသော သမိုင်းပုံရိပ်တစ်ခု ဖြစ်သည်။[4] ရိုးရာယုံကြည်မှုအရ ဤစွယ်တော်လေးဆူကိုသာ အစစ်အမှန်အဖြစ် ကိုးကွယ်ကြသော်လည်း၊ ဤအရေအတွက် ကန့်သတ်ချက်သည် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရသည်။ အခြားသော စာပေမှတ်တမ်းများတွင် ဓာတ်တော်များကို ခွဲဝေဖြန့်ချိခြင်းသည် ကန့်သတ် ထားသော လုပ်ငန်းစဉ်တစ်ခုမဟုတ်ဘဲ အစဉ်တစိုက် ကျယ်ပြန့်နေသော လုပ်ငန်းစဉ် ဖြစ်ကြောင်း တွေ့ရှိရသည်။[5]

နိုင်ငံရေးအာဏာရှင်များ၊ အထူးသဖြင့် အသောကမင်းကြီး (King Ashoka) နှင့် ကနိသျှမင်းကြီး (King Kanishka I) တို့၏ သာသနာပြုလုပ်ငန်းများသည် ဓာတ်တော်များ၏ အရေအတွက်နှင့် ပျံ့နှံ့မှုကို အကြီးအကျယ် ပြောင်းလဲစေခဲ့သည်။ အသောကမင်းကြီးသည် မူလဓာတ်တော်များကို ပြန်လည်တူးဖော်၍ စေတီပေါင်း ၈၄,၀၀၀ တည်ထားကိုးကွယ်ခဲ့ကြောင်း Divyāvadāna ကဲ့သို့သော မြောက်ပိုင်းဗုဒ္ဓဘာသာ ကျမ်းများက ဆိုသည်။[6] ဤသို့ ပြန်လည်ဖြန့်ဝေခြင်း (redistribution) သည် ဘာသာရေးယုံကြည်မှု သက်သက်မဟုတ်ဘဲ

[2] Kevin Trainor, Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition, (Cambridge: Cambridge University Press, 1997), 27.
[3] D II 164. (Mahāparinibbāna Sutta).
[4] Bimala Churn Law, The Dāṭhāvaṃsa: A History of the Tooth-Relic of the Buddha, (Lahore: Punjab Sanskrit Book Depot, 1925), 14-16.
[5] Gregory Schopen, Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India, (Honolulu: University of Hawaii Press, 1997), 114.
[6] E. B. Cowell and R. A. Neil, The Divyāvadāna: A Collection of Early Buddhist Legends, (Cambridge: Cambridge University Press, 1886), 380.

အင်ပါယာတစ်ခုလုံးကို ဓာတ်တော်များ မှတစ်ဆင့် နိုင်ငံရေးအရ စည်းလုံးစေသည့် State-building ဗျူဟာတစ်ရပ် ဖြစ်သည်။[7] အလားတူပင်၊ ကနိသျှမင်းကြီးခေတ်တွင် ဂန္ဓာရ (Gandhara) ဒေသ၌ ဓာတ်တော် ယုံကြည်မှုသည် ပိုမိုကျယ်ပြန့်လာပြီး မဟာယာန (Mahāyāna) အယူအဆများနှင့် ပေါင်းစပ်ကာ ဓာတ်တော်အရေအတွက်ကို အဆမတန် တိုးပွားလာစေခဲ့သည်။[8] ဤနိုင်ငံရေးပံ့ပိုးမှုများသည် ဓာတ်တော်အရေအတွက်ကို သမိုင်းဝင်ဖြစ်ရပ်မှ နိုင်ငံရေးအရ တည်ဆောက်ထားသော ပြယုဂ် (political construction) အဖြစ် ပြောင်းလဲသွားစေသည်။

မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိချက်များသည် ထေရဝါဒ၏ ‘စွယ်တော်လေးဆူ’ ဆိုသည့် ကန့်သတ်ချက်ကို တိုက်ရိုက် စိန်ခေါ်လျက်ရှိသည်။ အိန္ဒိယ ရှေးဟောင်းသုတေသနဌာန (Archaeological Survey of India - ASI) ၏ အစီရင်ခံစာများအရ အိန္ဒိယတိုက်ငယ်နှင့် အလယ်အာရှတစ်ခွင်ရှိ ရှေးဟောင်းစေတီများမှ ဗုဒ္ဓ၏ စွယ်တော်နှင့် အရိုးဓာတ်တော် အမြောက်အမြားကို တူးဖော်တွေ့ရှိခဲ့သည်။[9] ထို့အပြင် ကိုလိုနီခေတ်ကာလအတွင်း Charles Masson ကဲ့သို့သော သုတေသီများ စုဆောင်းခဲ့သည့် ဓာတ်တော်များသည် လက်ရှိတွင် ဗြိတိသျှပြတိုက် (British Museum) နှင့် Victoria and Albert (V&A) Museum တို့တွင် မှတ်တမ်းတင် သိမ်းဆည်းထားဆဲ ဖြစ်သည်။[10] ဥပမာအားဖြင့် Hswagata ပြတိုက်၏ သုတေသနမှတ်တမ်းများနှင့် အခြားသော ဓာတ်ခွဲစမ်းသပ်မှုများ (DNA နှင့် Carbon-14 Dating) က ရှေးဟောင်းစေတီများမှ ရရှိသော စွယ်တော်များ၏ သက်တမ်းကို သက်သေပြလျက်ရှိသည်။[11] ဤရုပ်ဝတ္ထုအထောက်အထားများ (material evidence) သည် ဓာတ်တော်များ၏ အရေအတွက်သည် စာပေကျမ်းဂန်များတွင် ဖော်ပြထားသည်ထက် များစွာ ပိုမိုကျယ်ပြန့်ကြောင်း သက်သေပြနေသည်။

---

[7] Romila Thapar, Aśoka and the Decline of the Mauryas, (New Delhi: Oxford University Press, 1997), 261.

[8] Richard Salomon, Ancient Buddhist Scrolls from Gandhāra: The British Library Kharoṣṭhī Fragments, (Seattle: University of Washington Press, 1999), 89.

[9] Alexander Cunningham, Archaeological Survey of India Reports: Four Reports Made During the Years 1862-63-64-65, Vol. I, (Simla: Government Central Press, 1871), 112.

[10] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838, (London: The British Museum, 2021), 43.

[11] Sao Dhammasami, Guardians of Enlightenment: Unveiling the Mission and Principles of the Hswagata Buddha Tooth Relics Preservation Museum, (Bangkok: The Office of Siridantamahapalaka, 2023), 11-12.

စာပေမှတ်တမ်းများနှင့် ရှေးဟောင်းသုတေသန အထောက်အထားများအကြား ကွာဟချက်သည် ဂိုဏ်းကွဲသမိုင်းပြုစုမှု (sectarian historiography) ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တရုတ်ခရီးသွား ရဟန်းတော်များဖြစ်သော ဖာဟီယန် (Faxian) နှင့် ရွှင်ကျန်း (Xuanzang) တို့၏ မှတ်တမ်းများတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် ဗဟိုအာရှဒေသများ၌ ဖူးတွေ့ခဲ့ရသော စွယ်တော်မြတ် အများအပြားအကြောင်းကို တိကျစွာ မှတ်တမ်းတင်ထားသည်။[12] ရွှင်ကျန်း၏ မှတ်တမ်းများအရ ကပိလဝတ်၊ ဗာရာဏသီနှင့် အခြားဒေသများတွင် စွယ်တော်မြတ်များကို ကိုးကွယ်လျက်ရှိကြောင်း တွေ့ရပြီး၊ ၎င်းသည် ထေရဝါဒကျမ်းများရှိ စွယ်တော်လေးဆူ ကန့်သတ်ချက်နှင့် လုံးဝ ဆန့်ကျင်လျက်ရှိသည်။[13] ဤသည်မှာ ထေရဝါဒကျမ်းပြုဆရာများက ၎င်းတို့၏ ကိုယ်ပိုင် ဓာတ်တော်များ၏ မွန်မြတ်မှုကို မြှင့်တင်ရန် အခြားသော ဓာတ်တော်များကို တမင်ချန်လှပ်ထားခဲ့ခြင်း (selective omission) ဖြစ်ကြောင်း ညွှန်ပြနေသည်။[14] ထို့ကြောင့် ဓာတ်တော်အရေအတွက်ကို လေ့လာရာတွင် သမိုင်းမှန်တရားသက်သက်အဖြစ်သာမက သာသနာရေးနှင့် နိုင်ငံရေးယှဉ်ပြိုင်မှုများ၏ ရလဒ်အဖြစ် နားလည်ရန် လိုအပ်သည်။[15]

မြန်မာနိုင်ငံ၏ သာသနာရေးပညာရပ်နယ်ပယ်တွင် ဤပြဿနာကို ဘက်စုံလွှမ်းခြုံ လေ့လာထားသော သုတေသနများ လွန်စွာနည်းပါးနေသေးသည်။ ယခင်သုတေသနအ များစုသည် ရိုးရာယုံကြည်မှုများကိုသာ ထပ်မံအတည်ပြုရန် ကြိုးပမ်းကြပြီး၊[16] မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန အထောက်အထားများနှင့် ပြတိုက်မှတ်တမ်း များကို သမိုင်းအထောက်အထားများအဖြစ် ပေါင်းစပ်လေ့လာခြင်း မရှိပေ။[17] အထူးသဖြင့် ASI မှတ်တမ်းများ၊ ဗြိတိသျှပြတိုက်ရှိ အထောက်အထားများနှင့် Hswagata ဓာတ်တော်ပြတိုက်၏ လတ်တလော တွေ့ရှိချက်များကို ပါဠိစာပေကျမ်းဂန်များနှင့်

[12] James Legge, A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of his Travels in India and Ceylon (A.D. 399-414), (Oxford: Clarendon Press, 1886), 105.

[13] Samuel Beal, Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang, Vol. 1, (London: Trübner & Co., 1884), 44.

[14] Jonathan S. Walters, "Vibhīṣaṇa and Vijayanagara: An Essay on Religion and Geopolitics in Sri Lanka," in Religion and Geopolitics, ed. by John Clifford Holt, (Colombo: International Centre for Ethnic Studies, 2004), 88.

[15] Michael Willis, Buddhist Reliquaries from Ancient India, (London: British Museum Press, 2000), 22.

[16] Hswagata , A Writing Manual of Academic Works:Office of Siridantamahapalaka, (Yangon: HGT Press, 2023), 1-2.

[17] Sao Dhammasami, Institutional Policies for Relic Stewardship, Safeguarding and Peaceful Management at HSWAGATA, (Bangkok: The Office of Siridantamahapalaka, 2025), 319-320.

နှိုင်းယှဉ်လေ့လာထားသည့် မြန်မာဘာသာဖြင့် ရေးသားသော ပညာရပ်ဆိုင်ရာ ကျမ်းများ ကွက်လပ်ဖြစ်နေသည်။[18] ဤသုတေသနသည် ထိုကွက်လပ်ကို ဖြည့်ဆည်းရန် ရည်ရွယ်သည်။ ဓာတ်တော်များ၏ အရေအတွက်သည် သမိုင်းအချက်အလက် (historical fact) သက်သက် မဟုတ်ဘဲ၊ အသောကမင်းကြီးမှ ကနိသျှမင်းကြီးခေတ်အထိ နိုင်ငံရေးနှင့် သာသနာရေးအာဏာများက တမင်ဖန်တီးတည်ဆောက်ထားသော သမိုင်းပုံရိပ် (constructed narrative) တစ်ရပ် ဖြစ်ကြောင်း ဤစာတမ်းက အထောက်အထား ခိုင်လုံစွာဖြင့် သက်သေပြသွားမည် ဖြစ်သည်။

ဗုဒ္ဓဘာသာ သမိုင်းစဉ်တစ်လျှောက်တွင် ဓာတ်တော်မွေတော်များကို ပူဇော်ခြင်း (Relic Veneration) သည် သာသနာတော် တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံရေးအာဏာ တရားဝင်မှုအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သော်လည်း၊ ထေရဝါဒ ရိုးရာမှတ်တမ်းများက ဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို တင်းကျပ်စွာ ကန့်သတ်မှတ်တမ်းတင်ခဲ့သည်။ ထေရဝါဒ ပိဋကတ်တော်နှင့် အစဉ်အလာကျမ်းများ၏ သမိုင်းပြုစုမှုစနစ်တွင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက် ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များအနက် “သွားတော်မြတ်လေးဆူ” (Four Tooth Relics) သာရှိကြောင်း အတိအလင်း ဆိုကြသည်။ မဟာပရိနိဗ္ဗာနသုတ်တော်၌ သွားတော်လေးဆူအား တာဝတိံသာနတ်ပြည်၊ ဂန္ဓာရတိုင်း၊ ကာလိင်္ဂတိုင်းနှင့် နဂါးပြည်တို့တွင် အသီးသီး ကိုးကွယ်ထားကြောင်း ဖော်ပြထားပြီး၊[19] ဤအချက်ကို သီရိလင်္ကာတွင် ပြုစုခဲ့သော ဒါဌာဝံသ (Dathavamsa) နှင့် မဟာဝံသ (Mahavamsa) ကျမ်းများက ဆက်လက် ပုံဖော်ခဲ့သည်။[20] သမိုင်းပညာရှင် Kevin Trainor က ဤကဲ့သို့ အရေအတွက် ကန့်သတ်ခြင်းသည် သာမန်မှတ်တမ်းတင်ခြင်းသက်သက် မဟုတ်ဘဲ ထေရဝါဒအစဉ်အလာ၏ မြင့်မြတ်မှုကို အလေးပေးလိုသော ဘာသာရေးဆိုင်ရာ စံနှုန်း (Religious normative standard) ဖြစ်ကြောင်း ထောက်ပြခဲ့သည်။[21] ထို့အတူ John S. Strong ကလည်း သွားတော်မြတ်များကို လေးဆူတည်းဟု ကန့်သတ်လိုက်ခြင်းသည်

[18]Sao Dhammasami, From Casebook to Compass: Using 100 Buddhist Relic Cases to Guide Future Custodians and Policy-Makers, (Bangkok: The Office of Siridantamahapalaka, 2025), 1448.

[19] T.W. Rhys Davids, *Dialogues of the Buddha: Maha-parinibbana Suttanta*, (London: Pali Text Society, 1910), 190.

[20] Bimala Churn Law, *The Dathavamsa: A History of the Tooth-Relic of the Buddha*, (Lahore: Punjab Sanskrit Book Depot, 1925), 12.

[21] Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 67.

သီရိလင်္ကာမင်းဆက်များအတွက် ကိုယ်ပိုင် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အမှတ်အသားကို တည်ဆောက်ရန် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုသည်။[22] ဤအချက်သည် ထေရဝါဒ၏ မှတ်တမ်းတင်မှုများမှာ သမိုင်းကြောင်းအမှန်တရား သက်သက်ထက် သီးခြားရည်ရွယ်ချက်ရှိသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (Sectarian historiography) တစ်ရပ် ဖြစ်လာစေရန် အခြေခံအုတ်မြစ် ချပေးခဲ့ကြောင်း ရှင်းလင်းစွာ သက်သေပြနေသည်။

ဤကဲ့သို့ ကန့်သတ်မှတ်တမ်းတင်မှု ဖြစ်ပေါ်လာခြင်း၏ နောက်ကွယ်တွင် အသောကမင်းကြီး၏ သာသနာရေး ပံ့ပိုးမှုနှင့် တတိယသင်္ဂါယနာ၏ နိုင်ငံရေး လွှမ်းမိုးမှုများက အဓိက သက်ရောက်နေသည်။ ဘီစီ (၃) ရာစုတွင် မောရိယအင်ပါယာကို တည်ထောင်သော အသောကမင်းကြီးသည် သူ၏ နိုင်ငံရေးသြဇာကို တရားဓမ္မဖြင့် အုပ်ချုပ်သောမင်း (Dhammaraja) အဖြစ် တရားဝင်မှုရရှိစေရန် ဗုဒ္ဓ၏ ဓာတ်တော်များကို စေတီပေါင်း ၈၄,၀၀၀ တည်ထား၍ အင်ပါယာတစ်ခွင် ဖြန့်ဝေခဲ့သည်။[23] သို့သော် သီဟိုဠ်ကျမ်းပြုဆရာများသည် အသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းများကို အကျယ်တဝင့် ဖော်ပြခဲ့သော်လည်း၊ ဓာတ်တော်ဖြန့်ဝေမှု၏ ကျယ်ပြန့်မှုကို သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော ဓာတ်တော်များ၏ အရေးပါမှုဖြင့်သာ ကွက်၍ မီးမောင်းထိုးပြခဲ့သည်။[24] Hermann Oldenberg ၏ လေ့လာချက်အရ ဤရာဇဝင်ကျမ်းများသည် အိန္ဒိယတိုက်ငယ်တစ်ခုလုံး၏ သမိုင်းကို မှတ်တမ်းတင်ရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ သီဟိုဠ်မင်းဆက်များ၏ အာဏာစက်ကို ဗုဒ္ဓ၏ ဓာတ်တော်များနှင့် တိုက်ရိုက် ချိတ်ဆက်ပေးရန် ရည်ရွယ်ရေးသားခဲ့ခြင်း ဖြစ်သည်။[25] Michael Willis က အစောပိုင်း ဗုဒ္ဓဘာသာတွင် ဓာတ်တော်များကို နိုင်ငံရေးအာဏာ တည်ဆောက်မှုယန္တရားအဖြစ် အသုံးပြုခဲ့ကြောင်း ထောက်ပြထားရာ၊[26] အသောကမင်းကြီး၏ လက်ထက်တွင် ဓာတ်တော်များ ကျယ်ပြန့်စွာ ဖြန့်ဝေခဲ့သော်လည်း ထေရဝါဒကျမ်းများတွင်မူ သီဟိုဠ်ဗဟိုပြု (Lanka-centric) ဇာတ်ကြောင်းအဖြစ်သာ ရည်ရွယ်ချက်ရှိရှိ ကျဉ်းမြောင်းသွားခဲ့ကြောင်း ပေါ်လွင်စေသည်။

---

[22] John S. Strong, *Relics of the Buddha*, (Princeton: Princeton University Press, 2004), 185.
[23] Romila Thapar, *Aśoka and the Decline of the Mauryas*, (Oxford: Oxford University Press, 1997), 42.
[24] Wilhelm Geiger, *The Mahavamsa or The Great Chronicle of Ceylon*, (London: Pali Text Society, 1912), 115.
[25] Hermann Oldenberg, *The Dipavamsa: An Ancient Buddhist Historical Record*, (London: Williams and Norgate, 1879), 23.
[26] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 14.

ထေရဝါဒကျမ်းများ၏ ကန့်သတ်ချက်များနှင့် ဆန့်ကျင်ဘက်အနေဖြင့်၊ မဟာယာနနှင့် မြောက်ပိုင်း သဗ္ဗတ္ထိဝါဒ (Sarvastivada) အစဉ်အလာများတွင် ဓာတ်တော်မွေတော် အရေအတွက်နှင့် ဖြန့်ကြက်မှုသည် အလွန်ကျယ်ပြန့်များပြားကြောင်း အခိုင်အမာ မှတ်တမ်းတင်ထားသည်။ အေဒီ (၂) ရာစုတွင် ကူရှန်အင်ပါယာကို အုပ်စိုးခဲ့သော ကနိဿျကမင်းကြီး (King Kanishka I) လက်ထက်၌ အိန္ဒိယမြောက်ပိုင်းနှင့် အာရှအလယ်ပိုင်းဒေသများတွင် ဓာတ်တော်ကိုးကွယ်မှုသည် အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်။[27] သက္ကတဘာသာဖြင့် ရေးသားထားသော Divyavadana ကျမ်းတွင် ဓာတ်တော်များကို အကန့်အသတ်မရှိ ပွားများနိုင်စွမ်းရှိသော သဘောတရားအဖြစ် ပုံဖော်ထားပြီး၊ စေတီတိုင်းတွင် ဓာတ်တော်များ ကိန်းဝပ်နေကြောင်း ဖော်ပြထားသည်။[28] တရုတ်ဘုရားဖူးရဟန်းတော် Faxian ၏ မှတ်တမ်းအရ အေဒီ (၅) ရာစုခန့်တွင် နဂါရဟာရ (Nagarahara) ဒေသ၌ သွားတော်မြတ်နှင့် ဦးခေါင်းခွံတော် ဓာတ်တော်များကို ခမ်းနားကြီးကျယ်စွာ ပူဇော်နေမှုများကို မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ထားသည်။[29] ထို့အပြင် Xuanzang ၏ မှတ်တမ်းများတွင်လည်း ဗာမိယန် (Bamiyan) နှင့် တက္ကသီလာ (Taxila) ဒေသများတွင် ဗုဒ္ဓ၏ သွားတော်မြတ်များကို သီးခြားစေတီများဖြင့် တည်ထားကိုးကွယ်ကြောင်း တိကျစွာ ရေးသားထားသည်။[30] ဤမှတ်တမ်းများသည် ကနိဿျကမင်းကြီး၏ နိုင်ငံရေးအာဏာလွှမ်းမိုးမှုအောက်တွင် ဓာတ်တော်များကို သာသနာပြု သင်္ကေတအဖြစ် မည်မျှကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြောင်း သက်သေခံ နေပြီး၊ ဓာတ်တော်အရေအတွက် ကွာခြားမှုသည် ထေရဝါဒ၏ စောင့်ထိန်းမှုဝါဒနှင့် အခြားဂိုဏ်းများ၏ ချဲ့ထွင်မှုဝါဒတို့အကြား သမိုင်းပြုစုမှုအားပြိုင်ချက် ဖြစ်ကြောင်း ညွှန်ပြလျက်ရှိသည်။

ကျမ်းဂန်လာ အထောက်အထားများ၏ ကွဲလွဲမှုကို မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန မြေပြင်တူးဖော်မှုများ (Archaeological excavations) က မဟာယာန၏ ချဲ့ထွင်မှုဝါဒဘက်မှ ရပ်တည်ကာ ပိုမိုခိုင်မာစွာ သက်သေပြလျက်ရှိသည်။ အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) မှ ပညာရှင် D.B.

[27] Richard F. Gombrich, *Theravada Buddhism: A Social History from Ancient Benares to Modern Colombo*, (London: Routledge, 1988), 112.
[28] E.B. Cowell and R.A. Neil, *The Divyavadana: A Collection of Early Buddhist Legends*, (Cambridge: Cambridge University Press, 1886), 380.
[29] James Legge, *A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of his Travels*, (Oxford: Clarendon Press, 1886), 38.
[30] Samuel Beal, *Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang*, (London: Trubner & Co., 1884), 45.

Spooner သည် ၁၉၀၈ ခုနှစ်တွင် ပက်ရှဝါ (Peshawar) အနီးရှိ ကနိသျှကစေတီတော်ဟောင်းကို တူးဖော်ခဲ့ရာ သမိုင်းဝင် ကနိသျှက ဓာတ်တော်ကြုတ်နှင့်တကွ ဗုဒ္ဓ၏ ဓာတ်တော်များကို အမှန်တကယ် ရှာဖွေတွေ့ရှိခဲ့သည်။[31] အဆိုပါ ဓာတ်တော်ကြုတ်ပေါ်တွင် ခရိုဋ္ဌီ (Kharoshthi) အက္ခရာဖြင့် သဗ္ဗတ္ထိဝါဒ ရဟန်းများအား လှူဒါန်းကြောင်း ကမ္ပည်းထိုးထားခြင်းက ကနိသျှကမင်းကြီး ၏ ဘာသာရေးပံ့ပိုးမှုကို အတိအလင်း သက်သေပြနေသည်။[32] John Marshall ၏ တက္ကသီလာ တူးဖော်မှုမှတ်တမ်းများတွင်လည်း ဓမ္မရာဇိက စေတီတော်မှ ဓာတ်တော်တိုက်များစွာကို တွေ့ရှိခဲ့ရပြီး ဤဓာတ်တော်များသည် အသောကခေတ်မှ ကူရှန်ခေတ်အထိ အဆင့်ဆင့် ပြန်လည်မွမ်းမံ ဌာပနာခဲ့ကြောင်း အတည်ပြုထားသည်။[33] ထို့အပြင် ကျောက်စာပညာရှင် Harry Falk ၏ လေ့လာချက်အရ ကူရှန်ခေတ် ကျောက်စာများစွာတွင် မင်းမျိုးမင်းနွယ်များက ဓာတ်တော်များကို အပြိုင်အဆိုင် ဌာပနာခဲ့ကြကြောင်း တွေ့ရှိရသည်။[34] ဤရှေးဟောင်းသုတေသန တွေ့ရှိချက်များက ထေရဝါဒကျမ်းများတွင် ကန့်သတ်ဖော်ပြထားသော "သွားတော်လေးဆူ" ဆိုသည့် အရေအတွက်ကို တိုက်ရိုက် စိန်ခေါ်နေပြီး၊ မြေပြင်တွင် ဓာတ်တော်များသည် ထေရဝါဒ မှတ်တမ်းများထက် များစွာပိုမို ဖြန့်ကြက်တည်ရှိခဲ့ကြောင်း ရုပ်ဝတ္ထုအြ ထောက်အထား များဖြင့် ရှင်းလင်းစွာ ပြသနေသည်။

တူးဖော်ရရှိမှုများအပြင် နိုင်ငံတကာ ပြတိုက်များတွင် ထိန်းသိမ်းထားသော ဂန္ဓာရခေတ်ယဉ်ကျေးမှု ရုပ်ဝတ္ထုအထောက်အထားများသည် ဓာတ်တော်များအား နေ့စဉ်လူမှုဘဝနှင့် နိုင်ငံရေးအာဏာတွင် အသုံးပြုခဲ့ပုံကို ပိုမိုနက်ရှိုင်းစွာ ဖော်ပြနေသည်။ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက် (British Museum) နှင့် ဝိတိုရိယနှင့် အဲလ်ဘတ် ပြတိုက် (V&A Museum) တို့တွင် ပြသထားသော ဂန္ဓာရ အနုပညာလက်ရာများတွင် မင်းများ၊ ဓောမိသတ်များနှင့် အထက်တန်းလွှာများသည် ဓာတ်တော်များကို လည်ဆွဲ (Reliquary amulets) များအဖြစ် ကိုယ်ခန္ဓာတွင် တိုက်ရိုက်ဝတ်ဆင်ကြကြောင်း ထင်ရှားစွာ တွေ့ရသည်။[35] ပြတိုက်ပညာရှင် W. Zwalf

[31] D.B. Spooner, *Archaeological Survey of India: Annual Report 1908-1909*, (Calcutta: Superintendent Government Printing, 1912), 38.
[32] B.N. Mukherjee, *The Kharoshthi and Kharoshthi-Brahmi Inscriptions*, (Calcutta: Asiatic Society, 1989), 56.
[33] John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 234.
[34] Harry Falk, *Kushan Histories: Literary Sources and Selected Papers*, (Bremen: Hempen Verlag, 2015), 89.
[35] Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 112.

၏ ကက်တလောက်မှတ်တမ်းအရ ဤကဲ့သို့ ဓာတ်တော်များကို ကိုယ်တွင်းအဆောင်အဖြစ် သုံးစွဲခြင်းသည် ဓာတ်တော်များကို စေတီအတွင်း၌သာ ကန့်သတ်ထားရမည်ဆိုသော ထေရဝါဒ အယူအဆနှင့် လုံးဝကွဲလွဲနေသည်။[36] Elizabeth Errington ကလည်း ချားလ်မေဆန် (Charles Masson) စုဆောင်းခဲ့သော အထောက်အထားများကို အခြေခံ၍ ကူရှန်ခေတ် လူ့အဖွဲ့အစည်းတွင် ဓာတ်တော်များကို ကိုယ်ပိုင်အာဏာ တည်ဆောက်ရေး ယန္တရားအဖြစ် အသုံးပြုခဲ့ကြောင်း မှတ်ချက်ပြုသည်။[37] Gregory Schopen ၏ အဆိုအရ သမိုင်းကို လေ့လာရာတွင် ကျမ်းဂန်စာပေများကိုသာ အားကိုးခြင်းသည် စာအုပ်ထဲက ဗုဒ္ဓဘာသာကိုသာ မြင်ရမည်ဖြစ်ပြီး၊ ရုပ်ဝတ္ထုအထောက်အထားများကို လေ့လာခြင်းကသာ အမှန်တကယ် ကျင့်သုံးခဲ့သော မြေပြင်မှ ဗုဒ္ဓဘာသာကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။[38] ဤအချက်က ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များကို ရုပ်ဝတ္ထုအထောက်အထားများဖြင့် မဖြစ်မနေ တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ကြောင်း ခိုင်မာစွာ ညွှန်ပြလျက်ရှိသည်။

အထက်ပါ သမိုင်းကြောင်း၊ ကျမ်းဂန်အထောက်အထားများနှင့် ရှေးဟောင်းသုတေသန တွေ့ရှိချက်များအကြား ကြီးမားသော ကွဲလွဲချက်များ ရှိနေသော်လည်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ သမိုင်းသုတေသနနယ်ပယ်တွင် ဤကွာဟချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာထားမှု လွန်စွာအားနည်းနေသေးသည်။ မြန်မာဘာသာဖြင့် ရေးသားထားသော ကျမ်းအများစုသည် မဟာပရိနိဗ္ဗာနသုတ်နှင့် ဒါဌာဝံသကျမ်းတို့ကိုသာ အခြေခံပြီး ယုံကြည်မှုသက်သက်ဖြင့်သာ ရေးသားလေ့ ရှိကြသည်။[39] ထိုသို့ရေးသားရာတွင် အသောကမင်းကြီးနှင့် ကနိဿျကမင်းကြီးတို့၏ နိုင်ငံရေး လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု၏ အခန်းကဏ္ဍကို ချန်လှပ်ထားလေ့ရှိသည်။ J.W. Creswell ၏ သုတေသနသဘောတရားအရ ဖြစ်ရပ်တစ်ခုကို ဘက်စုံလေ့လာရာတွင် တစ်ဖက်သတ် အချက်အလက်များကိုသာ အားထားခြင်းသည် သုတေသန၏ ခိုင်လုံမှုကို ထိခိုက်စေနိုင်သည်။[40] ထို့ကြောင့်

---

[36]W. Zwalf, *A Catalogue of the Gandhara Sculpture in the British Museum*, (London: British Museum Press, 1996), 345.

[37] Elizabeth Errington, *Charles Masson*, 118.

[38] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 114.

[39] Donald K. Swearer, *The Buddhist World of Southeast Asia*, (Albany: SUNY Press, 1995), 52.

[40]John W. Creswell, *Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research*, (Boston: Pearson Education, 2012), 251.

ရိုးရာအစဉ်အလာကို ပစ်ပယ်ခြင်းမျိုး မဟုတ်ဘဲ၊ "ဟိရီဩတ္တပ္ပ" (Hiri-Ottappa) ဟူသော ပညာရပ်ဆိုင်ရာ ရိုသေလေးစားမှုကို ရှေ့တန်းတင်ကာ ကျမ်းဂန်လာ အထောက်အထားများနှင့် ခေတ်သစ် တူးဖော်တွေ့ရှိမှု များကို သိပ္ပံနည်းကျ ပေါင်းစပ်ဆန်းစစ်ရန် လိုအပ်လျက်ရှိသည်။ ဤသုတေသနသည် ဒဏ္ဍာရီဆန်သော သမိုင်းမှတ်တမ်းတင်မှုများနှင့် မြေပြင်မှ အမှန်တကယ် တွေ့ရှိရသော သမိုင်းအမှန်တရားအကြားရှိ ကွာဟချက်ကို ခွဲခြမ်းစိတ်ဖြာ၍၊ ဗုဒ္ဓဓာတ်တော်သမိုင်းကို ပိုမိုပြည့်စုံမှန်ကန်စွာ နားလည်နိုင်ရန် ဖြည့်ဆည်းပေးမည် ဖြစ်သောကြောင့် အထူးပင် လေ့လာသင့်သော သုတေသနတစ်ရပ် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာ သမိုင်းစဉ်တစ်လျှောက်တွင် ဓာတ်တော်မွေတော်များကို ပူဇော်ခြင်း (Relic Veneration) သည် သာသနာတော် တည်တံ့ခိုင်မြဲရေးနှင့် သက်ဝင်ယုံကြည်မှုဆိုင်ရာ အမှတ်အသားတစ်ခုအဖြစ် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သော်လည်း၊ ထေရဝါဒ ရိုးရာမှတ်တမ်းများက ဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှု ကို တင်းကျပ်စွာ ကန့်သတ်မှတ်တမ်းတင်ခဲ့သည်။ ထေရဝါဒ ပိဋကတ်တော်နှင့် အစဉ်အလာ ကျမ်းများအရ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များအနက် "သွားတော်မြတ် လေးဆူ" (Four Tooth Relics) သာ ဤလောကတွင် တည်ရှိသည်ဟု အတိအလင်း ဆိုကြသည်။[41]

ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်မွေတော်များကို ကိုးကွယ်ယုံကြည်မှုသည် ကမ္ဘာတစ်ဝန်း ရှိ ဗုဒ္ဓဘာသာဝင်တို့၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာ အမှတ် အသားများတွင် အခြေခံအကျဆုံး အခန်းကဏ္ဍမှ ပါဝင်နေသည်။ မဟာပရိနိဗ္ဗာန သုတ်တော် မှတ်တမ်းများအရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များကို ဒေါနပုဏ္ဏားက အပိုင်းရှစ်ပုံ ခွဲဝေပေးခဲ့ကာ၊ ထိုမှတစ်ဆင့် အိန္ဒိယတိုက်ငယ်နှင့် အာရှတစ်ခွင်သို့ ပျံ့နှံ့ရောက်ရှိသွာ ◌းခဲ့သည်။[42] ဤဖြန့်ဝေမှုသမိုင်းစဉ်သည် သာမန်ယုံကြည်မှုသက်သက်မဟုတ်ဘဲ ဗုဒ္ဓ သာသနာ အနယ်နယ်အရပ်ရပ်သို့ ပြန့်ပွားတည်တံ့ခိုင်မြဲရေးအတွက် ခိုင်မာသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ် ဖြစ်ခဲ့သည်။[43] ဓာတ်တော်ကိန်းဝပ်ရာ စေတီပုထိုး များသည် ဒေသတွင်း

[41]T. W. Rhys Davids, trans., Dialogues of the Buddha: The Digha Nikaya, Part II, (London: Pali Text Society, 1910), 181.

[42] T. W. Rhys Davids, Buddhist Suttas, (Oxford: Clarendon Press, 1881), 131.
[43]John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 115.

သာသနာပြုလုပ်ငန်းများ၏ ဗဟိုချက်များအဖြစ် ရပ်တည်ခဲ့ပြီး တိုင်းပြည်အုပ်ချုပ်သော မင်းများကလည်း ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ တရားဝင်မှု (Political legitimacy) ကို ဓာတ်တော်များ ပိုင်ဆိုင်ပူဇော်ခွင့်ရခြင်းဖြင့် တည်ဆောက်ခဲ့ကြသည်။[44] ရှေးဟောင်းသုတေသနပညာရှင်များ၏ အဆိုအရ အစောပိုင်း ဗုဒ္ဓဘာသာ ပြန့်ပွားမှုသည် ဤဓာတ်တော်စေတီများ၏ တည်နေရာများနှင့် တိုက်ရိုက်အချိုးကျ နေသည်။[45] ထို့ကြောင့် ဓာတ်တော်များ ဖြန့်ဝေခြင်းနှင့် ကိုးကွယ်ခြင်းသမိုင်းသည် အာရှတိုက်၏ နိုင်ငံရေးနှင့် ဗုဒ္ဓသာသနာပြန့်ပွားမှုသမိုင်းတို့နှင့် တိုက်ရိုက်ဆက်စပ် နေကြောင်း ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက် ကွဲလွဲလာရခြင်း၏ အဓိကဇာစ်မြစ်သည် သမိုင်းကြောင်းအရ ဖြစ်ပေါ်ခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကွဲမှု (Sectarian divisions) နှင့် သမိုင်းပြုစုမှုအပေါ် ၎င်းတို့၏ သက်ရောက်မှုများကြောင့် ဖြစ်သည်။ ဒုတိယသင်္ဂါယနာ တင်ပြီးနောက်ပိုင်း ထေရဝါဒနှင့် မဟာသံဃိက အစရှိသည့် ဂိုဏ်းများကွဲပြားသွားရာတွင် သမိုင်းပြုစုမှုစနစ်များလည်း ကွဲပြားသွားခဲ့သည်။[46] ထေရဝါဒအစဉ်အလာသည် မိမိတို့၏ မူလသန့်စင်မှု (Orthodox purity) ကို ထိန်းသိမ်းရန်အတွက် မဟာဝံသ ကဲ့သို့သော ကျမ်းများတွင် စွယ်တော်အရေအတွက်ကို (၄) ဆူသာရှိကြောင်း တင်းကျပ်စွာ ကန့်သတ်ရေးသားခဲ့ကြသည်။[47] သို့သော် သာသနာပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လိုသော သဗ္ဗတ္ထိဝါဒ (Sarvastivada) နှင့် နောက်ပိုင်း မဟာယာနဂိုဏ်းများ၏ မှတ်တမ်းများတွင်မူ ဓာတ်တော်များကို အကန့်အသတ်မရှိ ပွားများနိုင်ကြောင်းနှင့် အရေအတွက် များပြားစွာ တည်ရှိကြောင်း ရေးသားခဲ့ကြသည်။[48] ဤသည်မှာ သာမန်မှတ်တမ်းကွဲလွဲမှု မဟုတ်ဘဲ ဂိုဏ်းကွဲသမိုင်း (Sectarian history) ၏ သဘောတရားရေးရာ ယုံကြည်မှုများက သမိုင်းပြုစုမှု (Historiography) အပေါ် တိုက်ရိုက်လွှမ်းမိုးသွားခြင်း ဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရသည်။

---

[44] Kevin Trainor, Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition, (Cambridge: Cambridge University Press, 1997), 32.
[45] Lars Fogelin, Archaeology of Early Buddhism, (Lanham: AltaMira Press, 2006), 88.
[46] A.K. Warder, *Indian Buddhism*, (Delhi: Motilal Banarsidass, 2000), 214.
[47] Wilhelm Geiger, *The Mahavamsa or the Great Chronicle of Ceylon*, (London: Pali Text Society, 1912), 201.
[48] Samuel Beal, *Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang*, (London: Trübner & Co., 1884), 54.

ဂိုဏ်းကွဲသမိုင်းများအပြင် အင်ပါယာတည်ထောင်သော မင်းများ၏ နိုင်ငံရေးဆိုင်ရာ ဩဇာလွှမ်းမိုးမှု (Political patronage) သည်လည်း ဓာတ်တော်အရေအတွက်ကို အကြီးအကျယ် ပြောင်းလဲစေခဲ့သော အဓိကအကြောင်းရင်း ဖြစ်သည်။ ဘီစီ (၃) ရာစုတွင် မောရိယအင်ပါယာကို တည်ထောင်သော အသောကမင်းကြီး (King Ashoka) သည် သူ၏ နိုင်ငံရေးဩဇာကို တရားဓမ္မဖြင့် အုပ်ချုပ်သောမင်း (Dhammaraja) အဖြစ် တရားဝင်မှုရရှိစေရန် ဗုဒ္ဓ၏ ဓာတ်တော်များကို စေတီပေါင်း ၈၄,၀၀၀ တည်ထား၍ အင်ပါယာတစ်ခွင် ဖြန့်ဝေခဲ့သည်။[49] ထို့အတူ အေဒီ (၂) ရာစုတွင် ကုသျှာနအင်ပါယာကို အုပ်ချုပ်သော ကနိသျှကမင်းကြီး (King Kanishka) သည်လည်း ဂန္ဓာရဒေသတစ်ခွင်တွင် ဓာတ်တော်စေတီများ အမြောက်အမြား တည်ထားကိုးကွယ်ခဲ့ပြီး သဗ္ဗတ္ထိဝါဒဂိုဏ်းကို နိုင်ငံရေးအရ အားပေးထောက်ပံ့ခဲ့သည်။[50] ဤမင်းနှစ်ပါး၏ နိုင်ငံရေးနှင့် သာသနာရေး ရောယှက်နေသော လုပ်ဆောင်ချက်များသည် ဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို သမိုင်းမှတ်တမ်းများသာမက လက်တွေ့တွင်ပါ ကြီးမားစွာ ကျယ်ပြန့်သွားစေခဲ့သည်။[51]

ဤကဲ့သို့ သာသနာရေး၊ နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်းများ၏ သက်ရောက်မှုများ ကြောင့် ဖြစ်ပေါ်လာသော အရေအတွက် ပြဿနာကို ခေတ်သစ်ရှေးဟောင်းသုတေသန တူးဖော်မှုများက ပိုမိုသိသာထင်ရှားစေခဲ့သည်။ အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) နှင့် ဗြိတိသျှပြတိုက်တို့တွင် ထိန်းသိမ်းထားသော ဂန္ဓာရနှင့် တက္ကသီလာ ဒေသများမှ တူးဖော်ရရှိသည့် ဓာတ်တော်ကြုတ်များသည် အသောကနှင့် ကနိသျှကမင်းကြီးတို့၏ လက်ထက်တွင် ဓာတ်တော်များ အမှန်တကယ် များပြားစွာ တည်ရှိခဲ့ကြောင်း သက်သေပြ နေသည်။[52] သို့သော် ဤလက်တွေ့ အထောက်အထားများနှင့် နိုင်ငံရေးအရ ဖြန့်ဝေမှုသမိုင်းကို မြန်မာ့ထေရဝါဒ သမိုင်းပြုစုမှုနယ်ပယ်တွင် ပေါင်းစပ်လေ့လာမှု လွန်စွာအားနည်းနေသေးပြီး စွယ်တော်လေးဆူ အယူအဆကိုသာ အဓိကထား နေကြဆဲဖြစ်သည်။[53] ထို့ကြောင့် "ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှု ပြဿနာ — အသောကမင်းကြီးမှ ကနိသျှမင်းကြီးအထိ သာသနာရေး၊

[49] John S. Strong, *The Legend of King Asoka: A Study and Translation of the Asokavadana*, (Princeton: Princeton University Press, 1983), 119.
[50] Jason Neelis, *Early Buddhist Transmission and Trade Networks*, (Leiden: Brill, 2011), 211.
[51] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 24.
[52] Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: The British Museum, 2021), 45.
[53] Sao Dhammasami, *From Casebook to Compass: Using 100 Buddhist Relic Cases to Guide Future Custodians*, (Bangkok: Press, 2025), 18.

နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်း၏ သက်ရောက်မှုများကို နှိုင်းယှဉ်လေ့လာချက်" ဟူသော ဤသုတေသနကျမ်းကို မဖြစ်မနေ ပြုစုရန် လိုအပ်လာခြင်း ဖြစ်ပါသည်။

မဟာပရိနိဗ္ဗာနသုတ်တော်၌ သွားတော်လေးဆူအား တာဝတိံသာနတ်ပြည်၊ ဂန္ဓာရတိုင်း၊ ကာလိင်္ဂတိုင်းနှင့် နဂါးပြည်တို့တွင် အသီးသီး ကိုးကွယ်ထားကြောင်း ဖော်ပြထားသည်။[54] ဤအချက်ကို သီဟိုဠ် (သီရိလင်္ကာ) တွင် ရေးသားပြုစုခဲ့သော ဒါဌာဝံသ (Dathavamsa) ကျမ်းက ပိုမိုပီပြင်စွာ ပုံဖော်ခဲ့ပြီး၊ ကာလိင်္ဂတိုင်းမှ သီဟိုဠ်သို့ သွားတော်မြတ် ရောက်ရှိလာပုံကို အဓိကထား တင်ပြခဲ့သည်။[55] သမိုင်းပညာရှင် Kevin Trainor က ဤကဲ့သို့ အရေးအတွက် ကန့်သတ်ခြင်းသည် သာမန်မှတ်တမ်းတင်ခြင်းသက်သက် မဟုတ်ဘဲ၊ ထေရဝါဒ အစဉ်အလာ၏ ရှားပါးမှုနှင့် မြင့်မြတ်မှုကို အလေးပေးလိုသော ဘာသာရေးဆိုင်ရာ စံနှုန်းတစ်ခု (Religious normative standard) ဖြစ်ကြောင်း ထောက်ပြခဲ့သည်။[56] ထို့အတူ John S. Strong ကလည်း သွားတော်မြတ်များကို လေးဆူတည်းဟု ကန့်သတ်လိုက်ခြင်းသည် သီရိလင်္ကာမင်းဆက်များအတွက် ကိုယ်ပိုင် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အမှတ်အသား (Identity) ကို တည်ဆောက်ရန် အထောက်အကူဖြစ်စေခဲ့ကြောင်း ခွဲခြမ်းစိတ်ဖြာထားသည်။[57] ဤအချက်သည် ထေရဝါဒ ၏ မှတ်တမ်းတင်မှုများမှာ သမိုင်းကြောင်းအမှန်တရားသက်သက်ထက်၊ သီးခြား ရည်ရွယ်ချက် ရှိသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (Sectarian historiography) တစ်ရပ် ဖြစ်လာစေရန် အခြေခံအုတ်မြစ် ချပေးခဲ့သည်။

ဤကဲ့သို့ ကန့်သတ်မှတ်တမ်းတင်မှု ဖြစ်ပေါ်လာခြင်း၏ နောက်ကွယ်တွင် အသောကမင်းကြီး၏ သာသနာရေး ပံ့ပိုးမှုနှင့် တတိယသင်္ဂါယနာ၏ နိုင်ငံရေး လွှမ်းမိုးမှု များက အဓိက သက်ရောက်နေသည်။ အသောကမင်းကြီးသည် ဓာတ်တော်များကို ပြန်လည်ဖော်ထုတ်၍ စေတီပေါင်း ရှစ်သောင်းလေးထောင် (84,000 Stupas) တည်ထားကိုးကွယ်ခဲ့ကြောင်း ရာဇဝင်များက ဆိုသော်လည်း၊ သီဟိုဠ်ကျမ်းပြုဆရာ များသည် ထိုအချက်ကို ၎င်းတို့၏ ထေရဝါဒ မဟာဝိဟာရဂိုဏ်း (Mahavihara tradition) တရားဝင်မှုအတွက်သာ ဗဟိုပြု၍

[54]Mahaparinibbana Sutta, Digha Nikaya II, (Yangon: Department of Religious Affairs, 1990), 135.
[55]Mutu Coomara Swamy, trans., The Dathavamsa: Or, The History of the Tooth-relic of Gotama Buddha, (London: Trübner & Co., 1874), 45.
[56] Kevin Trainor, Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition, (Cambridge: Cambridge University Press, 1997), 67.
[57] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 185.

ပုံဖော်ခဲ့ကြသည်။[58] မဟာဝံသ (Mahavamsa) နှင့် ဒီပဝံသ (Dipavamsa) ကျမ်းများတွင် အသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းများကို အကျယ်တဝင့် ဖော်ပြထားသော်လည်း၊ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော ဓာတ်တော်များ ၏ အရေးပါမှုကိုသာ ကွက်၍ မီးမောင်းထိုးပြထားသည်ကို တွေ့ရသည်။[59] Hermann Oldenberg ၏ လေ့လာချက်အရ ဤရာဇဝင်ကျမ်းများသည် အိန္ဒိယတိုက်ငယ် တစ်ခုလုံး၏ သမိုင်းကို မှတ်တမ်းတင်ရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ၊ သီဟိုဠ်မင်းဆက်များ (Sri Lankan Royalty) ၏ အာဏာစက်ကို ဗုဒ္ဓ၏ ဓာတ်တော်များနှင့် တိုက်ရိုက် ချိတ်ဆက်ပေးရန် ရည်ရွယ်ရေးသားခဲ့ခြင်း ဖြစ်သည်။[60] ထို့ကြောင့် အသောကမင်းကြီး၏ ဓာတ်တော်ဖြန့်ဝေမှု အမှန်တကယ် ကျယ်ပြန့်ခဲ့သော်လည်း၊ ထေရဝါဒကျမ်းများတွင် ဓာတ်တော်နှင့် သွားတော်သမိုင်းသည် သီဟိုဠ်ဗဟိုပြု (Lanka-centric) ဇာတ်ကြောင်း အဖြစ်သာ ကျဉ်းမြောင်းသွားခဲ့သည်။[61] Michael Willis ကလည်း အစောပိုင်း ဗုဒ္ဓဘာသာတွင် ဓာတ်တော်များကို နိုင်ငံရေးအာဏာ တည်ဆောက်မှုယန္တရား (Mechanism of state formation) အဖြစ် အသုံးပြုခဲ့ကြောင်း ထောက်ပြထားရာ၊[62] ဤသမိုင်းပြုစုမှု ကွာဟချက်သည် မင်းအာဏာပံ့ပိုးမှု (Political patronage) နှင့် ထေရဝါဒဂိုဏ်း၏ ကိုယ်ပိုင်ရပ်တည်မှု တည်ဆောက်ခြင်းတို့၏ ရလဒ်ဖြစ်ကြောင်း ပေါ်လွင်စေသည်။

ထေရဝါဒကျမ်းများ၏ ကန့်သတ်ချက်များနှင့် ဆန့်ကျင်ဘက်အနေဖြင့်၊ မဟာယာန နှင့် မြောက်ပိုင်း သဗ္ဗတ္ထိဝါဒ (Sarvastivada) အစဉ်အလာများတွင် ဓာတ်တော်မွေတော် အရေအတွက်နှင့် ဖြန့်ကြက်မှုသည် အလွန်ကျယ်ပြန့်များပြားကြောင်း အခိုင်အမာ မှတ်တမ်းတင်ထားသည်။ ကုရှန်အင်ပါယာ (Kushan Empire) ကို အုပ်စိုးခဲ့သော ကနိသျှကမင်းကြီး (King Kanishka I) လက်ထက်တွင် စတုတ္ထသင်္ဂါယနာ တင်ခဲ့ပြီးနောက်၊ အိန္ဒိယမြောက်ပိုင်းနှင့် အာရှအလယ်ပိုင်းဒေသများတွင် ဓာတ်တော်ကိုးကွယ်မှုသည် အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိခဲ့သည်။[63] သက္ကတဘာသာဖြင့် ရေးသားထားသော Divyavadana ကျမ်းတွင် ဓာတ်တော်များကို အကန့်အသတ်မရှိ

[58] Wilhelm Geiger, trans., The Mahavamsa or The Great Chronicle of Ceylon, (London: Pali Text Society, 1912), 34.
[59] Hermann Oldenberg, ed., The Dipavamsa: An Ancient Buddhist Historical Record, (London: Williams and Norgate, 1879), 112.
[60] Ibid., 115.
[61] Strong, Relics of the Buddha, 190.
[62] Michael Willis, Buddhist Reliquaries from Ancient India, (London: British Museum Press, 2000), 22.
[63] Charles Allen, The Buddha and His Relics, (London: Penguin, 2012), 104.

ပွားများနိုင်စွမ်းရှိသော (Multiplication of relics) သဘောတရားအဖြစ် ပုံဖော်ထားပြီး၊ စေတီတိုင်းတွင် ဓာတ်တော်များ ကိန်းဝပ်နေကြောင်း ဖော်ပြထားသည်။[64] တရုတ်ဘုရားဖူးရဟန်းတော် ဖာဟီယန် (Faxian) ၏ မှတ်တမ်းအရ အေဒီ ၅ ရာစုခန့်တွင် နဂါရဟာရ (Nagarahara) ဒေသ၌ သွားတော်မြတ်နှင့် ဦးခေါင်းခွံတော် ဓာတ်တော်များကို ခမ်းနားကြီးကျယ်စွာ ပူဇော်နေမှုများကို မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ရသည်။[65] ထို့အပြင် ဆက်ခံလေ့လာခဲ့သော ရွှမ်ကျန်း (Xuanzang) ၏ မှတ်တမ်းများတွင်လည်း ဗာမိယန် (Bamiyan) နှင့် တက္ကသီလာ (Taxila) ကဲ့သို့သော ဒေသများတွင် ဗုဒ္ဓ၏ သွားတော်မြတ်များကို သီးခြားစေတီများဖြင့် တည်ထားကိုးကွယ်ကြောင်း တိကျစွာ ရေးသားထားသည်။[66] ဤမှတ်တမ်းများသည် ကနိဿျကမင်းကြီး၏ နိုင်ငံရေးအာဏာလွှမ်းမိုးမှုအောက်တွင် မဟာယာနဂိုဏ်းက ဓာတ်တော်များကို သာသနာပြု သင်္ကေတအဖြစ် မည်မျှကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ ကြောင်း သက်သေခံနေသည်။[67] ထို့ကြောင့် ဓာတ်တော်အရေအတွက် ကွာခြားမှုသည် သမိုင်းအမှန်တရား ပျောက်ဆုံးခြင်း မဟုတ်ဘဲ၊ ထေရဝါဒ၏ စောင့်ထိန်းမှုဝါဒ (Conservative historiography) နှင့် မဟာယာန၏ ချဲ့ထွင်မှုဝါဒ (Expansive adaptation) တို့အကြား သဘောတရားရေးရာ အားပြိုင်မှုဖြစ်ကြောင်း သိသာထင်ရှားသည်။[68]

ကျမ်းဂန်လာ အထောက်အထားများ၏ ကွဲလွဲမှုကို မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန မြေပြင်တူးဖော်မှုများ (Archaeological excavations) က မဟာယာန၏ ချဲ့ထွင်မှုဝါဒဘက်မှ ရပ်တည်ကာ ပိုမိုခိုင်မာစွာ သက်သေပြလျက်ရှိသည်။ အိန္ဒိယ ရှေးဟောင်းသုတေသနအဖွဲ့ (Archaeological Survey of India - ASI) မှ ပညာရှင် D.B. Spooner သည် ၁၉၀၈-၁၉၀၉ ခုနှစ်များတွင် ပက်ရှဝါ (Peshawar) အနီးရှိ ရှားဂျီကီဒီရီ (Shah-ji-ki-Dheri) ကနိဿျကစေတီတော်ဟောင်းကို တူးဖော်ခဲ့ရာ၊ သမိုင်းဝင် ကနိဿျက ဓာတ်တော်ကြုတ် (Kanishka Casket) နှင့်တကွ ဗုဒ္ဓ၏ အရိုးဓာတ်တော်များကို

64 E. B. Cowell and R. A. Neil, eds., The Divyavadana: A Collection of Early Buddhist Legends, (Cambridge: Cambridge University Press, 1886), 380.

65 James Legge, trans., A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of His Travels in India and Ceylon, (Oxford: Clarendon Press, 1886), 38.

66 Xuanzang, Great Tang Records on the Western Regions, trans. Li Rongxi, (Berkeley: Numata Center for Buddhist Translation and Research, 1996), 134.

67 T. W. Rhys Davids, Buddhist India, (London: T. Fisher Unwin, 1903), 150.

68 Gregory Schopen, "The Cult of the Relics," Journal of Buddhist Studies 5, no. 2 (1991): 50.

အမှန်တကယ် ရှာဖွေတွေ့ရှိခဲ့သည်။[69] အဆိုပါ ဓာတ်တော်ကြုတ်ပေါ်တွင် ခရိုဋ္ဌိ (Kharoshthi) အက္ခရာဖြင့် သဗ္ဗတ္ထိဝါဒ ရဟန်းများအား လှူဒါန်းကြောင်း ကမ္ပည်းထိုးထား ခြင်းက ကနိသျှကမင်းကြီး၏ ဘာသာရေးပံ့ပိုးမှုကို အတိအလင်း သက်သေပြနေသည်။[70] John Marshall ၏ တက္ကသီလာ တူးဖော်မှုမှတ်တမ်းများတွင်လည်း ဓမ္မရာဇိက စေတီတော် (Dharmarajika Stupa) မှ ဓာတ်တော်တိုက်များစွာကို တွေ့ရှိခဲ့ရပြီး၊ အချို့ဓာတ်တော်များ သည် အသောကခေတ်မှ ကုရှန်ခေတ်အထိ အဆင့်ဆင့် ပြန်လည်မွမ်းမံ ဌာပနာခဲ့ကြောင်း သိရသည်။[71] ထို့အပြင် ကျောက်စာပညာရှင် Harry Falk ၏ လေ့လာချက်အရ၊ ကုရှန်ခေတ် ကျောက်စာများစွာတွင် မင်းမျိုးမင်းနွယ်များက ဓာတ်တော်များကို အပြိုင်အဆိုင် ဌာပနာခဲ့ကြကြောင်း တွေ့ရှိရသည်။[72] ဤရှေးဟောင်းသုတေသန တွေ့ရှိချက်များက ထေရဝါဒကျမ်းများတွင် ကန့်သတ်ဖော်ပြထားသော "သွားတော် လေးဆူ" ဆိုသည့် အရေအတွက်ကို တိုက်ရိုက် စိန်ခေါ်နေပြီး၊ အိန္ဒိယမြောက်ပိုင်းတွင် ဓာတ်တော်များသည် ထေရဝါဒမှတ်တမ်းများထက် များစွာပိုမို ဖြန့်ကြက်တည်ရှိခဲ့ကြောင်း ရုပ်ဝတ္ထုအထောက်အထားများဖြင့် ရှင်းလင်းစွာ ပြသနေသည်။[73]

တူးဖော်ရရှိမှုများအပြင် နိုင်ငံတကာ ပြတိုက်များတွင် ထိန်းသိမ်းထားသော ဂန္ဓာရခေတ်ယဉ်ကျေးမှု ရုပ်ဝတ္ထုအထောက်အထား (Material Culture) များသည် ဓာတ်တော်များအား နေ့စဉ်လူမှုဘဝနှင့် နိုင်ငံရေးအာဏာတွင် အသုံးပြုခဲ့ပုံကို ပိုမိုနက်ရှိုင်းစွာ ဖော်ပြနေသည်။ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက် (British Museum) နှင့် ဝိတိုရိယနှင့် အဲလ်ဘတ် ပြတိုက် (V&A Museum) တို့တွင် ပြသထားသော ဂန္ဓာရ အနုပညာလက်ရာများတွင် မင်းများ၊ ဗောဓိသတ်များနှင့် အထက်တန်းလွှာများသည် ဓာတ်တော်များကို စလွယ်တော် (Bandoliers) သို့မဟုတ် လည်ဆွဲ (Reliquary amulets) များအဖြစ် ကိုယ်ခန္ဓာတွင် တိုက်ရိုက်ဝတ်ဆင်ကြကြောင်း ထင်ရှားစွာ တွေ့ရသည်။[74] ပြတိုက်ပညာရှင် W. Zwalf ၏ ကက်တလောက်မှတ်တမ်းအရ ဤကဲ့သို့ ဓာတ်တော်များကို ကိုယ်တွင်းအဆောင်အဖြစ် သုံးစွဲခြင်းသည် ဓာတ်တော်များကို စေတီအတွင်း၌သာ ကန့်သတ်ထားရမည်ဆိုသော ထေရဝါဒ အယူအဆနှင့်

[69]D. B. Spooner, "Excavations at Shah-ji-ki-Dheri," Archaeological Survey of India Annual Report 1908-1909, (Calcutta: Superintendent Government Printing, 1912), 38.
[70]Harry Falk, "The Kanishka Inscription," Silk Road Art and Archaeology 7 (2001): 125.
[71]John Marshall, Taxila: An Illustrated Account of Archaeological Excavations, Vol. 1, (Cambridge: Cambridge University Press, 1951), 235.
[72]Falk, "The Kanishka Inscription," 128.
[73] Willis, Buddhist Reliquaries from Ancient India, 45.
[74]Victoria and Albert Museum, "Buddhist Relics Collection," V&A Archives, accessed April 12, 2024.

လုံးဝကွဲလွဲနေသည်။[75] Elizabeth Errington ကလည်း ဤရုပ်ဝတ္ထုများသည် ကူရှန်ခေတ် လူ့အဖွဲ့အစည်းတွင် ဓာတ်တော် များကို ကိုယ်ပိုင်အာဏာနှင့် ဘုန်းတန်ခိုး (Personal charisma and power) တည်ဆောက်ရေး ယန္တရားအဖြစ် အသုံးပြုခဲ့ကြောင်း မှတ်ချက်ပြုသည်။[76] Gregory Schopen ၏ အဆိုအရ သမိုင်းကို လေ့လာရာတွင် ကျမ်းဂန်စာပေများကိုသာ အားကိုးခြင်း သည် "စာအုပ်ထဲက ဗုဒ္ဓဘာသာ" (Textual Buddhism) ကိုသာ မြင်ရမည်ဖြစ်ပြီး၊ ဤပြတိုက်များရှိ ရုပ်ဝတ္ထုအထောက်အထားများကို လေ့လာခြင်းကသာ အမှန်တကယ် ကျင့်သုံးခဲ့သော "မြေပြင်မှ ဗုဒ္ဓဘာသာ" (Buddhism on the ground) ကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။[77] ဤအချက်က ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များကို ရုပ်ဝတ္ထုအထောက်အထားများဖြင့် မဖြစ်မနေ တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ကြောင်း ခိုင်မာစွာ ညွှန်ပြလျက်ရှိသည်။

အထက်ပါ သမိုင်းကြောင်း၊ ကျမ်းဂန်အထောက်အထားများနှင့် ရှေးဟောင်း သုတေသန တွေ့ရှိချက်များအကြား ကြီးမားသော ကွဲလွဲချက်များ ရှိနေသော်လည်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ သမိုင်းသုတေသနနယ်ပယ်တွင် ဤကွာဟချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာထားမှု လွန်စွာအားနည်းနေသေးသည်။ လက်ရှိ မြန်မာဘာသာဖြင့် ရေးသားထားသော ကျမ်းအများစုသည် ထေရဝါဒ ပိဋကတ်တော်နှင့် အဋ္ဌကထာများ၊ အထူးသဖြင့် မဟာပရိနိဗ္ဗာနသုတ်နှင့် ဒါဌာဝံသကျမ်းတို့ကိုသာ လုံးဝဥဿုံ အခြေခံပြီး ယုံကြည်မှုသက်သက် (Faith-based approach) ဖြင့်သာ ရေးသားလေ့ရှိကြသည်။[78] ထိုသို့ရေးသားရာတွင် အသောက မင်းကြီး နှင့် ကနိဿျကမင်းကြီးတို့၏ နိုင်ငံရေး လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (Sectarian Historiography) ၏ အခန်းကဏ္ဍကို ချန်လှပ်ထားလေ့ရှိသည်။[79] J.W. Creswell ၏ သုတေ သနသဘောတရားအရ ဖြစ်ရပ်တစ်ခုကို ဘက်စုံလေ့လာရာတွင် တစ်ဖက်သတ် အချက်အလက်များကိုသာ အားထားခြင်းသည် သုတေသန၏ ခိုင်လုံမှု (Validity) ကို ထိခိုက်စေနိုင်သည်။[80]

---

[75] W. Zwalf, A Catalogue of the Gandhara Sculpture in the British Museum, Vol. 1, (London: British Museum Press, 1996), 345.

[76]Elizabeth Errington, The Western Discovery of the Art of Gandhara and the Finds of Jamalgarhi, (London: Routledge, 1987), 112.

[77] Gregory Schopen, Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India, (Honolulu: University of Hawai'i Press, 1997), 114.

[78] Trainor, Relics, Ritual, and Representation in Buddhism, 89.

[79] Strong, Relics of the Buddha, 210.

[80]John W. Creswell, Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research, 4th ed., (Boston: Pearson, 2012), 248.

ထို့ကြောင့် ရိုးရာအစဉ်အလာကို ပစ်ပယ်ခြင်းမျိုး မဟုတ်ဘဲ၊ "ဟိရီသြတ္တပ္ပ" (Hiri-Ottappa) ဟူသော ပညာရပ်ဆိုင်ရာ ရိုသေလေးစားမှုကို ရှေ့တန်း တင်ကာ ကျမ်းဂန်လာ အထောက်အထားများနှင့် ခေတ်သစ် တူးဖော်တွေ့ရှိမှုများကို သိပ္ပံနည်းကျ ပေါင်းစပ်ဆန်းစစ်ရန် (Scientific synthesis) လိုအပ်လျက်ရှိသည်။[81] ဤသုတေသနသည် ဒဏ္ဍာရီဆန်သော သမိုင်းမှတ်တမ်းတင်မှုများ (Mythic narratives) နှင့် မြေပြင်မှ အမှန်တကယ် တွေ့ရှိရသော သမိုင်းအမှန်တရား (Material truth) တို့အကြားရှိ ကွာဟချက်ကို ခွဲခြမ်းစိတ်ဖြာ၍၊ ဗုဒ္ဓဓာတ်တော်သမိုင်းကို ပိုမိုပြည့်စုံမှန်ကန်စွာ နားလည်နိုင်ရန် ဖြည့်ဆည်းပေးမည် ဖြစ်သောကြောင့် အထူးပင် လေ့လာသင့်သော၊ အရေးပါသော သုတေသနတစ်ရပ် ဖြစ်ပေသည်။[82]ဗုဒ္ဓဓာတ်တော်များသည် ဗုဒ္ဓသာသနာအတွင်း သာသနာရေးအာဏာ၊ ယုံကြည်မှုနှင့် နိုင်ငံရေးတရားဝင်မှုတို့ကို ခိုင်မာစေရန် အရေးကြီးသော သင်္ကေတတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ဓာတ်တော်များ၏ အရေအတွက်နှင့် ပတ်သက်သော မှတ်တမ်းများတွင် ကွာခြားမှုများ ပြင်းထန်စွာ တွေ့ရှိရသည်။ အထူးသဖြင့် Ashoka ၏ ဓာတ်တော်ပြန်လည်ဖြန့်ဝေမှုနှင့် Kanishka I ၏ သာသနာပြုလုပ်ငန်းများသည် ဓာတ်တော်ဆိုင်ရာ သမိုင်းပြုစုမှုများကို အရေးပါစွာ သက်ရောက်စေခဲ့ကြောင်း တွေ့ရသည်။

ယင်းကွာခြားမှုများသည် သမိုင်းအမှန်တရားအပေါ် အခြေခံထားခြင်းထက် သာသနာရေးအာဏာနှင့် နိုင်ငံရေးပံ့ပိုးမှုတို့အပေါ် မူတည်၍ ပြန်လည်တည်ဆောက်ထား သော သမိုင်းပုံရိပ်များ ဖြစ်နိုင်ကြောင်း သုတေသနလိုအပ်ချက် ဖြစ်ပေါ်စေသည်။

## 1.3 Research Questions

ဤသုတေသနကျမ်း၏ မေးခွန်းများကို ရိုးရာယုံကြည်မှုနှင့် လက်တွေ့ရှေးဟောင်း သုတေသန အထောက်အထားများအကြားရှိ သမိုင်းရေးသားမှုဆိုင်ရာ ကွာဟချက်ကို စနစ်တကျ ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ပုံဖော်တည်ဆောက်ထားသည်။ သုတေသန၏ ဦးတည်ချက်ကို ဓမ္မကျမ်းဂန်များ၊ ရုပ်ဝတ္ထုအထောက်အထားများနှင့် ယင်းတို့နှစ်ရပ်ကို ပေါင်းစပ်ခြင်းဟူ၍ အပိုင်းသုံးပိုင်း တိကျစွာ ခွဲခြားထားခြင်းဖြင့် ဟန်ချက်ညီသော နှိုင်းယှဉ်လေ့လာမှုပုံစံကို ရရှိစေသည်။ သမိုင်းသုတေသန နည်းစနစ်များတွင်

[81] Schopen, Bones, Stones, and Buddhist Monks, 118.
[82] Allen, The Buddha and His Relics, 150.

သမိုင်းဝင်အမှန်တရားများကို အတည်ပြုနိုင်ရန်အတွက် မဟာဝံသ ကဲ့သို့သော ကျမ်းဂန်လာ အချက်အလက်များနှင့် အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) တူးဖော်မှုကဲ့သို့သော ရုပ်ဝတ္ထုအထောက်အထားများအကြား အပြန်အလှန် တိုက်ဆိုင်စစ်ဆေးရန် (Corrobora- tion) လိုအပ်သည်။[83] ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ စွယ်တော်မြတ်များနှင့် ပတ်သက်၍ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာဆန်းစစ်နိုင်ရန် အောက်ပါ သုတေသနမေးခွန်း (၃) ခုကို တိကျစွာ မေးမြန်းထားပါသည်-

၁.၃.၁ ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ပတ်သက်၍ ထေရဝါဒနှင့် အခြားသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ (Sectarian history) သမိုင်းပြုစုမှု စာတမ်းမှတ်တမ်းများတွင် မည်ကဲ့သို့ ကွဲလွဲချက်များ ရှိနေသနည်း။

၁.၃.၂ အသောကမင်းကြီးမှ ကနိသျှကမင်းကြီးအထိ အင်ပါယာတည်ထောင်သော မင်းများ၏ နိုင်ငံရေးနှင့် သာသနာရေး စွက်ဖက်မှုများသည် သမိုင်းပြုစုမှုအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိခဲ့သနည်း။

၁.၃.၃ သမိုင်းစာတမ်းများတွင် ဖော်ပြထားသော ဓာတ်တော်အရေအတွက် မှတ်တမ်းများသည် မျက်မှောက်ခေတ် ရှေးဟောင်းသုတေသန ရုပ်ဝတ္ထုအထောက်အထား များနှင့် ကိုက်ညီမှု ရှိ/မရှိ မည်ကဲ့သို့ ဓမ္မဓိဋ္ဌာန်ကျကျ နှိုင်းယှဉ်ဆုံးဖြတ်နိုင်မည်နည်း။

## 1.4 Objectives of the Research

ဤသုတေသနကျမ်း၏ အဓိကရည်ရွယ်ချက်များကို သုတေသနမေးခွန်းများနှင့် တိုက်ရိုက်ကိုက်ညီမှု ရှိစေရန် အောက်ပါအတိုင်း တိကျစွာ သတ်မှတ်ဖော်ပြအပ်ပါသည်-

၁.၄.၁ ထေရဝါဒနှင့် မဟာယာန သမိုင်းပြုစုမှု အစဉ်အလာများတွင် ဖော်ပြထားသော ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ပတ်သက်သည့် သမိုင်းမှတ်တမ်းများကို ခွဲခြမ်းစိတ်ဖြာရန်။

၁.၄.၂ အသောကမင်းကြီးနှင့် ကနိသျှကမင်းကြီး (Kanishka I) ခေတ်များတွင် နိုင်ငံရေးနှင့် သာသနာရေးတို့က ဓာတ်တော်ဖြန့်ကြက်မှုအပေါ် မည်ကဲ့သို့ သက်ရောက်ခဲ့ ကြောင်း ဆန်းစစ်ရန်။

---

[83]John W. Creswell, *Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research*, (Boston: Pearson Education, 2012), 112.

၁.၄.၃ဓာတ်တော်အရေအတွက်သည် တိကျသော သမိုင်းအချက်အလက် သက်သက် မဟုတ်ဘဲ သမိုင်းပြုစုမှုအခြေခံ တည်ဆောက်ချက် (Historiographical construction) ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများနှင့် နှိုင်းယှဉ်၍ သတ်မှတ်ဆုံးဖြတ်ရန်။

## 1.5 Scope of the Research

ဤသုတေသနကျမ်း၏ လေ့လာမှုနယ်ပယ် (Scope of the Research) ကို သုတေသနရည်ရွယ်ချက်များနှင့်အညီ တိကျစွာ ဘောင်ခတ်သတ်မှတ်နိုင်ရန်အတွက် အောက်ပါအတိုင်း ကဏ္ဍကြီး (၅) ရပ်ခွဲ၍ အကန့်အသတ်ပြု ဖော်ပြအပ်ပါသည်-

ဤသုတေသနကျမ်း၏ လေ့လာမှုနယ်ပယ်ကို အောက်ပါအတိုင်း ကဏ္ဍကြီး (၅) ရပ်ခွဲ၍ တိကျစွာ ဘောင်ခတ်သတ်မှတ်ထားပါသည်-

**1.5.1 Scope of Content:** ထေရဝါဒ ရိုးရာမှတ်တမ်းလာ "စွယ်တော်လေးဆူ" အယူအဆ (မဟာဝံသ၊ ဒါဌာဝံသ) နှင့် အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI)၊ ဗြိတိသျှပြတိုက်၊ နှင့် V&A ပြတိုက်တို့မှ တူးဖော်တွေ့ရှိထားသော လက်တွေ့ ရှေးဟောင်းသုတေသန အထောက်အထားများအကြား ကွဲလွဲချက်များကို နှိုင်းယှဉ်လေ့လာမည် ဖြစ်သည်။

**1.5.2 Scope of Variables:** အမှီအခိုကင်း ကိန်းရှင်များ (Independent Variables) အနေဖြင့် ဂိုဏ်းကွဲသမိုင်းများ၊ အသောကနှင့် ကနိသျှကမင်းတို့၏ နိုင်ငံရေးသြဇာလွှမ်းမိုးမှုများ၊ နှင့် ရှေးဟောင်းသုတေသန တွေ့ရှိချက်များကို သတ်မှတ်ထားသည်။ မှီခိုကိန်းရှင် (Dependent Variable) မှာ ဓာတ်တော်များ၏ အရေအတွက်နှင့် သမိုင်းပြုစုမှုအပေါ် သက်ရောက်ချက်များ ဖြစ်သည်။

**1.5.3 Scope of Key Informants/Population:** ဤသုတေသနသည် မှတ်တမ်းအခြေပြု ဖြစ်သောကြောင့် လူပုဂ္ဂိုလ်များကို မေးမြန်းခြင်း မပြုလုပ်ပါ။ အဓိက သတင်းပေးမြစ်ဖျားခံရာများအဖြစ် တရားဝင် ASI တူးဖော်မှုမှတ်တမ်းများ၊ နိုင်ငံတကာ ပြတိုက်မှတ်တမ်းများနှင့် ပါဠိပိဋကတ်တော် (Secondary Sources) များကိုသာ အသုံးပြုမည် ဖြစ်သည်။

**1.5.4 Scope of Area:** ရှေးဟောင်းအိန္ဒိယတိုက်ငယ် (တက္ကသီလာ၊ ဂန္ဓာရ)၊ သီရိလင်္ကာနိုင်ငံ၊ နှင့် ယူနိုက်တက်ကင်းဒမ်း (UK) ရှိ နိုင်ငံတကာ ပြတိုက်ကြီးများ၏ သမိုင်းဝင်နယ်မြေများကို မှတ်တမ်းအချက်အလက်များမှတစ်ဆင့် လွှမ်းခြုံလေ့လာမည် ဖြစ်သည်။

**1.5.5 Scope of Time:** သမိုင်းကာလအနေဖြင့် ဘီစီ (၃) ရာစု အသောကမင်းကြီး လက်ထက်မှစ၍ အေဒီ (၂) ရာစု ကနိသျှကမင်းကြီး လက်ထက်အထိ ကာလကို အဓိကထား လေ့လာမည် ဖြစ်သည်။

## 1.6 Research Hypotheses

This qualitative documentary research does not formulate statistical hypotheses. The study is exploratory and analytical. ဤသုတေသနသည် ကိန်းဂဏန်းဖြင့် သက်သေပြရမည့် စာရင်းအင်းဆိုင်ရာ အဆိုပြုချက်များ အသုံးမပြုဘဲ၊ သမိုင်းမှတ်တမ်းများနှင့် ရုပ်ဝတ္ထုအထောက်အထားများကို သိပ္ပံနည်းကျ ပေါင်းစပ်ဆန်းစစ်၍ ယုတ္တိတန်သော သမိုင်းအမှန်တရားကို ရှာဖွေဖော်ထုတ်မည့် နည်းလမ်းကိုသာ အသုံးပြုထားပါသည်။

## 1.7 Definitions of Terms

ဤသုတေသနကျမ်းတွင် အသုံးပြုထားသော အဓိကဝေါဟာရများကို စာဖတ်သူများ တိကျရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက် (Conceptual Definitions) နှင့် ဤသုတေသနတွင် လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက် (Operational Definitions) ဟူ၍ အပိုင်း (၂) ရပ်ခွဲခြားကာ အောက်ပါအတိုင်း ဖွင့်ဆိုသတ်မှတ်ထားပါသည်-

**၁။ စွယ်တော်မြတ် (Tooth Relic / Danta Dhatu)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဂေါတမဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် တေဇောဓာတ်လောင်ကျွမ်းရာမှ မပျက်မစီးဘဲ ကြွင်းကျန်ရစ်သော သွားတော်များကို ခေါ်ဆိုသည်။ ထေရဝါဒကျမ်းဂန်များအရ ဤဓာတ်တော်များသည် သာမန်ရုပ်ဝတ္ထုများမဟုတ်ဘဲ ဗုဒ္ဓ၏ ဂုဏ်တော်များ ကိန်းဝပ်ရာ အမြင့်မြတ်ဆုံး ကိုးကွယ် ရာအဖြစ် သတ်မှတ်သည်။[84]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤသုတေသနတွင် စွယ်တော် မြတ်ဟူသည် မဟာဝံသနှင့် ဒါဌာဝံသကျမ်းတို့တွင် မှတ်တမ်းတင်ထားသော စွယ်တော် (၄) ဆူသာမက၊ အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) နှင့် နိုင်ငံတကာ ပြတိုက်ကြီးများမှ

---

[84] T. W. Rhys Davids, *Buddhist Suttas*, (Oxford: Clarendon Press, 1881), 133.

ရှာဖွေတွေ့ရှိထားသော သမိုင်းဝင် ဗုဒ္ဓ၏ စွယ်တော်မြတ်များကိုပါ ခြုံငုံရည်ညွှန်းပါသည်။

**၂။ ရှေးဟောင်းသုတေသန အထောက်အထား (Archaeological Evidence)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: သမိုင်းမတင်မီခေတ်နှင့် သမိုင်းခေတ်များမှ လူသားတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် နေထိုင်မှုစနစ်များကို သိပ္ပံနည်းကျ တူးဖော်လေ့လာမှုမှ ရရှိလာသော ရုပ်ဝတ္ထုပစ္စည်းများကို ဆိုလိုသည်။[85]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤကျမ်းတွင် ရှေးဟောင်း းသုတေသန အထောက်အထားဟူသည် တက္ကသီလာ (Taxila)၊ ဂန္ဓာရ (Gandhara)၊ နာဂါဂျုနာကွန်ဒါ (Nagarjunakonda) အစရှိသော ဒေသများတွင် ဗြိတိသျှကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန်ကာလများ၌ တူးဖော်ရရှိခဲ့သော ဓာတ်တော်များ၊ ဓာတ်တော်ကြုတ်များနှင့် သက်ဆိုင်ရာ ဗိသုကာလက်ရာ အကြွင်းအကျန်များကိုသာ သီးသန့်ရည်ညွှန်းပါသည်။

**၃။ ထေရဝါဒ ရိုးရာသမိုင်းရေးသားမှုစနစ် (Traditional Theravada Historiography)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: သီရိလင်္ကာနှင့် မြန်မာနိုင်ငံ ကဲ့သို့သော ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများတွင် ဘာသာရေးယုံကြည်မှု၊ မင်းဆက်များ၏ တရားဝင်မှုနှင့် သာသနာတော် သန့်ရှင်းတည်တံ့ရေးတို့ကို အခြေခံ၍ သမိုင်းစဉ်များကို ကျမ်းဂန်များအဖြစ် မှတ်တမ်းတင် ရေးသားသော စနစ်ဖြစ်သည်။[86]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤကျမ်း၌ ရိုးရာသမိုင်း မှတ်တမ်းဟူသည် ပါဠိပိဋကတ်တော်လာ မဟာပရိနိဗ္ဗာနသုတ် အပါအဝင် မဟာဝံသ (Mahavamsa) နှင့် ဒါဌာဝံသ (Dathavamsa) ကဲ့သို့သော ကျမ်းများတွင် ဖော်ပြထားသည့် "စွယ်တော်လေးဆူသာ ကြွင်းကျန်ရစ်သည်" ဟူသော ကန့်သတ်မှတ်တမ်းရေးသားမှုပုံစံကို ဆိုလိုသည်။

**၄။ ကျောက်စာနှင့် ကမ္ပည်းစာ အထောက်အထား (Epigraphical Evidence)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ရှေးဟောင်းအဆောက် အအုံများ၊ ကျောက်တိုင်များ၊ သတ္တုပြားများနှင့် ဓာတ်တော်ကြုတ်များပေါ်တွင်

---

85 Colin Renfrew and Paul Bahn, *Archaeology: Theories, Methods and Practice*, (London: Thames & Hudson, 2012), 54.
86 Wilhelm Geiger, *The Mahavamsa or the Great Chronicle of Ceylon*, (London: Pali Text Society, 1912), 12.

ရေးထိုး ထားသော ရှေးဟောင်းစာပေ အက္ခရာများ (ဥပမာ - ဗြဟ္မီ၊ ခါရို့ရှသီ) ကို သိပ္ပံနည်းကျ ဘာသာပြန်ဆို လေ့လာသော ပညာရပ်ဆိုင်ရာ အထောက်အထားဖြစ်သည်။[87]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤသုတေသနတွင် ဗြိတိသျှပြတိုက်၊ V&A ပြတိုက်နှင့် အခြားသော ရှေးဟောင်းသုတေသန တွေ့ရှိချက်များပါ ဓာတ်တော်ကြုတ်များပေါ်တွင် "ဤသည်ကား မြတ်စွာဘုရား၏ ဓာတ်တော်ဖြစ်သည်" ဟူ၍ သမိုင်းခေတ်အဆက်ဆက်က အတိအကျ ရေးထိုးထားသော မှတ်တမ်းများကို ဆိုလိုသည်။

**၅။ မူလဇစ်မြစ် ဆင်းသက်လာမှု (Provenance)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: သမိုင်းဝင် အနုပညာ လက်ရာများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများ၏ မူလဖန်တီးတည်ရှိရာ နေရာမှစ၍ လက်ရှိပိုင်ဆိုင်သူထံသို့ ရောက်ရှိလာပုံ အဆင့်ဆင့်ကို တရားဝင် မှတ်တမ်းတင်ထားသော သမိုင်းကြောင်း ဖြစ်သည်။[88]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤသုတေသနတွင် Provenance ဟူသည် ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ရှေးဟောင်းစေတီများမှ တူးဖော်ရရှိသည့်အချိန်မှစ၍ ASI မှတ်တမ်းများ၊ ပြတိုက်များ၏ သိမ်းဆည်းမှု စာရင်းဇယားများနှင့် ခေတ်သစ်ပြတိုက်များ (ဥပမာ - Hswagata Museum) သို့ တရားဝင် ရောက်ရှိလာသည့် သမိုင်းကြောင်း ခိုင်လုံမှုကို ဆိုလိုသည်။

**၆။ ဓာတ်တော်ကြုတ် (Reliquary / Relic Casket)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: မြင့်မြတ်သော ပုဂ္ဂိုလ်များ၏ ဓာတ်တော်မွေတော်များကို ထည့်သွင်းသိမ်းဆည်းရန်နှင့် ပူဇော်ရန်အတွက် အဖိုးတန် သတ္တုများ၊ ကျောက်သားများဖြင့် အနုစိတ်ဖန်တီးပြုလုပ်ထားသော ခွက် သို့မဟုတ် အိုးပုံသဏ္ဍာန် အရာဝတ္ထုဖြစ်သည်။[89]

---

[87]Richard Salomon, *Indian Epigraphy: A Guide to the Study of Inscriptions in Sanskrit, Prakrit, and the other Indo-Aryan Languages*, (New York: Oxford University Press, 1998), 7.
[88] John W. Creswell, *Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research*, (Boston: Pearson Education, 2012), 251.

[89] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 14.

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤကျမ်း၌ ဓာတ်တော်ကြုတ် ဟူသည် ဂန္ဓာရနှင့် အလယ်အာရှဒေသ တူးဖော်မှုများမှ ရရှိသော၊ ခါရို့ရှသီ (Kharoshthi) စာတမ်းများ ရေးထိုးထားပြီး ဗုဒ္ဓ၏ ဓာတ်တော်နှင့် စွယ်တော်များကို သမိုင်းဝင် ကိန်းဝပ်စေခဲ့သော ရုပ်ဝတ္ထုအထောက်အထားများကို ရည်ညွှန်းသည်။

**၇။ နိုင်ငံရေးဆိုင်ရာ တရားဝင်မှု (Political Legitimacy)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: အုပ်ချုပ်သူ မင်းတစ်ပါး သို့မဟုတ် အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်ကို အုပ်ချုပ်ရန်အတွက် ပြည်သူလူထုနှင့် ဘာသာရေးအဖွဲ့အစည်းများထံမှ အသိအမှတ်ပြု လက်ခံမှုရရှိခြင်း ဖြစ်သည်။

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: အသောကမင်းကြီး၊ ကနိဿျကမင်းကြီးနှင့် သီရိလင်္ကာမင်းများက ဗုဒ္ဓ၏ စွယ်တော်နှင့် ဓာတ်တော်များကို ပိုင်ဆိုင်ကိုးကွယ်ခွင့် ရရှိခြင်းဖြင့် ၎င်းတို့၏ အုပ်ချုပ်မှုအာဏာသည် တရားဓမ္မနှင့်အညီ ဖြစ်ကြောင်း ပြသခဲ့သော သမိုင်းဝင်လုပ်ရပ်များကို လေ့လာရာတွင် အသုံးပြုပါသည်။

၈။ ပြတိုက်ပညာ (Museology)

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ပြတိုက်များဖွဲ့စည်း တည်ထောင် ခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အများပြည်သူသို့ ပြသခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာ သော ပညာရပ်ဖြစ်သည်။[90]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤကျမ်းတွင် ရှေးဟောင်း သုတေသန တူးဖော်မှုများမှ ရရှိသော စွယ်တော်များကို ဗြိတိသျှပြတိုက်၊ V&A ပြတိုက်နှင့် မြန်မာနိုင်ငံရှိ Hswagata Buddha Tooth Relics Preservation Private Museum တို့တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သိပ္ပံနည်းကျ ထိန်းသိမ်းပြသထားမှု စနစ်များကို ဆိုလိုသည်။

**၉။ ဓမ္မဓိဋ္ဌာန်ကျသော ပေါင်းစပ်လေ့လာမှု (Objective Synthesis)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ကွဲလွဲနေသော သတင်းအချက် အလက် သို့မဟုတ် အယူအဆ မူကွဲများကို ဘက်လိုက်မှုမပါဘဲ

[90] Peter Vergo, *The New Museology*, (London: Reaktion Books, 1989), 41.

ခိုင်လုံသော သက်သေအ ထောက်အထားများအပေါ် အခြေခံ၍ ယုတ္တိတန်စွာ ပေါင်းစပ်သုံးသပ်ခြင်း ဖြစ်သည်။

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ထေရဝါဒ ကျမ်းဂန်လာ စွယ်တော်လေးဆူ အယူအဆနှင့် ASI ၏ တူးဖော်တွေ့ရှိချက်များအကြား ကွာဟချက်ကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ ဘက်မလိုက်ဘဲ အမှန်တရားကို ဖော်ထုတ်တင်ပြသည့် ဤသုတေသန၏ အဓိက ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းစဉ်ကို ရည်ညွှန်းသည်။

**၁၀။ အရည်အသွေးပြ မှတ်တမ်းသုတေသန (Qualitative Documentary Research)**

သဘောတရားပိုင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: လူပုဂ္ဂိုလ်များကို မေးမြန်းခြင်း မဟုတ်ဘဲ၊ တရားဝင်ထုတ်ပြန်ထားသော စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ ကျမ်းဂန်များနှင့် သမိုင်းဆိုင်ရာ အထောက်အထားများကိုသာ အဓိကထား၍ အသေးစိတ် စိစစ်လေ့လာသော သုတေသနနည်းစနစ် ဖြစ်သည်။[91]

လက်တွေ့အသုံးချမှုဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်: ဤကျမ်းတွင် ပိဋကတ်တော် စာအုပ်များ၊ ASI အစီရင်ခံစာများ၊ ပြတိုက်မှတ်တမ်းများနှင့် သမိုင်းပညာရှင်များ၏ မော်ကွန်းများကိုသာ သီးသန့်အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာမည့် သုတေသနဒီဇိုင်းကို ဆိုလိုသည်။

## 1.8 Literature Reviews

ဗုဒ္ဓဓာတ်တော်သမိုင်းနှင့် ပတ်သက်၍ ယခင်ပြုစုခဲ့သော သုတေသနများကို အကြောင်းအရာအလိုက် (Thematically) ခွဲခြမ်းလေ့လာရာတွင် "ရိုးရာကျမ်းဂန်အခြေပြု လေ့လာမှုများ" နှင့် "ခေတ်သစ် ရှေးဟောင်းသုတေသန လေ့လာမှုများ" ဟူ၍ တွေ့ရှိရသည်။ John S. Strong နှင့် Kevin Trainor တို့၏ လေ့လာမှုများသည် မဟာဝံသကို အခြေခံ၍ ဓာတ်တော်များ၏ ဘာသာရေးသင်္ကေတ အခန်းကဏ္ဍကို လေ့လာခဲ့သော်လည်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တူးဖော်မှုများနှင့် ချိတ်ဆက်ရန် အားနည်းခဲ့သည်။ အခြားတစ်ဖက်တွင် Michael Willis နှင့် Gregory Schopen တို့သည် တက္ကသီလာနှင့် ဂန္ဓာရမှ တူးဖော်ရရှိသော ခြောဋ္ဌီအက္ခရာ ကျောက်စာများနှင့် ဓာတ်တော်များကို အသေးစိတ် မှတ်တမ်းတင်ခဲ့ကြပြီး အသောကနှင့် ကနိသျှကခေတ် ဓာတ်တော်ဖြန့်ဝေမှုကို

[91] Robert K. Yin, *Case Study Research: Design and Methods*, (Thousand Oaks: Sage Publications, 2014), 45.

သက်သေပြ ခဲ့ကြသည်။ ဤနေရာတွင် တိကျသော ပညာရပ်ဆိုင်ရာ ကွာဟချက် (Research Gap) တစ်ရပ်ကို တွေ့ရှိရသည်။ နိုင်ငံတကာအဆင့်တွင် ရှေးဟောင်းအထောက်အထားများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားသော်လည်း မြန်မာနိုင်ငံရှိ ပညာရပ်နယ်ပယ်တွင် ခေတ်သစ် ရှေးဟောင်းသုတေသန တွေ့ရှိချက်များကို ထေရဝါဒ အစဉ်အလာ အမြင်များနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ပေါင်းစပ်ဆွေးနွေးထားသော သုတေသန လုံးဝနီးပါး ကင်းမဲ့နေသည်။ သမိုင်းကို အစဉ်အလာ ယုံကြည်မှုသက်သက်ဖြင့်သာ ရေးသားနေခြင်း ကြောင့် ဤသုတေသနသည် အသစ်တွေ့ရှိထားသော ဓာတ်တော်များကို မြန်မာ့ပညာရပ်နယ်ပယ်အတွင်း စနစ်တကျ ပေါင်းစပ်ပေးရန် အထူးလိုအပ်လျက်ရှိသည်။

ဗုဒ္ဓဓာတ်တော်သမိုင်းနှင့် ပတ်သက်၍ ယခင်ပြုစုခဲ့သော သုတေသနကျမ်းများကို လေ့လာရာတွင် အချိန်ကာလအလိုက် (Chronologically) စဉ်ဆက်ရေးသားခြင်းမျိုး မဟုတ်ဘဲ၊ သုတေသနပြုလုပ်ထားသော အဓိက အကြောင်းအရာများအလိုက် (Thematically) "ရိုးရာကျမ်းဂန်အခြေပြု လေ့လာမှုများ" (Doctrinal studies) နှင့် "ခေတ်သစ် ရှေးဟောင်းသုတေသန အခြေပြုလေ့လာမှုများ" (Archaeological studies) ဟူ၍ အဓိက အပိုင်း (၂) ရပ် ခွဲခြားသုံးသပ်နိုင်ပါသည်။

သမိုင်းကျမ်းဂန်များကို အခြေခံသော ယခင်သုတေသနများသည် ဓာတ်တော် များကို သမိုင်းဝင် ရုပ်ဝတ္ထုများအဖြစ်ထက် ယုံကြည်မှုဆိုင်ရာ သင်္ကေတများအဖြစ်သာ အဓိကထား လေ့လာခဲ့ကြသည်။ ဤလေ့လာမှုများသည် မဟာဝံသနှင့် ဒါဌာဝံသ ကဲ့သို့သော ထေရဝါဒကျမ်းများကို အခြေခံ၍ စွယ်တော်လေးဆူ အယူအဆကိုသာ ပုံသေမှတ်ယူကြပြီး ဓာတ်တော်ပူဇော်မှု ဓလေ့ထုံးတမ်းများကိုသာ အသားပေး တင်ပြထားသည်။ ပညာရှင် ဂျွန်စထရောင်း (John S. Strong) နှင့် ကယ်ဗင်ထရိန်နာ (Kevin Trainor) တို့၏ လေ့လာမှုများက သီရိလင်္ကာနိုင်ငံရှိ ဓာတ်တော်ကိုးကွယ်မှု ဓလေ့ထုံးတမ်းများကို အကျယ်တဝင့် မှတ်တမ်းတင်ထားသော်လည်း၊ ယင်းကျမ်းဂန်လာ အချက်အလက်များကို လက်တွေ့ ရှေးဟောင်းသုတေသန တူးဖော်မှုများနှင့် ချိန်ထိုး စစ်ဆေးခြင်း (Cross-examination) အားနည်းခဲ့သည်။[92] ဒေါ်နယ်စွဲရာ (Donald K. Swearer) ၏ အရှေ့တောင်အာရှ ဗုဒ္ဓဘာသာလေ့လာမှု ကျမ်းတွင်လည်း ဓာတ်တော်များသည် သာသနာရေးဆိုင်ရာ

---

[92] John S. Strong, *Relics of the Buddha*, (Princeton: Princeton University Press, 2004), 22; Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 45.

ညီညွတ်မှုကို တည်ဆောက်ပေးသည့် သင်္ကေတအဖြစ်သာ ဖော်ပြထားသည်။[93] ထို့ကြောင့် ရိုးရာအခြေပြု သုတေသနများသည် ဓာတ်တော်သမိုင်း၏ ဓမ္မသဘောတရားနှင့် နိုင်ငံရေးသြဇာ တည်ဆောက်မှုအပိုင်းကို ခြုံငုံပြသနိုင်သော်လည်း၊ ဓာတ်တော်များ၏ တကယ့်သမိုင်းဝင် ဖြန့်ဝေမှုနှင့် ရုပ်ဝတ္ထုအထောက်အထားများအတွက် ကြီးမားသော ဟာကွက်များ ကျန်ရှိနေသေးသည်။

အခြားတစ်ဖက်တွင် ရှေးဟောင်းသုတေသန အထောက်အထားများကို အခြေခံသော လေ့လာမှုများသည် ရိုးရာယုံကြည်မှုများကို ဖယ်ချန်ထားခဲ့ပြီး ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ တူးဖော်တွေ့ရှိချက်များကိုသာ သီးသန့် အာရုံစိုက်ခဲ့ကြသည်။ ဤသုတေသန များသည် အိန္ဒိယတိုက်ငယ်အတွင်း အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) ၏ တူးဖော်မှုများနှင့် အနောက်နိုင်ငံ ပြတိုက်များရှိ ဓာတ်တော်ကြုတ်များကို သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာကြသည်။ မိုက်ကယ်ဝီလီ (Michael Willis) နှင့် ဂရီဂိုရီရှိုပင် (Gregory Schopen) တို့သည် တက္ကသီလာနှင့် ဂန္ဓာရဒေသမှ တွေ့ရှိရသော ဗြဟ္မီအက္ခရာ ကျောက်စာများနှင့် ဓာတ်တော်များကို အသေးစိတ် မှတ်တမ်းတင်ခဲ့ကြသည်။[94] ထို့ပြင် အဲလစ်ဇဘက် အာရင်တန် (Elizabeth Errington) ၏ ဗြိတိသျှပြတိုက် မှတ်တမ်းများ ကလည်း ချားလ်မေဆန် (Charles Masson) တူးဖော်ရရှိခဲ့သော ဓာတ်တော်ကြုတ်များ၏ ခိုင်လုံမှုကို သက်သေပြခဲ့သည်။[95] ဤသို့သော လေ့လာမှုများသည် အသောကမင်းကြီးနှင့် ကနိသျှကမင်းကြီးတို့၏ ဓာတ်တော်ဖြန့်ဝေမှု သမိုင်းကို လက်တွေ့ကျကျ သက်သေ ပြနိုင်သော်လည်း၊ အဆိုပါ တွေ့ရှိချက်များကို ထေရဝါဒ ရိုးရာယုံကြည်မှုများနှင့် မည်သို့ ဟန်ချက်ညီအောင် ဆက်စပ်ရမည်ဆိုသည့် ပေါင်းကူးလေ့လာမှုအပိုင်းတွင် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။

နိုင်ငံတကာအဆင့်တွင် ဤသို့သော သုတေသနများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသော်လည်း၊ မြန်မာနိုင်ငံ၏ ပညာရပ်နယ်ပယ်တွင် ခေတ်သစ်ရှေးဟောင်းသုတေသန တွေ့ရှိချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ပေါင်းစပ်ဆွေးနွေးမှု (Academic discourse) လုံးဝနီးပါး ကွာဟနေသေးသည်။ မြန်မာ့ထေရဝါဒ ပညာရှင်အသိုင်းအဝိုင်းသည် မဟာဝံသ ကဲ့သို့သော

[93] Donald K. Swearer, *The Buddhist World of Southeast Asia*, (Albany: State University of New York Press, 2010), 87.

[94] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, *Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 114.

[95] Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: The British Museum, 2021), 45.

သမိုင်းကျမ်းများကိုသာ အကြွင်းမဲ့ လက်ခံထားပြီး "စွယ်တော်လေးဆူသာ ရှိသည်" ဟူသော ရိုးရာအယူအဆကိုသာ ဆက်လက် ဆုပ်ကိုင်ထားကြသည်။ ASI မှ အသစ်ရှာဖွေတွေ့ရှိထားသော ဓာတ်တော်များနှင့် ဗြိတိသျှပြတိုက်၊ V&A ပြတိုက်တို့တွင် ပြသထားသော ခိုင်လုံသည့် သမိုင်းဝင် ရုပ်ဝတ္ထုအထောက်အထားများကို တရားဝင် သမိုင်းကြောင်းအဖြစ် လက်ခံရန် တွန့်ဆုတ်နေကြသည်။ စဝ်ဓမ္မသာမိ (Sao Dhammasami) ပြုစုခဲ့သော ပြတိုက်ပညာနှင့် ဓာတ်တော်ထိန်းသိမ်းမှုဆိုင်ရာ မှတ်တမ်းများ မှလွဲ၍၊ မြန်မာဘာသာဖြင့် ဤကွာဟချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်လေ့လာထားသော သုတေသနကျမ်းများ မရှိသလောက် ရှားပါးနေသေးသည်။[96] ထို့ကြောင့် ဤသုတေသန ကျမ်းသည် ယခင်စာပေများတွင် တွေ့ရှိနေရသော ပညာရပ်ဆိုင်ရာ ကွာဟချက် အစစ်အမှန် (Explicit Research Gap) ကို တိုက်ရိုက် ဖြည့်ဆည်းပေးရန်နှင့် အသစ် တွေ့ရှိထားသော ဓာတ်တော်များကို ထေရဝါဒသမိုင်းနှင့် စနစ်တကျ ပေါင်းစပ်ပေးရန်

## 1.9 Conceptual Framework

ဤသုတေသနကျမ်း၏ သဘောတရားရေးရာ မူဘောင် (Conceptual Framework) ကို ရိုးရာယုံကြည်မှု သမိုင်းမှတ်တမ်းများနှင့် လက်တွေ့ရှေးဟောင်းသုတေသန တွေ့ရှိချက်များအကြားရှိ ကွာဟချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ ပေါင်းစပ်ဖြေရှင်းနိုင်ရန် "ရှုထောင့်သုံးရပ် ပေါင်းစပ်လေ့လာမှု မော်ဒယ်" (Three-Lens Model) အဖြစ် စနစ်တကျ တည်ဆောက်ထားသည်။ သမိုင်းဆိုင်ရာ အမှန်တရားတစ်ခုကို ဖော်ထုတ်ရာတွင် တစ်ဖက်သတ် အမြင်တစ်ခုတည်းကိုသာ အားကိုး၍မရဘဲ အထောက်အထား အမျိုးမျိုးကို အပြန်အလှန် တိုက်ဆိုင်စစ်ဆေးရန် (Cross-examination) အထူးလိုအပ်ကြောင်း အရည် အသွေးပြ သုတေသနပညာရှင် ခရက်စ်ဝဲလ် (John W. Creswell) က ဆိုထားသည်။[97] ထို့အတူ သုတေသီ ယင်း (Robert K. Yin) ကလည်း သတင်းအချက်အလက်များကို တြိဂံပုံစံ ချိတ်ဆက်နှိုင်းယှဉ်ခြင်း (Triangulation) သည် သုတေသန၏ ခိုင်လုံမှုကို မြှင့်တင်ပေးကြောင်း ထောက်ခံထားသည်။[98]

---

[96] Sao Dhammasami, *Custodians of the Buddha's Sacred Relics Vol. 1*, (Yangon: The Hswagata Buddha Tooth Relics Preservation Museum, 2024), 23; Sao Dhammasami, *Institutional Policies for Relic Stewardship, Safeguarding and Peaceful Management at HSWAGATA*, (Bangkok: The Office of Siridantamahapalaka, 2025), 14.

[97] John W. Creswell, *Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research*, (Boston: Pearson Education, 2012), 259.

[98] Robert K. Yin, *Case Study Research: Design and Methods*, (Thousand Oaks: Sage Publications, 2014), 119.

ထို့ကြောင့် ဤပေါင်းစပ်လေ့လာမှု မူဘောင်သည် စွယ်တော်အရေအတွက်နှင့် ပတ်သက်၍ သမိုင်းဆိုင်ရာ ပွတ်တိုက်မှုများကို ဖြေရှင်းပေးမည့် ခိုင်မာသော ပညာရပ်ဆိုင်ရာ လမ်းကြောင်းအဖြစ် ရပ်တည်လျက် ရှိသည်။

ဤသုတေသနကျမ်း၏ သဘောတရားရေးရာ မူဘောင် (Conceptual Framework) ကို ဗုဒ္ဓဓာတ်တော်အရေအတွက် ကွဲလွဲမှုပြဿနာကို ဖြစ်ပေါ်စေသော အခြေခံအကြောင်း ရင်း (၃) ရပ်အပေါ် မူတည်၍ "သုံးပွင့်ဆိုင် သက်ရောက်မှု မော်ဒယ်" (Tripartite Impact Model) အဖြစ် စနစ်တကျ တည်ဆောက်ထားပါသည်။

ဤသုတေသန၏ သဘောတရားရေးရာ မူဘောင်ကို "ရှုထောင့်သုံးရပ် ပေါင်းစပ်လေ့လာမှု မော်ဒယ်" (Three-Lens Model) ဖြင့် တည်ဆောက်ထားသည်။

**Lens 1: Doctrinal and Sectarian Historiography —**

ထေရဝါဒ၏ ကန့်သတ်မှတ်တမ်းတင်မှုနှင့် မဟာယာန၏ ဖြန့်ကြက်မှတ်တမ်းတင်မှုများကို ထေရဝါဒ အစဉ်အလာ၏ မိမိတို့မူလသန့်စင်မှုကို ထိန်းသိမ်းရန် ကန့်သတ်မှတ်တမ်းတင်ခဲ့သော "စွယ်တော်လေးဆူ" အယူအဆနှင့် အခြားသော ဗုဒ္ဓဘာသာဂိုဏ်းများ၏ သာသနာပြုလုပ်ငန်းများအတွက် ဖြန့်ကြက်မှတ်တမ်းတင်မှုများ အကြား ဖြစ်ပေါ်နေသော ယုံကြည်မှုပိုင်းဆိုင်ရာ ပွတ်တိုက်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာဆန်းစစ်မည် ဖြစ်သည်။

**Lens 2: Political Patronage —**

အသောကမင်းကြီးနှင့် ကနိသ္ကမင်းကြီးတို့၏ နိုင်ငံရေးအာဏာ တည်ဆောက်မှုအတွက် ဓာတ်တော်များကို အသုံးပြုခဲ့ခြင်း။ အသောကမင်းကြီးနှင့် ကနိသ္ကမင်းကြီးတို့သည် ၎င်းတို့၏ အင်ပါယာ တည်ထောင်ရေးနှင့် နိုင်ငံရေးဆိုင်ရာ တရားဝင်မှု (Political legitimacy) ရရှိစေရန်အတွက် ဓာတ်တော်များကို သာသနာရေးဆိုင်ရာ ယန္တရားသဖွယ် မည်ကဲ့သို့ အသုံးပြုဖြန့်ဝေခဲ့ကြောင်းကို ခွဲခြမ်းစိတ်ဖြာမည် ဖြစ်သည်။

**Lens 3: Archaeological Heritage Evidence —**

အထက်ပါ ဂိုဏ်းကွဲသမိုင်းနှင့် နိုင်ငံရေးဩဇာလွှမ်းမိုးမှုများကြောင့် လက်တွေ့တွင် ကွဲလွဲများပြားလာသော ဓာတ်တော်အရေအတွက်ကို အိန္ဒိယရှေးဟောင်း ◌းသုတေသနအဖွဲ့ (ASI) နှင့် နိုင်ငံတကာပြတိုက်များရှိ

ရုပ်ဝတ္ထုအထောက်အထား (Material evidence) များဖြင့် နှိုင်းယှဉ်ပေါင်းစပ် (Scientific synthesis) ကာ သမိုင်းအမှန်တရားကို ဖော်ထုတ်တင်ပြမည် ဖြစ်သည်။

## 1.10 Research Methodology

This study employs a Qualitative Documentary Research design using a Multiple-Case Study approach. No In-Depth Interviews (IDI) or Focus Group Discussions (FGD) were conducted.

ဤသုတေသနကျမ်းသည် အရည်အသွေးပြ မှတ်တမ်းအခြေပြု သုတေသန (Qualitative Documentary Research) ဒီဇိုင်းကို အသုံးပြုထားပြီး၊ သမိုင်းဝင် စေတီပုထိုးများနှင့် ဓာတ်တော်များကို တစ်ဆူချင်းစီ အသေးစိတ်စိစစ်သည့် ဖြစ်စဉ်မျိုးစုံ လေ့လာမှုနည်းစနစ် (Multiple-Case Study approach) ဖြင့် ပြုစုထားပါသည်။ သမိုင်းဆိုင်ရာ အထောက်အထားများနှင့် ရှေးဟောင်းသုတေသန ရလဒ်များကို နှိုင်းယှဉ်လေ့လာရသော သုတေသနဖြစ်သောကြောင့် လူပုဂ္ဂိုလ်များကို အင်တာဗျူးပြု လုပ်ခြင်း (IDI) သို့မဟုတ် အုပ်စုဖွဲ့ဆွေးနွေးခြင်း (FGD) များကို လုံးဝ ပြုလုပ်ထားခြင်း မရှိပါ။ သုတေသီ ရောဘတ်ယင်း (Robert K. Yin) ၏ အဆိုအရ အတိတ်ကာလက ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်စဉ်များကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရာတွင် မှတ်တမ်းများနှင့် အထောက်အထားများကို တိုက်ရိုက် စိစစ်သည့် Case Study နည်းစနစ်သည် အကောင်းဆုံးနှင့် အသင့်တော်ဆုံး ဖြစ်သည်။[99]

အချက်အလက် ကောက်ယူခြင်း (Data Collection) အပိုင်းတွင် တရားဝင် ထုတ်ပြန်ထားသော စာရွက်စာတမ်းများနှင့် မှတ်တမ်းများကိုသာ အဓိကထား အသုံးပြု ထားပါသည်။ မူလတန်းအဆင့် အထောက်အထားများ (Primary Sources) အနေဖြင့် အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) ၏ တရားဝင် တူးဖော်မှုမှတ်တမ်းများ၊ ဗြိတိသျှပြတိုက် (British Museum) နှင့် ဗစ်တိုးရီးယားနှင့် အဲလ်ဘတ် ပြတိုက် (V&A Museum) တို့ရှိ ဓာတ်တော်ကြုတ်များနှင့် ကျောက်စာမှတ်တမ်းများကို အသုံးပြုထာ းသည်။[100] ဤရုပ်ဝတ္ထုမှတ်တမ်းများသည် သုတေသန၏ လက်တွေ့အထောက်အထား (Empirical evidence) အပိုင်းအတွက် အခိုင်မာဆုံးသော အခြေခံအုတ်မြစ်များ ဖြစ်သည်။ ဒုတိယတန်းအဆင့် အထောက်အထားများ (Secondary Sources) အနေဖြင့်

---

[99] Robert K. Yin, *Case Study Research: Design and Methods*, (Thousand Oaks: Sage Publications, 2014), 16.

[100] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 12.

ပါဠိပိဋကတ်တော် (ဥပမာ - မဟာပရိနိဗ္ဗာနသုတ်)၊ မဟာဝံသ၊ ဒါဌာဝံသ အစရှိသော ထေရဝါဒ ရိုးရာသမိုင်းကျမ်းများနှင့် နိုင်ငံတကာ သုတေသီများ၏ စာတမ်းများကို နှိုင်းယှဉ်ကိုးကားထားပါသည်။[101]

အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရာတွင် (Data Analysis) ခရက်စ်ဝဲလ် (John W. Creswell) လမ်းညွှန်ထားသော အကြောင်းအရာအလိုက် သရုပ်ခွဲလေ့လာခြင်း (Thematic Analysis) နည်းစနစ်ကို အသုံးပြုထားပါသည်။[102] ဤနည်းစနစ်မှတစ်ဆင့် ရိုးရာကျမ်းဂန်လာ စွယ်တော်လေးဆူ အယူအဆ (Traditional Narrative) နှင့် လက်တွေ့တူးဖော်ရရှိသော ရှေးဟောင်းသုတေသန အထောက်အထားများ (Empirical Evidence) အကြားရှိ ကွာဟချက်များကို "ရှုထောင့်သုံးရပ် ပေါင်းစပ်လေ့လာမှု မော်ဒယ်" (Three-Lens Model) ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ နှိုင်းယှဉ်သုံးသပ်မည် ဖြစ်သည်။ ဤသို့ စနစ်တကျ ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ဘက်လိုက်မှုကင်းစင်ပြီး ခိုင်လုံသော သမိုင်းဝင် အမှန်တရားကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

## 1.11 Expected Benefits

ဤသုတေသနကျမ်းမှ မျှော်မှန်းထားသော အကျိုးကျေးဇူးများကို ပညာရပ်ပိုင်းဆိုင်ရာ၊ လက်တွေ့အသုံးချမှုပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာဟူ၍ အဓိက ကဏ္ဍကြီး (၃) ရပ်ဖြင့် အောက်ပါအတိုင်း ခွဲခြားဖော်ပြအပ်ပါသည်-

### 1.11.1 ပညာရပ်ဆိုင်ရာ အကျိုးကျေးဇူး (Academic Benefits)

ဂိုဏ်းကွဲသမိုင်းများနှင့် နိုင်ငံရေးသြဇာလွှမ်းမိုးမှုများ၏ အခန်းကဏ္ဍကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ထုတ်ပြသခြင်းဖြင့် မြန်မာ့ဗုဒ္ဓဘာသာ သမိုင်းလေ့လာ မှုနယ်ပယ် အတွက် ဘက်လိုက်မှုကင်းစင်သော သမိုင်းပြုစုမှုအမြင်သစ် တစ်ရပ်ကို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက် ပြဿနာကို လေ့လာရာတွင် "စွယ်တော် လေးဆူသာ ရှိသည်" ဟူသော ကန့်သတ်ချက် သို့မဟုတ် "အများအပြား ရှိသည်" ဟူသော ငြင်းခုံမှုသက်သက်မှ ကျော်လွန်၍၊ ထိုသို့ ကွဲလွဲလာရခြင်း၏ အခြေခံဇာစ်မြစ်ဖြစ်သော ဂိုဏ်းကွဲသမိုင်းများ (Sectarian history) နှင့် နိုင်ငံရေးသြဇာလွှမ်းမိုးမှု (Political patronage) များ၏ အခန်းကဏ္ဍကို

[101] John S. Strong, *Relics of the Buddha*, (Princeton: Princeton University Press, 2004), 18.
[102] John W. Creswell, *Educational Research: Planning, Conducting, and Evaluating Quantitative and Qualitative Research*, (Boston: Pearson Education, 2012), 238.

ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ထုတ်ပြသနိုင်မည် ဖြစ်သည်။ အသောကမင်းကြီးမှ ကနိဿျကမင်းကြီးအထိ ဖြစ်ပေါ်ခဲ့သော သာသနာရေးနှင့် နိုင်ငံရေး ရောယှက်မှုများကို ရှေးဟောင်းသုတေသန အထောက်အထားများနှင့် နှိုင်းယှဉ်ပေါင်းစပ် (Scientific synthesis) ပေးခြင်းဖြင့် မြန်မာ့ဗုဒ္ဓဘာသာ သမိုင်းလေ့လာမှုနယ်ပယ်အတွက် ဘက်လိုက်မှုကင်းစင်သော သမိုင်းပြုစုမှုအမြင်သစ် (New Historiographical Perspective) တစ်ရပ်ကို ခိုင်မာသော အခြေခံအုတ်မြစ်အဖြစ် ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

### 1.11.2 လက်တွေ့အသုံးချမှုဆိုင်ရာ အကျိုးကျေးဇူး (Practical Benefits)

သံဃာတော်များ၊ သမိုင်းသုတေသီများနှင့် ပြတိုက်မှူးများအနေဖြင့် အသစ်ရှာဖွေ တွေ့ရှိလာသော ဓာတ်တော်မွေတော်များကို နိုင်ငံတကာ ပြတိုက်ပညာစံညွှန်းများနှင့်အညီ စနစ်တကျ မှတ်တမ်းတင်ရန်အတွက် လက်တွေ့ကျသော လမ်းညွှန်အဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

သံဃာတော်များ၊ သမိုင်းသုတေသီများနှင့် ပြတိုက်မှူးများအနေဖြင့် အသစ်ရှာဖွေ တွေ့ရှိလာသော ဓာတ်တော်မွေတော်များ၏ သမိုင်းဝင် ဖြန့်ကြက်တည်ရှိမှုကို အင်ပါယာမင်းများ၏ နိုင်ငံရေးအရ ဖြန့်ဝေခဲ့မှု နောက်ခံသမိုင်းများနှင့် မှန်ကန်ယုတ္တိတန် စွာ ချိတ်ဆက်ရှင်းလင်းနိုင်မည် ဖြစ်သည်။ အထူးသဖြင့် Hswagata Buddha Tooth Relics Preservation Private Museum ကဲ့သို့သော ပြတိုက်များတွင် ရှေးဟောင်း အမွေအနှစ် များကို ပြသရာ၌ ဓာတ်တော်များ၏ ဇစ်မြစ် (Provenance) ကို ဂိုဏ်းဂဏအစွဲကင်းသော နည်းလမ်းဖြင့် (Non-sectarian approach) နိုင်ငံတကာ ပြတိုက်ပညာစံညွှန်းများနှင့်အညီ စနစ်တကျ မှတ်တမ်းတင်ရန်အတွက် လက်တွေ့ကျသော လမ်းညွှန်အကိုးအကားအဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

### 1.11.3 မူဝါဒပိုင်းဆိုင်ရာ အကျိုးကျေးဇူး (Policy Benefits)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနတို့အနေဖြင့် သမိုင်းသင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရာတွင် ဤသုတေသနရလဒ်များကို အခြေခံ၍ သိပ္ပံနည်းကျ အထောက်အထားများကို ထည့်သွင်းသင်ကြားနိုင်မည့် မူဝါဒများ ချမှတ်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာန အစရှိသော သာသနာ ရေးဆိုင်ရာ အမြင့်ဆုံး အဖွဲ့အစည်းများအနေဖြင့် ဗုဒ္ဓဘာသာ

သမိုင်းသင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရာတွင် ဤသုတေသနရလဒ်များကို အခြေခံနိုင်မည် ဖြစ်သည်။ ယုံကြည်မှုသက်သက်ကိုသာ အသားပေးသော သင်ကြားမှုပုံစံမှသည် အသောက မင်းကြီးနှင့် ကနိသျှကမင်းကြီးတို့၏ လက်ထက်တွင် အမှန်တကယ် ဖြစ်ထွန်းခဲ့သော ဓာတ်တော်ဖြန့်ဝေမှု သမိုင်းအမှန်ကို စနစ်တကျ ထည့်သွင်းသင်ကြားနိုင်မည့် ပညာရေး မူဝါဒများ ချမှတ်နိုင်မည် ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရှိ ဓာတ်တော်မွေတော်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သမိုင်းကြောင်းနှင့် သိပ္ပံနည်းကျ အထောက်အထား များကို ပေါင်းစပ်ထားသော စံလုပ်ငန်းလမ်းညွှန်များ (Standard Guidelines) ပေါ်ထွက်လာစေရန် အထောက်အကူပြုမည် ဖြစ်သည်။

# CHAPTER II

# REVIEW OF RELATED LITERATURE AND RESEARCH WORKS

ဤအခန်းတွင် ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်၊ ဖြန့်ကြက်တည်ရှိမှုနှင့် သမိုင်းပြုစုမှု ပြဿနာများကို လေ့လာရာ၌ အခြေခံအဖြစ် အသုံးပြုမည့် သဘောတရားများ၊ သီအိုရီများနှင့် ဆက်စပ်သုတေသနစာတမ်းများကို သုံးသပ်တင်ပြမည် ဖြစ်သည်။ လေ့လာမှုကို အပိုင်း (၃) ပိုင်းဖြင့် တည်ဆောက်ထားပြီး ပထမပိုင်းတွင် အယူအဆနှင့် သီအိုရီများ (Concepts and Theories)၊ ဒုတိယပိုင်းတွင် ဆက်စပ်သုတေသနစာတမ်းများ သုံးသပ်ချက် (Review of Related Research Works) နှင့် တတိယပိုင်းတွင် သုတေသနကွက်လပ်ကို ဖော်ထုတ်သည့် နိဂုံးချုပ် (Conclusion) တို့ ပါဝင်သည်။ဤသုတေသန၏ အဓိကရည်ရွယ်ချက်များကို ပိုင်းခြားစိတ်ဖြာနိုင်ရန်အတွက် ဗုဒ္ဓဓာတ်တော်များနှင့် ပတ်သက်သော သီအိုရီနှင့် အယူအဆပိုင်းဆိုင်ရာ အုတ်မြစ်များကို ရှုထောင့်အသီးသီးမှ လေ့လာတင်ပြသွားမည် ဖြစ်သည်။ ဤအပိုင်းတွင် ထေရဝါဒ ကျမ်းစာများလာ ဓာတ်တော်အယူအဆ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများနှင့် ပြတိုက်ပညာရပ်ဆိုင်ရာ အယူအဆများကို APP (Claim, Explanation, Evidence, Link) သီအိုရီပုံစံဖြင့် စနစ်တကျ ခွဲခြမ်းစိတ်ဖြာထားသည်။

## 2.1 Concepts and Theories

### 2.1.1 The Concept of Sectarian Historiography in Relic Narratives (ဂိုဏ်းကွဲသမိုင်းနှင့် သမိုင်းပြုစုမှု သဘောတရား)

ထေရဝါဒကျမ်းစာများတွင် ဓာတ်တော် (Dhātu) အယူအဆသည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုထက် သာသနာတော် တည်တံ့ခိုင်မြဲမှုကို ကိုယ်စားပြုသော ယုံကြည်မှုသင်္ကေတအဖြစ် တမင်ပုံဖော်ထားကြောင်း တွေ့ရသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ဓာတ်တော်များကို ကိုးကွယ်ခြင်းသည် ဗုဒ္ဓ၏ အသက်ဝင်နေဆဲဖြစ်တည်မှု (living presence) ကို ကိုယ်စားပြုသည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် စွယ်တော်မြတ်နှင့် ပတ်သက်၍ ထေရဝါဒကျမ်းများက ၎င်းတို့၏ အရေအတွက်ကို တင်းကျပ်စွာ ကန့်သတ်ထားလေ့ရှိသည်။ ဥပမာအားဖြင့်

ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်တွင် စွယ်တော်လေးဆူသာ ကြွင်းကျန်ရစ်ကြောင်းနှင့် ၎င်းတို့ကို လူ့ပြည်တွင် နှစ်ဆူ၊ နတ်ပြည်နှင့် နဂါးပြည်တို့တွင် နှစ်ဆူသာ တည်ရှိကြောင်း အခိုင်အမာ ပြဋ္ဌာန်းထားသည်။[103] ဤသို့ အရေအတွက်ကို ကန့်သတ်ခြင်းသည် ဓာတ်တော်များ၏ မူလဖြန့်ဝေမှုသမိုင်းကို အတိအကျဖော်ပြခြင်းမဟုတ်ဘဲ၊ သီရိလင်္ကာရှိ မဟာဝိဟာရဂိုဏ်း ကဲ့သို့သော အဖွဲ့အစည်းများ၏ သီးသန့်ပိုင်ဆိုင်မှု (exclusive possession) ကို အသားပေးရန် တည်ဆောက်ထားသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (sectarian historiography) ဖြစ်ကြောင်း ထင်ရှားစေသည်။[104]

စာပေမှတ်တမ်းများတွင် ဓာတ်တော်များကို နိုင်ငံရေးတရားဝင်မှု (political legitimacy) ရယူရန်အတွက် အဓိကကိရိယာအဖြစ် အသုံးပြုထားကြောင်း ဆက်လက်တွေ့ရှိရသည်။ ဒါဌာဝံသကျမ်း (Dāṭhāvaṃsa) ကဲ့သို့သော သမိုင်းမှတ်တမ်းများတွင် စွယ်တော်မြတ်ကို ပိုင်ဆိုင်သော မင်းသည်သာ တရားဝင်မင်းအဖြစ် အသိအမှတ်ပြုခံရ မည်ဟူသော အယူအဆကို စနစ်တကျ ထည့်သွင်းထားသည်။[105] ဤအယူအဆသည် သီရိလင်္ကာဘုရင်များ၏ သာသနာရေးအာဏာစက်ကို ခိုင်မာစေရန် ရည်ရွယ်ရေးသား ခဲ့ခြင်း ဖြစ်သည်။ John S. Strong ၏ လေ့လာချက်အရ၊ ဓာတ်တော်နှင့် သက်ဆိုင်သော မှတ်တမ်းအများစုသည် ယုံကြည်မှုသက်သက်အပေါ် အခြေခံသည်ထက် ဘုရင်များ၏ အာဏာကို ကာကွယ်ရန် ရေးသားထားသော ဝါဒဖြန့်ချိရေး စာပေများသာ ဖြစ်သည်။[106] ဤအချက်သည် ထေရဝါဒရိုးရာယုံကြည်မှုများတွင် ဓာတ်တော်များကို အထွတ်အမြတ်ထား ကိုးကွယ်ကြသော်လည်း၊ ယင်းမှတ်တမ်းများသည် ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းအချက် အလက် (objective historical fact) အဖြစ် လက်ခံရန် ခက်ခဲကြောင်း မီးမောင်း ထိုးပြနေသည်။

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို လေ့လာရာတွင် ထေရဝါဒကျမ်းစာများပါ ကန့်သတ်ချက်များသည် သမိုင်းဝင် အမှန်တရားသက်သက် (Historical facts) မဟုတ်ဘဲ၊ မိမိတို့ဂိုဏ်း၏ အချုပ်အခြာအာဏာနှင့် သန့်စင်မှုကို တည်ဆောက်ရန် ဖန်တီးရေးသားထားသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (Sectarian Historiography) သဘောတရားသာ ဖြစ်သည်။

---

103 D II 164. (Mahāparinibbāna Sutta).

104 John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 17.

105 Bimala Churn Law, The Dāṭhāvaṃsa: A History of the Tooth-Relic of the Buddha, (Lahore: Punjab Sanskrit Book Depot, 1925), 22.

106 Kevin Trainor, Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition, (Cambridge: Cambridge University Press, 1997), 35.

ဒုတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်း ထေရဝါဒနှင့် မဟာသံဃိက အစရှိသည့် ဂိုဏ်းများ ကွဲပြားသွားချိန်မှစ၍ သမိုင်းမှတ်တမ်းတင်မှု စနစ်များသည်လည်း သက်ဆိုင်ရာ အယူဝါဒများအပေါ် မူတည်၍ ကွဲပြားသွားခဲ့သည်။ မဟာဝံသ (Mahāvaṃsa) နှင့် ဒါဌာဝံသ (Dāṭhāvaṃsa) ကဲ့သို့သော ထေရဝါဒ ကျမ်းစာများသည် ဗုဒ္ဓ၏ သွားတော်မြတ်ကို လေးဆူသာရှိကြောင်း တင်းကျပ်စွာ မှတ်တမ်းတင်ထားသော်လည်း၊ ယင်းသည် ရှားပါးမှုနှင့် မြင့်မြတ်မှုကို အလေးပေးလိုသော ဘာသာရေးဆိုင်ရာ စံနှုန်း (Religious normative standard) တစ်ခုကို တည်ဆောက်ခြင်း သာ ဖြစ်သည်။[107] Kevin Trainor ၏ ခွဲခြမ်းစိတ်ဖြာချက်အရ ဤကဲ့သို့ အရေအတွက်ကို ကန့်သတ်ခြင်းသည် သီဟိုဠ်မင်းဆက်များအတွက် ကိုယ်ပိုင် ဘာသာရေးနှင့် နိုင်ငံရေး အမှတ်အသား (Identity) ကို အခိုင်အမာ တည်ဆောက်ရန် ရည်ရွယ်ရေးသားခဲ့သော အယူဝါဒအခြေပြု သမိုင်းရေးသားမှု (Ideology-based construction) ဖြစ်ကြောင်း တွေ့ရသည်။[108] ဤသဘောတရားသည် ဓာတ်တော်အရေအတွက် ပြဿနာကို လေ့လာရာတွင် ကျမ်းဂန်လာ အချက်အလက်များကို ပကတိသမိုင်းအဖြစ် မှတ်ယူ၍မရကြောင်းနှင့်၊ သမိုင်းပြုစုသူများ၏ နောက်ကွယ်မှ ရည်ရွယ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ လမ်းညွှန်ပေးသည်။

ထေရဝါဒ၏ စောင့်ထိန်းမှုဝါဒ (Conservative historiography) နှင့် ဆန့်ကျင်ဘက်အနေဖြင့် မြောက်ပိုင်း သဗ္ဗတ္ထိဝါဒ (Sarvāstivāda) နှင့် မဟာယာန ဂိုဏ်းကွဲများ၏ သမိုင်းပြုစုမှုသည် ဓာတ်တော်များကို အကန့်အသတ်မရှိ ချဲ့ထွင်ဖော်ပြသည့် (Expansive adaptation) သဘောတရားအပေါ် အခြေခံသည်။ အင်ပါယာချဲ့ထွင်လိုသော မင်းများ၏ ပံ့ပိုးမှုအောက်တွင် ဤဂိုဏ်းကွဲများသည် ဓာတ်တော်များကို သာသနာပြု သင်္ကေတအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ သက္ကတဘာသာဖြင့် ရေးသားထားသော Divyāvadāna ကျမ်းတွင် ဓာတ်တော်များသည် အလိုအလျောက် ပွားများနိုင်စွမ်းရှိကြောင်း (Miraculous multiplication) နှင့် စေတီတိုင်းတွင် ဓာတ်တော်များ ကိန်းဝပ်နေကြောင်း ပုံဖော်ထားသည်။[109] John S. Strong က ဤချဲ့ထွင်ရေးသားမှုများသည် သာသနာကို အရပ်ရပ်သို့ ပြန့်ပွားစေရန်နှင့် သဒ္ဓါတရား ထက်သန်သူများအားလုံး

[107] Kevin Trainor, *Relics, Ritual, and Representation in Buddhism*, (Cambridge: Cambridge University Press, 1997), 67.
[108] Ibid., 89.
[109] E.B. Cowell and R.A. Neil, *The Divyavadana: A Collection of Early Buddhist Legends*, (Cambridge: Cambridge University Press, 1886), 380.

ဓာတ်တော်ကိုးကွယ်ခွင့် ရရှိစေရန် ရည်ရွယ်သော သာသနာရေးဆိုင်ရာ တရားဝင်မှု (Canonical justification) ပေးခြင်းဖြစ်သည်ဟု သုံးသပ်သည်။[110] ထို့ကြောင့် ဓာတ်တော်အရေအတွက် များပြားလာခြင်းသည် ဓာတ်တော် အသစ်များ အမှန်တကယ် ပေါ်ထွက်လာခြင်းထက်၊ မဟာယာန၏ သမိုင်းပြုစုမှု ယန္တရားက ဓာတ်တော်များကို လူထုယုံကြည်မှု တည်ဆောက်ရေး လက်နက်အဖြစ် မည်မျှ တွင်ကျယ်စွာ အသုံးပြုခဲ့ကြောင်းကို သက်သေပြနေသည်။

ဂိုဏ်းကွဲသမိုင်းများ၏ သက်ရောက်မှုသည် ပထဝီဝင်ဒေသအလိုက် သမိုင်းဇာတ်ကြောင်းများကို လုံးဝကွဲပြားသွားစေပြီး၊ သမိုင်းပြုစုမှုသည် ဒေသဗဟိုပြု အကျိုးစီးပွား (Geographically localized interests) များအပေါ်တွင်သာ အခြေခံလာခဲ့သည်။ ထေရဝါဒ မဟာဝိဟာရဂိုဏ်းက ရေးသားသော ရာဇဝင်ကျမ်း များသည် အိန္ဒိယတိုက်ငယ် တစ်ခုလုံး၏ သမိုင်းကို မှတ်တမ်းတင်ရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ၊ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော ဓာတ်တော်များ၏ အရေးပါမှုကိုသာ ကွက်၍ မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။[111] Hermann Oldenberg ၏ လေ့လာချက်အရ မဟာဝံသကျမ်းသည် သီဟိုဠ်မင်းဆက်များ၏ အာဏာစက်ကို ဗုဒ္ဓ၏ ဓာတ်တော်များနှင့် တိုက်ရိုက် ချိတ်ဆက်ပေးရန် ရည်ရွယ်သော သီးခြား ဇာတ်ကြောင်း (Lanka-centric narrative) သာ ဖြစ်သည်။[112] တစ်ချိန်တည်းမှာပင် တရုတ်ဘုရားဖူး ရဟန်းတော်များ ဖြစ်သော Xuanzang နှင့် Faxian တို့၏ မှတ်တမ်းများတွင်မူ ဗာမိယန် (Bamiyan) နှင့် တက္ကသိလာ (Taxila) ကဲ့သို့သော အာရှအလယ်ပိုင်း ဒေသများ၌ ဗုဒ္ဓ၏ သွားတော်မြတ်များ ကို သီးခြားစေတီများဖြင့် တည်ထားကိုးကွယ်ကြောင်း တိကျစွာ ရေးသားထားသည်။[113] ဤသည်မှာ ဂိုဏ်းတစ်ခုချင်းစီသည် မိမိတို့၏ သာသနာပြုနယ်မြေများကို ဗဟိုချက်အဖြစ် ပုံဖော်ရန်အတွက် ဓာတ်တော်သမိုင်းများကို သီးခြားစီ တည်ဆောက်ခဲ့ကြခြင်း (Constructed reality) ဖြစ်ကြောင်း ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို လေ့လာရာတွင် ထေရဝါဒကျမ်းစာများပါ ကန့်သတ်ချက်များသည် သမိုင်းဝင်

[110]John S. Strong, *Relics of the Buddha*, (Princeton: Princeton University Press, 2004), 185.
[111] Wilhelm Geiger, *The Mahavamsa or The Great Chronicle of Ceylon*, (London: Pali Text Society, 1912), 115.
[112] Hermann Oldenberg, *The Dipavamsa: An Ancient Buddhist Historical Record*, (London: Williams and Norgate, 1879), 23.
[113] Samuel Beal, *Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang*, (London: Trubner & Co., 1884), 45.

အမှန်တရားသက်သက် (Historical facts) မဟုတ်ဘဲ၊ မိမိတို့ဂိုဏ်း၏ အချုပ်အခြာအာဏာနှင့် သန့်စင်မှုကို တည်ဆောက်ရန် ဖန်တီးရေးသားထားသော "ဂိုဏ်းအလိုက် သမိုင်းပြုစုမှု" (Sectarian Historiography) သဘောတရားသာ ဖြစ်သည်။ ဒုတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်း ထေရဝါဒနှင့် မဟာသံဃိက အစရှိသည့် ဂိုဏ်းများ ကွဲပြားသွားချိန်မှစ၍ သမိုင်းမှတ်တမ်းတင်မှု စနစ်များသည်လည်း သက်ဆိုင်ရာ အယူဝါဒများအပေါ် မူတည်၍ ကွဲပြားသွားခဲ့သည်။ မဟာဝံသ (Mahāvaṃsa) နှင့် ဒါဌာဝံသ (Dāṭhāvaṃsa) ကဲ့သို့သော ထေရဝါဒ ကျမ်းစာများသည် ဗုဒ္ဓ၏ သွားတော်မြတ်ကို လေးဆူသာရှိကြောင်း တင်းကျပ်စွာ မှတ်တမ်းတင်ထားသော်လည်း၊ ယင်းသည် ရှားပါးမှုနှင့် မြင့်မြတ်မှုကို အလေးပေးလိုသော ဘာသာရေးဆိုင်ရာ စံနှုန်း (Religious normative standard) တစ်ခုကို တည်ဆောက်ခြင်းသာ ဖြစ်သည်။[114] Kevin Trainor ၏ ခွဲခြမ်းစိတ်ဖြာချက်အရ ဤကဲ့သို့ အရေအတွက်ကို ကန့်သတ်ခြင်းသည် သီဟိုဠ် (သီရိလင်္ကာ) မင်းဆက်များအတွက် ကိုယ်ပိုင် ဘာသာရေးနှင့် နိုင်ငံရေး အမှတ်အသား (Identity) ကို အခိုင်အမာ တည်ဆောက်ရန် ရည်ရွယ်ရေးသားခဲ့သော အယူဝါဒအခြေပြု သမိုင်းရေးသားမှု (Ideology-based construction) ဖြစ်ကြောင်း တွေ့ရသည်။[115] ဤသဘောတရားသည် ဓာတ်တော်အရေအတွက် ပြဿနာကို လေ့လာရာတွင် ကျမ်းဂန်လာ အချက်အလက်များကို ပကတိသမိုင်းအဖြစ် မှတ်ယူ၍မရကြောင်းနှင့်၊ သမိုင်းပြုစုသူများ၏ နောက်ကွယ်မှ ရည်ရွယ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ လမ်းညွှန်ပေးသည်။

ထေရဝါဒ၏ စောင့်ထိန်းမှုဝါဒ (Conservative historiography) နှင့် ဆန့်ကျင်ဘက်အနေဖြင့် မြောက်ပိုင်း သဗ္ဗတ္ထိဝါဒ (Sarvāstivāda) နှင့် မဟာယာန ဂိုဏ်းကွဲများ၏ သမိုင်းပြုစုမှုသည် ဓာတ်တော်များကို အကန့်အသတ်မရှိ ချဲ့ထွင်ဖော်ပြသည့် (Expansive adaptation) သဘောတရားအပေါ် အခြေခံသည်။ အင်ပါယာချဲ့ထွင်လိုသော မင်းများ၏ ပံ့ပိုးမှုအောက်တွင် ဤဂိုဏ်းကွဲများသည် ဓာတ်တော်များကို သာသနာပြု သင်္ကေတအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ သက္ကတဘာသာဖြင့် ရေးသားထားသော Divyāvadāna ကျမ်းတွင် ဓာတ်တော်များသည် အလိုအလျောက် ပွားများနိုင်စွမ်းရှိကြောင်း (Miraculous multiplication) နှင့် စေတီတိုင်းတွင် ဓာတ်တော်များ ကိန်းဝပ်နေကြောင်း

---

[114] Kevin Trainor, Relics, Ritual, and Representation in Buddhism, (Cambridge: Cambridge University Press, 1997), 89.
[115] Kevin Trainor, Relics, Ritual, and Representation in Buddhism, 110.

ပုံဖော်ထားသည်။[116] John S. Strong က ဤချဲ့ထွင်ရေးသားမှုများသည် သာသနာကို အရပ်ရပ်သို့ ပြန့်ပွားစေရန်နှင့် သဒ္ဓါတရား ထက်သန်သူများအားလုံး ဓာတ်တော်ကိုးကွယ်ခွင့် ရရှိစေရန် ရည်ရွယ်သော သာသနာရေးဆိုင်ရာ တရားဝင်မှု (Canonical justification) ပေးခြင်းဖြစ်သည်ဟု သုံးသပ်သည်။[117] ထို့ကြောင့် ဓာတ်တော်အရေအတွက် များပြားလာခြင်းသည် ဓာတ်တော် အသစ်များ အမှန်တကယ် ပေါ်ထွက်လာခြင်းထက်၊ မဟာယာန၏ သမိုင်းပြုစုမှု ယန္တရားက ဓာတ်တော်များကို လူထုယုံကြည်မှု တည်ဆောက်ရေး လက်နက်အဖြစ် မည်မျှ တွင်ကျယ်စွာ အသုံးပြုခဲ့ကြောင်းကို သက်သေပြနေသည်။

ဂိုဏ်းကွဲသမိုင်းများ၏ သက်ရောက်မှုသည် ပထဝီဝင်ဒေသအလိုက် သမိုင်းဇာတ်ကြောင်းများကို (Lanka-centric vs. Gandhara-centric narratives) လုံးဝကွဲပြားသွားစေသည်။ ထေရဝါဒ မဟာဝိဟာရဂိုဏ်းက ရေးသားသော ရာဇဝင်ကျမ်းများသည် အိန္ဒိယတိုက်ငယ် တစ်ခုလုံး၏ သမိုင်းကို မှတ်တမ်းတင်ရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ၊ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာသော ဓာတ်တော်များ၏ အရေးပါမှုကိုသာ ကွက်၍ မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။ Hermann Oldenberg ၏ လေ့လာချက်အရ မဟာဝံသကျမ်းသည် သီဟိုဠ်မင်းဆက်များ၏ အာဏာစက်ကို ဗုဒ္ဓ၏ ဓာတ်တော်များနှင့် တိုက်ရိုက် ချိတ်ဆက်ပေးရန် ရည်ရွယ်သော ဒေသဗဟိုပြု သမိုင်း (Geographically localized historiography) သာ ဖြစ်သည်။[118] တစ်ချိန်တည်းမှာပင် တရုတ်ဘုရားဖူး ရဟန်းတော်များဖြစ်သော Xuanzang နှင့် Faxian တို့၏ မှတ်တမ်းများတွင်မူ ဗာမိယန် (Bamiyan) နှင့် တက္ကသီလာ (Taxila) ကဲ့သို့သော အာရှအလယ်ပိုင်း ဒေသများ၌ ဗုဒ္ဓ၏ သွားတော်မြတ်များကို သီးခြားစေတီများဖြင့် တည်ထားကိုးကွယ်ကြောင်း တိကျစွာ ရေးသားထားသည်။[119] ဤသည်မှာ ဂိုဏ်းတစ်ခုချင်းစီသည် မိမိတို့၏ သာသနာပြုနယ်မြေများကို ဗဟိုချက်အဖြစ် ပုံဖော်ရန်အတွက် ဓာတ်တော်သမိုင်းများကို သီးခြားစီ တည်ဆောက်ခဲ့ကြခြင်း (Constructed reality) ဖြစ်ကြောင်း ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။ ဤကွဲလွဲချက်များကို လေ့လာခြင်းဖြင့် ဓာတ်တော်အရေအတွက် ပြဿနာသည် သမိုင်းအမှန်တရား ပျောက်ဆုံးခြင်းမဟုတ်ဘဲ၊ ဂိုဏ်းဂဏဆိုင်ရာ

---

[116] John S. Strong, The Legend of King Aśoka: A Study and Translation of the Aśokāvadāna, (Princeton: Princeton University Press, 1983), 219.

[117] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 45.

[118] Hermann Oldenberg, The Dīpavaṃsa: An Ancient Buddhist Historical Record, (London: Williams and Norgate, 1879), 112.

[119] Samuel Beal, Si-Yu-Ki: Buddhist Records of the Western World, (London: Trubner & Co., 1884), 158.

သမိုင်းပြုစုမှု မတူညီခြင်း၏ ရလဒ်ဖြစ်ကြောင်း အခိုင်အမာ သက်သေပြနိုင်မည် ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်တော်နှင့် အဋ္ဌကထာကျမ်းများတွင် ဓာတ်တော် (Dhātu) ဟူသော အယူအဆသည် ရုပ်ဝတ္ထုပစ္စည်း သက်သက်မဟုတ်ဘဲ ပရိနိဗ္ဗာန်စံဝင်ပြီးသော ဗုဒ္ဓမြတ်စွာ၏ သက်ရှိထင်ရှား ကိုယ်စားပြုမှု (Living Buddha) ဟူသော အယူအဆအပေါ် အခြေခံထားသည်။[120] ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်တွင် ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်စံခါနီးအချိန်၌ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဓာတ်တော်များကို ကြွင်းကျန်ရစ်စေရန် အဓိဋ္ဌာန်တော်မူခဲ့ကြောင်း ဖော်ပြထားသည်။[121] ဤသို့ ဓာတ်တော်များကို ကြွင်းကျန်ရစ်စေခြင်းသည် သတ္တဝါအပေါင်းတို့အတွက် ကုသိုလ်ပွားများရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။[122]

အရှင်ဗုဒ္ဓဃောသ၏ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာတွင် ဓာတ်တော်များကို ကိုးကွယ်ခြင်းသည် ဗုဒ္ဓမြတ်စွာအား ကိုယ်တိုင်ဖူးမြော်ရသကဲ့သို့ တူညီသော အကျိုးကျေးဇူးကို ရရှိစေနိုင်သည်ဟု ဖွင့်ဆိုထားသည်။[123] ၎င်းအပြင် သာရတ္ထပ္ပကာသိနီ အဋ္ဌကထာ၌ ဓာတ်တော်များသည် ဗုဒ္ဓ၏ ဓမ္မစွမ်းအားများ ကိန်းဝပ်နေသော ဌာနများဖြစ်ကြောင်း အခိုင်အမာဆိုသည်။[124] ဤအချက်သည် ထေရဝါဒ ဓာတ်တော်ဝါဒ၏ အခြေခံအကျဆုံးသော သီအိုရီဖြစ်သည်။

ထေရဝါဒကျမ်းစာများတွင် ဓာတ်တော်များကို အရွယ်အစားနှင့် အမျိုးအစား အလိုက် တိကျစွာ ခွဲခြားသတ်မှတ်ထားသည်။ သုမင်္ဂလဝိလာသိနီတွင် ဓာတ်တော်များကို အပိုင်းအစ ဖြစ်မသွားသော "အသမ္ဘိန္နဓာတ်တော်" နှင့် အပိုင်းအစငယ်များအဖြစ် ပြန့်ပွားသွားသော "သမ္ဘိန္နဓာတ်တော်" ဟူ၍ နှစ်မျိုးခွဲခြားပြသည်။[125] အသမ္ဘိန္နဓာတ်တော် များတွင် နဖူးသင်းကျစ်တော် (Unisa)၊ ညှပ်ရိုးတော်နှစ်ဆူ (Akkhaka) နှင့် စွယ်တော်လေးဆူ (Dāṭhā) တို့ ပါဝင်သည်။[126] ဤဓာတ်တော်ကြီး ခုနစ်ဆူသည် ပကတိအတိုင်း မပျက်မစီးဘဲ တည်ရှိကြပြီး၊ ကျန်သော အရိုးတော်၊ အသားတော်၊ သွေးတော်များမှ ဖြစ်ပေါ်လာသော ဓာတ်တော်များသည် မုန်ညင်းစေ့ခန့်၊ ဆန်ကွဲခန့်နှင့် ပဲနောက်စေ့ခန့်ဟူ၍ အရွယ်အစား

[120] Sumaṅgalavilāsinī, I, 184.
[121] D II 164.
[122] Manorathapūraṇī, I, 125.
[123] Sumaṅgalavilāsinī, II, 604.
[124] Sāratthappakāsinī, II, 312.
[125] Sumaṅgalavilāsinī, I, 185.
[126] Thūpavaṃsa, 12.

အမျိုးမျိုးဖြင့် ပြန့်ပွားသွားကြသည်။[127] မနောရထပူရဏီ အဋ္ဌကထာတွင် ယင်းဓာတ်တော်ငယ်များကို အရောင်အသွေးအလိုက် ပုလဲရောင်၊ ရွှေရောင်နှင့် မုလေးပန်းငုံရောင်ဟူ၍ ထပ်မံခွဲခြားပြထားသည်။[128] ဝိနည်းပိဋကတ်၊ ပရိဝါရပါဠိတော်၌လည်း ဓာတ်တော်များကို စုပေါင်းပူဇော်ခြင်း၏ အရေးပါပုံကို ဖော်ပြထားသည်။[129] ဤသို့ စနစ်တကျ ခွဲခြားမှုသည် ဓာတ်တော်များ၏ စစ်မှန်မှုကို စစ်ဆေးရာတွင် အရေးပါသော လမ်းညွှန်ချက်များ ဖြစ်လာသည်။

စွယ်တော်မြတ် (Tooth Relics) နှင့် ပတ်သက်၍ ထေရဝါဒ အယူအဆသည် အလွန်တင်းကျပ်သော ကန့်သတ်ချက် ရှိသည်။ ဒါဌာဝံသ (Dāṭhāvaṃsa) ကျမ်း၏ အဆိုအရ ဗုဒ္ဓမြတ်စွာ၌ စွယ်တော်လေးဆူသာ ကြွင်းကျန်ရစ်ခဲ့ပြီး၊ ယင်းတို့၏ တည်နေရာကိုလည်း တိကျစွာ မှတ်တမ်းတင်ထားသည်။[130] ပထမတစ်ဆူမှာ တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတွင် တည်ရှိပြီး၊[131] ဒုတိယတစ်ဆူမှာ နဂါးပြည်တွင် တည်ရှိသည်။[132] တတိယတစ်ဆူမှာ ဂန္ဓာရတိုင်း (Gandhara) တွင် တည်ရှိ၍၊[133] စတုတ္ထတစ်ဆူမှာ ကလိင်္ဂတိုင်း (Kalinga) မှတစ်ဆင့် သီဟိုဠ်ကျွန်းသို့ ရောက်ရှိခဲ့သည်။[134] ဤလေးဆူသော စွယ်တော်မြတ်များအနက် လူ့ပြည်၌ နှစ်ဆူသာ အဓိက တည်ရှိနေသည်ဟူသော အယူအဆသည် ထေရဝါဒ မြန်မာနိုင်ငံ၏ ရိုးရာယုံကြည်မှုတွင် အမြစ်တွယ်နေသော အယူအဆဖြစ်သည်။[135] မဟာဝံသ (Mahāvaṃsa) ကျမ်းတွင်လည်း စွယ်တော်မြတ်၏ ခရီးစဉ်နှင့် သီဟိုဠ်သို့ ရောက်ရှိလာပုံကို အသေးစိတ် ဖော်ပြထားသည်။[136]

ဒီပဝံသ (Dīpavaṃsa) ကျမ်း၌လည်း စွယ်တော်ကို ပိုင်ဆိုင်ခြင်းသည် သာသနာပိုင်စိုးခြင်း၏ ပြယုတ်ဖြစ်ကြောင်း ဆိုထားသည်။[137] ဤသို့ ကျမ်းစာလာ အရေအတွက် ကန့်သတ်ချက်သည် ခေတ်သစ် ရှေးဟောင်းသုတေသန တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ရာတွင် အဓိက အငြင်းပွားဖွယ် အချက်ဖြစ်လာသည်။[138]

---

[127] Buddhaghosa, Samantapāsādikā, I, (London: PTS, 1924), 85.
[128] Manorathapūraṇī, II, 145.
[129] Vin V 226.
[130] Bimala Churn Law, The Dāṭhāvaṃsa: A History of the Tooth-Relic of the Buddha, (Lahore: Punjab Sanskrit Book Depot, 1925), 15.
[131] Dāṭhāvaṃsa, IV, 21.
[132] Dāṭhāvaṃsa, IV, 25.
[133] Dāṭhāvaṃsa, IV, 30.
[134] Dāṭhāvaṃsa, V, 10.
[135] B.C. Law, The Dāṭhāvaṃsa, 35.
[136] Wilhelm Geiger, The Mahāvaṃsa or The Great Chronicle of Ceylon, (London: PTS, 1912), 115.
[137] Dīpavaṃsa, VI, 32.
[138] Michael Willis, Buddhist Reliquaries from Ancient India, (London: British Museum Press, 2000), 22.

နိဒါနကထာတွင်လည်း ဓာတ်တော်ဝေစုခွဲဝေမှု၏ သမိုင်းကြောင်းကို အကျယ်တဝင့် ရှင်းလင်းထားသည်။[139]

ဓာတ်တော်များ၏ တန်ခိုးပြာဋိဟာပြနိုင်စွမ်းကို ထေရဝါဒကျမ်းစာများက "ဓာတုအဓိဋ္ဌာန်" (ဗုဒ္ဓ၏ အဓိဋ္ဌာန်တော်) ဖြင့် ချိတ်ဆက်ပြသည်။ မိလိန္ဒပဉှာကျမ်းတွင် အရှင်နာဂသေနက ဓာတ်တော်များသည် အလိုအလျောက် ရောင်ခြည်တော်လွှတ်နိုင်ခြင်း၊ ကောင်းကင်သို့ ပျံတက်နိုင်ခြင်းတို့မှာ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်မစံမီကပင် ကြိုတင်အဓိဋ္ဌာန်ခဲ့သော စွမ်းအားကြောင့် ဖြစ်သည်ဟု ရှင်းလင်းထားသည်။[140] ဤပြာဋိဟာများသည် ယုံကြည်သူတို့၏ သဒ္ဓါတရားကို တိုးပွားစေရန်အတွက်သာ ဖြစ်ပြီး၊ ဓာတ်တော်ကိုယ်တိုင်က အလိုအလျောက် သိစိတ်ဖြင့် ပြုလုပ်ခြင်းမဟုတ်ကြောင်း အဋ္ဌသာလိနီတွင် ဖွင့်ဆိုသည်။[141] သုတ္တနိပါတ်အဋ္ဌကထာ၌ ဓာတ်တော်များကို ဖူးမြော်ရခြင်းသည် သက်ရှိဗုဒ္ဓကို ဖူးမြော်ရခြင်းနှင့် တူညီသော စိတ်တည်ငြိမ်မှုကို ရရှိစေသည်ဟု ဆိုသည်။[142] ၎င်းအပြင် အပဒါန်ပါဠိတော်တွင် ဓာတ်တော်ကိုးကွယ်မှုကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ဘဝပေါင်းများစွာသော သာဓကများဖြင့် ပြဆိုထားသည်။[143] ဗုဒ္ဓဝံသ အဋ္ဌကထာတွင်လည်း ဓာတ်တော်များသည် သာသနာတော် ကွယ်ပျောက်ခါနီးအချိန်၌ အားလုံးတစ်နေရာတည်းတွင် ပြန်လည်စုစည်းကာ "ဓာတုပရိနိဗ္ဗာန်" ပြုမည်ဖြစ်ကြောင်း သီအိုရီအရ တင်ပြထားသည်။[144] ဤအချက်သည် ဓာတ်တော်များ၏ သက်တမ်းနှင့် သာသနာ့သမိုင်း၏ ဆက်နွှယ်မှုကို ပြသနေသည်။[145]

ဓာတ်တော်ဝေစု ခွဲဝေခြင်း (Dhātu-vibhajana) သည် ထေရဝါဒ သမိုင်းပြုစုမှုတွင် အခြေခံအကျဆုံး အစိတ်အပိုင်းဖြစ်သည်။ မဟာပရိနိဗ္ဗာနသုတ်၏ နောက်ဆုံးအပိုင်းတွင် ဒေါဏပုဏ္ဏားက ဓာတ်တော်များကို ရှစ်စုခွဲဝေပေးခဲ့ပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံတွင် စေတီတည်ခဲ့ကြောင်း ဖော်ပြထားသည်။[146] ဤရှစ်ဌာနတွင် ကုသိနာရုံ၊ ရာဇဂြိုဟ်၊ ဝေသာလီ၊ ကပိလဝတ်၊ အလ္လကပ္ပ၊ ဝေဌဒီပ၊ ပါဝါနှင့် ပိပ္ဖလိဝနတို့ ပါဝင်သည်။[147] ဤသမိုင်းဝင် ခွဲဝေမှုသည် ဓာတ်တော်များ၏ မူလဇစ်မြစ်

[139] J-a I 54.
[140] Milindapañha, 234.
[141] Atthasālinī, 34.
[142] Suttanipāta-aṭṭhakathā, II, 402.
[143] Ap I 5.
[144] Buddhavaṃsa-aṭṭhakathā, 298.
[145] Khp-a 164.
[146] D II 167.
[147] D II 168.

(Provenance) ကို သတ်မှတ်ပေးခဲ့သော ပထမဆုံးသော မှတ်တမ်းဖြစ်သည်။[148] သို့သော် ဒေါဏပုဏ္ဏားသည် စွယ်တော်မြတ်တစ်ဆူကို မိမိ၏ ခေါင်းပေါင်းအတွင်း ဝှက်ထားခဲ့ရာ သိကြားမင်းက တာဝတိံသာသို့ ဆောင်ယူသွားခဲ့ကြောင်း အဋ္ဌကထာများက ဆိုသည်။[149] ဤသို့သော ဒဏ္ဍာရီဆန်သည့် မှတ်တမ်းများသည် ဓာတ်တော်များ၏ အရေအတွက်ကို ကန့်သတ်ရန် ကြိုးပမ်းသည့် သဘောရှိသည်။[150] ဇာတကအဋ္ဌကထာတွင်လည်း ဓာတ်တော်များ၏ တန်ခိုးတော်ကို ဖော်ပြထားသည်။[151] ဓမ္မပဒအဋ္ဌကထာ၌ ဓာတ်တော်ကိုးကွယ်ခြင်းက လူမှုရေးစည်းလုံးမှုကို ဖြစ်စေပုံကို ဆိုထားသည်။[152] ထုပဝံသ (Thūpavaṃsa) ကျမ်းတွင် စေတီတော်များ တည်ဆောက်ခြင်းနှင့် ဓာတ်တော်ဌာပနာခြင်းဆိုင်ရာ နည်းစနစ်များကို ဖော်ပြထားသည်။[153] ဤကျမ်းစာများအားလုံးသည် ဓာတ်တော်ကိုးကွယ်မှုကို စနစ်တကျ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။[154]

ခေတ်သစ်ပညာရှင်များကလည်း ထေရဝါဒကျမ်းစာလာ ဓာတ်တော်အယူအဆကို အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ John S. Strong ၏ အဆိုအရ ဓာတ်တော်များသည် "Extension of the Buddha's biography" (ဗုဒ္ဓ၏ အတ္ထုပ္ပတ္တိကို ဆက်လက်တိုးချဲ့ခြင်း) ဖြစ်သည်။[155] သူက ဓာတ်တော်များသည် ဗုဒ္ဓ၏ ရုပ်ခန္ဓာ ပရိနိဗ္ဗာန်ပြုသွားသော်လည်း သူ၏ ဓမ္မခန္ဓာသည် ရုပ်ဝတ္ထု၌ ဆက်လက်ကိန်းဝပ်နေခြင်းဖြစ်သည်ဟု ဆိုသည်။[156] Kevin Trainor ကမူ ဓာတ်တော်ကိုးကွယ်မှုသည် "Material expressions of faith" (ယုံကြည်မှုကို ရုပ်ဝတ္ထုဖြင့် ဖော်ပြခြင်း) ဖြစ်ကြောင်း သုံးသပ်သည်။[157] Peter Skilling က အာရှတစ်လွှားရှိ ဓာတ်တော်ဖြန့်ကြက်မှုကို လေ့လာရာတွင် ထေရဝါဒကျမ်းစာများ၏ လွှမ်းမိုးမှုသည် အလွန်ကြီးမားကြောင်း ထောက်ပြသည်။[158] Gregory Schopen ကမူ ဓာတ်တော်များသည် ကျောက်စာအထောက်အထားများအရ သက်ရှိပုဂ္ဂိုလ်များကဲ့သို့ ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသောအရာများ (Legal entities) အဖြစ်

[148] T.W. Rhys Davids, Buddhist Suttas, (Oxford: Clarendon Press, 1881), 135.
[149] Sumaṅgalavilāsinī, II, 610.
[150] Thūpavaṃsa, 45.
[151] J-a III 441.
[152] Dhp-a III 441.
[153] N.A. Jayawickrama, The Thūpavaṃsa, (London: PTS, 1971), 88.
[154] Vism 234.
[155] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 45.
[156] John S. Strong, Relics of the Buddha, 112.
[157] Kevin Trainor, Relics, Ritual, and Representation in Buddhism, (Cambridge: CUP, 1997), 54.
[158] Peter Skilling, Relics in South East Asia, (Bangkok: Siam Society, 2007), 88.

သတ်မှတ်ခံရကြောင်း ဆိုသည်။[159] ဤခေတ်သစ် အမြင်များသည် ကျမ်းစာလာ အယူအဆများကို ပိုမိုကျယ်ပြန့်စေသည်။[160] အထူးသဖြင့် Michael Willis ၏ လေ့လာချက်များတွင် ဓာတ်တော်ကိုးကွယ်မှု၏ အစောပိုင်း သမိုင်းကြောင်းကို တွေ့ရှိနိုင်သည်။[161] ၎င်းအပြင် Richard Gombrich က ဓာတ်တော်ကိုးကွယ်မှု၏ လူမှုရေးရာ သက်ရောက်မှုကို ရှင်းပြထားသည်။[162]

ထေရဝါဒ၏ တင်းကျပ်သော ဓာတ်တော်မှတ်တမ်းများသည် နောက်ပိုင်းတွင် အသောကမင်းကြီး၏ ဓာတ်တော်ဖြန့်ဝေမှုနှင့် ပေါင်းစပ်သွားသည်။ အသောကဝဒါန (Aśokāvadāna) ကျမ်းအရ အသောကမင်းကြီးသည် မူလဌာနခုနစ်ခုမှ ဓာတ်တော်များကို ပြန်လည်တူးဖော်ကာ တစ်ကမ္ဘာလုံးတွင် စေတီပေါင်း ၈၄,၀၀၀ တည်ထားခဲ့သည်။[163] ဤလုပ်ရပ်ကြောင့် ဓာတ်တော်အရေအတွက်သည် ကျမ်းစာလာ ကန့်သတ်ချက်များထက် များစွာ ပိုမိုများပြားသွားခဲ့ခြင်း ဖြစ်သည်။[164] ဤအချက်ကို သုတေသီ Sao Dhammasami က သူ၏ “Guardians of Enlightenment” ကျမ်းတွင် ဓာတ်တော်အရေအတွက် တိုးပွားလာခြင်းသည် သမိုင်းဝင် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ထောက်ပြထားသည်။[165] သုတေသီက ဓာတ်တော်များကို ထိန်းသိမ်းရာတွင် သိပ္ပံနည်းကျ စမ်းသပ်မှုများ (C-14 dating) သည် ကျမ်းစာလာ ယုံကြည်မှုများကို ခိုင်မာစေနိုင်ကြောင်း ဆိုသည်။[166] ထို့ပြင် Hswagata Museum ၏ မှတ်တမ်းများအရ စွယ်တော်မြတ်များသည် ထေရဝါဒမှတ်တမ်းများထက် ပိုမိုများပြားစွာ တွေ့ရှိနေရကြောင်း အတည်ပြုနိုင်သည်။[167] ဤအချက်သည် သုတေသနပြုရန် အဓိက ကွက်လပ်တစ်ခု ဖြစ်လာသည်။[168] ထို့ကြောင့် ထေရဝါဒကျမ်းစာလာ ဓာတ်တော်အယူအဆကို လေ့လာရာတွင် ရိုးရာယုံကြည်မှုနှင့် သမိုင်းဝင် အထောက်အထားများကို ဟန်ချက်ညီညီ ပေါင်းစပ်ရန် လိုအပ်သည်။[169]

---

[159] Gregory Schopen, Bones, Stones, and Buddhist Monks, (Honolulu: University of Hawaii Press, 1997), 112.
[160] S. Beal, Si-Yu-Ki: Buddhist Records of the Western World, (London: Trubner, 1884), 54.
[161] Michael Willis, Buddhist Reliquaries, 45.
[162] Richard Gombrich, Theravada Buddhism, (London: Routledge, 1988), 120.
[163] J.S. Strong, The Legend of King Aśoka, (Princeton: Princeton University Press, 1983), 219.
[164] Alexander Cunningham, The Bhilsa Topes, (London: Smith, Elder and Co., 1854), 183.
[165] Sao Dhammasami, Guardians of Enlightenment, (Bangkok: Hswagata Museum, 2023), 15.
[166] Sao Dhammasami, Internal Private Data Sources, (Bangkok: Siridantamahapalaka Office, 2025), 32.
[167] Sao Dhammasami, Custodians of the Buddha's Sacred Relics Vol. 1, (Yangon: Siridanta Publishing, 2024), 210.
[168] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, (London: The British Museum, 2021), 45.
[169] N.A. Jayawickrama, The Inception of Discipline and the Vinaya Nidana, (London: PTS, 1962), 110.

### 2.1.2 The Concept of Political Patronage in Relic Distribution (နိုင်ငံရေး ဩဇာလွှမ်းမိုးမှုနှင့် ဓာတ်တော်ဖြန့်ကြက်မှု သဘောတရား)

သမိုင်းနှင့် ရှေးဟောင်းသုတေသနရှုထောင့်မှ ကြည့်လျှင် ဓာတ်တော်များ၏ ပျံ့နှံ့မှုသည် ကျမ်းဂန်များက ဆိုထားသည်ထက် များစွာ ပိုမိုကျယ်ပြန့်ပြီး နိုင်ငံရေးအာဏာစက်များနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ပေါ်လွင်သည်။ အသောကမင်းကြီး (King Ashoka) နှင့် ကနိသျှမင်းကြီး (King Kanishka) တို့ကဲ့သို့သော အင်ပါယာအရှင်သခင်များသည် ၎င်းတို့၏ နိုင်ငံရေးဩဇာကို ကျယ်ပြန့်စေရန် ဓာတ်တော်များကို ပြန်လည်တူးဖော်ခြင်းနှင့် အသစ်ဖြန့်ဝေခြင်းများ (redistribution) ကို မဟာဗျူဟာမြောက် လုပ်ဆောင်ခဲ့ကြသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာကျမ်းဖြစ်သော Divyāvadāna တွင် အသောကမင်းကြီးသည် ဓာတ်တော်များကို စေတီပေါင်း ၈၄,၀၀၀ ၌ ဖြန့်ဝေတည်ထားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[170] ဤသို့ ပြန့်နှံ့သွားခြင်းကို အိန္ဒိယ ရှေးဟောင်းသုတေသနဌာန (ASI) ၏ အစီရင်ခံစာများကလည်း ခိုင်မာစွာ ထောက်ခံလျက်ရှိပြီး၊ အိန္ဒိယတိုက်ငယ်တစ်လွှားရှိ စေတီများစွာမှ စွယ်တော်နှင့် အရိုးဓာတ်တော်များ ကိုအမြောက်အမြား တူးဖော်တွေ့ရှိခဲ့ရသည်။[171] ဤအထောက်အထားများက ဓာတ်တော် အရေအတွက်သည် ပုံသေမှတ်တမ်းတစ်ခု မဟုတ်ဘဲ နိုင်ငံရေးပံ့ပိုးမှု အောက်တွင် အဆမတန် တိုးပွားလာသော သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။

ရှေးဟောင်းသုတေသန အထောက်အထားများသည် တရုတ်ခရီးသွား ရဟန်းတော်များ၏ မှတ်တမ်းများနှင့် တိုက်ဆိုင်ညီညွတ်မှု ရှိနေသည်။ ဘုန်းတော်ကြီး ဖာဟီယန် (Faxian) နှင့် ရွှင်ကျန်း (Xuanzang) တို့၏ ခရီးသွားမှတ်တမ်းများတွင် အိန္ဒိယနှင့် ဗဟိုအာရှဒေသများ၌ ၎င်းတို့ ကိုယ်တိုင်ဖူးတွေ့ခဲ့ရသော စွယ်တော်မြတ် အမြောက်အများအကြောင်းကို တိကျစွာ မှတ်တမ်းတင်ထားသည်။[172] ရွှင်ကျန်း၏ မှတ်တမ်းများအရ ကပိလဝတ်၊ ကာနုဂျ် (Kanauj) နှင့် ကက်ရှ်မီးယား (Kashmir) ဒေသများတွင် စွယ်တော်မြတ်များကို ကြီးကျယ်ခမ်းနားစွာ ကိုးကွယ်လျက်ရှိကြောင်း တွေ့ရသည်။[173] ဤသည်မှာ ထေရဝါဒကျမ်းများရှိ စွယ်တော်လေးဆူဆိုသော

[170] E. B. Cowell and R. A. Neil, The Divyāvadāna: A Collection of Early Buddhist Legends, (Cambridge: Cambridge University Press, 1886), 381.

[171] Alexander Cunningham, Archaeological Survey of India Reports: Four Reports Made During the Years 1862-63-64-65, Vol. I, (Simla: Government Central Press, 1871), 115.

[172] James Legge, A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of his Travels in India and Ceylon (A.D. 399-414), (Oxford: Clarendon Press, 1886), 108.

[173] Samuel Beal, Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang, Vol. 1, (London: Trübner & Co., 1884), 46-47.

ကန့်သတ်ချက်ကို အတိအလင်း စိန်ခေါ်နေခြင်း ဖြစ်သည်။ ယင်းကွဲလွဲမှုသည် ဓာတ်တော်အရေအတွက်ကို တိကျသော သမိုင်းဖြစ်ရပ်အဖြစ် မှတ်ယူ၍မရကြောင်းနှင့်၊ ရှေးဟောင်းသုတေသနနှင့် ပြင်ပမှတ်တမ်းများကို ပေါင်းစပ်လေ့လာမှသာ ဓာတ်တော် သမိုင်း၏ အမှန်တရားကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း ထင်ရှားစေသည်။

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်မှု ကျယ်ပြန့်လာရခြင်း၏ အဓိက မောင်းနှင်အားသည် ဘာသာရေးသက်သက်မဟုတ်ဘဲ အင်ပါယာတည်ထောင်သော မင်းများ၏ နိုင်ငံရေးဆိုင်ရာ တရားဝင်မှု (Political Legitimacy) တည်ဆောက်ခြင်း ယန္တရားဖြစ်သည်။ ဘီစီ ၃ ရာစုတွင် မောရိယအင်ပါယာကို တည်ထောင်သော အသောကမင်းကြီးသည် သူ၏ ကျယ်ပြန့်သော နိုင်ငံတော်ကို အကြမ်းဖက်မှုဖြင့် မဟုတ်ဘဲ တရားဓမ္မဖြင့် အုပ်ချုပ်သောမင်း (Dhammaraja) အဖြစ် ပုံဖော်ရန် ဓာတ်တော်များကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုခဲ့သည်။[174] အသောကဝဒါန (Aśokāvadāna) ကျမ်းနှင့် ရှေးဟောင်းသုတေသန မှတ်တမ်းများအရ မင်းကြီးသည် မူလဓာတ်တော် အစုအဝေး များကို ပြန်လည်တူးဖော်ကာ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထား၍ နိုင်ငံအနှံ့ ဖြန့်ဝေခဲ့သည်။ ဤဖြန့်ဝေမှုသည် ဒေသခံပြည်သူများအပေါ် ဗဟိုအစိုးရ၏ ဩဇာလွှမ်းမိုးမှုကို ဓာတ်တော်စေတီများမှတစ်ဆင့် စိုက်ထူခြင်း (Geopolitical distribution) ဖြစ်သည်။[175] ထို့ကြောင့် ဓာတ်တော်များသည် အသောကမင်းကြီး လက်ထက်တွင် အရေအတွက် အကန့်အသတ်ရှိသော ဘာသာရေး သင်္ကေတများအဖြစ်မှ အင်ပါယာချဲ့ထွင်ရေးဆိုင်ရာ နိုင်ငံရေးယန္တရားများအဖြစ်သို့ အသွင်ပြောင်းသွားခဲ့ပြီး၊ ဓာတ်တော်များ၏ အမှန်တကယ် အရေအတွက်ကိုလည်း ကြီးမားစွာ တိုးပွားသွားစေ ခဲ့သည်။

အေဒီ ၂ ရာစု ကူရှန်အင်ပါယာ (Kushan Empire) နှင့် ကနိသ္ကမင်းကြီး (King Kanishka) လက်ထက်သို့ ရောက်သောအခါ နိုင်ငံရေးနှင့် သာသနာရေး ရောယှက်မှုသည် ဂန္ဓာရ (Gandhara) ဒေသတစ်ခွင်တွင် ဓာတ်တော်ကိုးကွယ်မှုကို အမြင့်မားဆုံး အခြေအနေသို့ ရောက်ရှိစေခဲ့သည်။ ကနိသ္ကမင်းကြီးသည် အလယ်အာရှနှင့် အိန္ဒိယမြောက်ပိုင်းရှိ လူမျိုးစုအသီးသီးကို စည်းလုံးရန်အတွက် ဗုဒ္ဓဘာသာ၊ အထူးသဖြင့် သဗ္ဗတ္ထိဝါဒဂိုဏ်းကို နိုင်ငံတော်ဘာသာအဖြစ်

---

[174] Romila Thapar, *Aśoka and the Decline of the Mauryas*, (Oxford: Oxford University Press, 1997), 42.
[175] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 14.

ပံ့ပိုးပေးခဲ့သည်။[176] ကနိဿျကမင်းကြီး တည်ထားခဲ့သော ပက်ရှဝါ (Peshawar) စေတီတော်ကြီးမှ တူးဖော်ရရှိသော Kanishka Casket သည် မင်းကြီးကိုယ်တိုင် ဓာတ်တော်များကို ကိုးကွယ်ပံ့ပိုးခဲ့ကြောင်း အတိအလင်း သက်သေပြနေသည်။[177] ထို့အပြင် ကူရှန်ခေတ်တွင် မင်းမျိုးမင်းနွယ်များနှင့် အထက်တန်းလွှာများသည် ၎င်းတို့၏ လူမှုရေးနှင့် နိုင်ငံရေးအာဏာစက်ကို ပြသရန်အတွက် ဓာတ်တော်များကို အပြိုင်အဆိုင် ရှာဖွေဌာပနာခဲ့ကြသည်။[178] ဤကဲ့သို့ နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်များက ဓာတ်တော်ဖြန့်ကြက်မှုကို တိုက်ရိုက်ပံ့ပိုးလာ သောအခါ ထေရဝါဒကျမ်းများက ပြဋ္ဌာန်းထားသော 'စွယ်တော်လေးဆူ' ဆိုသည့် တင်းကျပ်သော အရေအတွက် ကန့်သတ်ချက်သည် လက်တွေ့မြေပြင်တွင် ကျိုးပေါက် သွားခဲ့ပြီး၊ သွားတော်မြတ်အပါအဝင် ဓာတ်တော်အသစ်များစွာ သမိုင်းမျက်နှာပြင်ပေါ်သို့ ထွက်ပေါ်လာရခြင်း ဖြစ်သည်။

### 2.1.3 The Archaeological Perspective on Relic Authenticity
### (ရှေးဟောင်းသုတေသန ရှုထောင့်မှ ဓာတ်တော်များ၏ တရားဝင်မှု သဘောတရား)

မျက်မှောက်ခေတ် ပြတိုက်ပညာ (Museology) နှင့် အမွေအနှစ်ထိန်းသိမ်းခြင်း အယူအဆများသည် ဓာတ်တော်များကို ဘာသာရေးအရာဝတ္ထု သက်သက်အဖြစ်မှ သမိုင်းဝင်ရုပ်ဝတ္ထုအထောက်အထားများ (material culture) အဖြစ် ပြောင်းလဲရှုမြင် လာစေသည်။ ကိုလိုနီခေတ်မှစ၍ Charles Masson ကဲ့သို့သော ရှေးဟောင်းသုတေသီ များသည် ဓာတ်တော်များကို စုဆောင်းရာတွင် ယုံကြည်မှုထက် သိပ္ပံနည်းကျ အထောက်အထားခိုင်လုံမှုကို ပိုမိုအလေးပေးလာကြသည်။ ခေတ်သစ်ပြတိုက်များသည် ဓာတ်တော်များကို စာပေမှတ်တမ်းများအပေါ် မှီခိုခြင်းထက် သမိုင်းကြောင်းဆိုင်ရာ စိစစ်မှုများဖြင့်သာ အသိအမှတ်ပြုရန် ကြိုးပမ်းကြသည်။ ဗြိတိသျှပြတိုက် (British Museum) နှင့် Victoria and Albert (V&A) Museum တို့၏ မော်ကွန်းတိုက် မှတ်တမ်းများအရ ဂန္ဓာရ (Gandhara) ဒေသမှ တူးဖော်ရရှိသော ဓာတ်တော်ကြုတ်များနှင့် ဓာတ်တော်များသည် အတိအကျ သက်တမ်းသတ်မှတ်နိုင်သော ရှေးဟောင်းပစ္စည်းမျာ းအဖြစ် ရပ်တည်လျက်ရှိသည်။[179] ဤလုပ်ငန်းစဉ်များသည် ဓာတ်တော်များကို

[176] Richard F. Gombrich, *Theravada Buddhism: A Social History from Ancient Benares to Modern Colombo*, (London: Routledge, 1988), 112.

[177] D.B. Spooner, *Archaeological Survey of India: Annual Report 1908-1909*, (Calcutta: Superintendent Government Printing, 1912), 38.

[178] Harry Falk, *Kushan Histories: Literary Sources and Selected Papers*, (Bremen: Hempen Verlag, 2015), 89.

[179] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838, (London: The British Museum, 2021), 84.

အထောက်အထားအခြေပြု သမိုင်းလေ့လာမှုအတွက် အရေးပါသော အရင်းအမြစ်များ ဖြစ်လာစေသည်။

ခေတ်သစ် ဓာတ်တော်ထိန်းသိမ်းမှုစနစ်များသည် ယုံကြည်မှုနှင့် သိပ္ပံနည်းကျ သက်သေပြချက်များကို ပေါင်းစပ်ရန် ကြိုးပမ်းလျက်ရှိသည်။ Hswagata ဓာတ်တော်ပြတိုက်၏ လတ်တလော လေ့လာမှုများတွင် ဓာတ်တော်များ၏ မူလဇစ်မြစ် (provenance) ကို DNA နှင့် Carbon-14 Dating ကဲ့သို့သော သိပ္ပံနည်းပညာများဖြင့် စစ်ဆေးအတည်ပြုလျက်ရှိသည်။[180] ဤနည်းလမ်းများသည် ဓာတ်တော်များကို ရိုးရာ ယုံကြည်မှု သက်သက် အပေါ်မှီခိုနေခြင်းမှ ရုန်းထွက်စေပြီး၊ ခိုင်မာသော ရုပ်ဝတ္ထုအ ထောက်အထား (empirical evidence) များအဖြစ် ပြောင်းလဲပေးသည်။ ဤသိပ္ပံနည်းကျ ချဉ်းကပ်မှုသည် ဓာတ်တော်များ၏ အရေအတွက်နှင့် စစ်မှန်မှုပြဿနာကို ဖြေရှင်းရာတွင် စာပေမှတ်တမ်းများ၏ ကန့်သတ်ချက်ကို ကျော်လွန်ကာ ဓမ္မဓိဋ္ဌာန်ကျသော အဖြေများ ပေးစွမ်းနိုင်ကြောင်း ညွှန်ပြလျက်ရှိသည်။

သမိုင်းပြုစုမှုအပေါ် နိုင်ငံရေးနှင့် ဂိုဏ်းကွဲများ၏ သက်ရောက်မှုကို လေ့လာရာတွင် ခေတ်သစ် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိချက်များသည် ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များကို ချေဖျက်ပေးသည့် အခိုင်မာဆုံးသော သက်သေအထောက်အထား (Empirical evidence) များဖြစ်သည်။ အိန္ဒိယရှေးဟောင်းသုတေသနအဖွဲ့ (ASI) ၏ တူးဖော်မှု အစီရင်ခံစာများအရ အသောကမင်းကြီးနှင့် ကနိဿျကမင်းကြီးတို့၏ နိုင်ငံရေး အာဏာစက်လွှမ်းမိုးရာ ဒေသများတွင် ထေရဝါဒမှတ်တမ်းများထက် များစွာပိုမိုများပြား သော ဓာတ်တော်များကို တူးဖော်ရရှိခဲ့သည်။[181] တက္ကသီလာ (Taxila) ရှိ ဓမ္မရာဇိက စေတီတော်မှ တွေ့ရှိရသော ဓာတ်တော်တိုက်များသည် ဗုဒ္ဓဘာသာဂိုဏ်းကွဲများသည် ၎င်းတို့၏ သာသနာပြုနယ်မြေများတွင် ဓာတ်တော်များကို မည်မျှကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြောင်း ပြသနေသည်။[182] ဤတွေ့ရှိချက်များသည် ကျမ်းဂန်လာ စွယ်တော် လေးဆူ အယူအဆသည် သမိုင်းအမှန်တရား (Historical reality) ကို ကိုယ်စားမပြုဘဲ၊ ထေရဝါဒဂိုဏ်း၏ ဝါဒရေးရာ တည်ဆောက်ချက်တစ်ခု (Ideological construct) သာဖြစ်ကြောင်း သိပ္ပံနည်းကျ ထောက်ပြနေသည်။

---

[180] Sao Dhammasami, Guardians of Enlightenment: Unveiling the Mission and Principles of the Hswagata Buddha Tooth Relics Preservation Private Museum, (Bangkok: The Office of Siridantamahapalaka, 2023), 14.

[181] D.B. Spooner, *Archaeological Survey of India*, 40.

[182]John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 234.

ရှေးဟောင်းသုတေသန အထောက်အထားများတွင် ပါဝင်သော ကမ္ပည်းစာများနှင့် ခေတ်သစ်ပြတိုက် မော်ကွန်းများသည် ဓာတ်တော်များ၏ ဇစ်မြစ်နှင့် အာဏာပိုင်များ၏ လွှမ်းမိုးမှုကို ငြင်းဆို၍မရအောင် အတည်ပြုပေးလျက်ရှိသည်။ ဗြိတိသျှပြတိုက် (British Museum) နှင့် V&A ပြတိုက်တို့တွင် ထိန်းသိမ်းထားသော ဂန္ဓာရခေတ် ဓာတ်တော်ကြုတ်များပေါ်ရှိ ဗြဟ္မီ (Brahmi) နှင့် ခရိုဋ္ဌိ (Kharoshthi) အက္ခရာများသည် ဓာတ်တော်များကို မည်သည့်မင်း၊ မည်သည့်အထက်တန်းလွှာက မည်သည့်ဂိုဏ်းအတွက် ရည်စူး၍ လှူဒါန်းခဲ့ကြောင်း တိကျစွာ ဖော်ပြနေသည်။[183] Charles Masson ၏ ဘက်ဂရမ် (Begram) ဒေသ တူးဖော်မှုမှတ်တမ်းများက အိန္ဒိယအနောက်မြောက်ပိုင်းတွင် ဓာတ်တော် ကိုးကွယ်မှု သည် ထေရဝါဒစံနှုန်းများထက် လုံးဝကွဲပြားသော ကိုယ်ပိုင်သမိုင်းကြောင်းဖြင့် ဖွံ့ဖြိုးခဲ့ကြောင်း သက်သေပြသည်။[184] ဤရုပ်ဝတ္ထုအထောက်အထားများသည် သမိုင်းကို လေ့လာရာတွင် ကျမ်းစာများကိုသာ အားထားရမည့်အခြေအနေမှ မြေပြင်တူးဖော်မှု အထောက်အထားများဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ တိုက်ဆိုင်စစ်ဆေးရမည့် (Cross-examination) သမိုင်းသုတေသနစနစ်သစ်ဆီသို့ ပို့ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။

ရှေးဟောင်းသုတေသန ရှုထောင့်မှ ဗုဒ္ဓဓာတ်တော်များ၏ သမိုင်းကြောင်းကို လေ့လာရာတွင် ရိုးရာကျမ်းစာလာ ကန့်သတ်ချက်များထက် ပိုမိုကျယ်ပြန့်သော ဖြန့်ကြက်တည်ရှိမှုကို တွေ့ရှိရသည်။ ထေရဝါဒကျမ်းစာများက သွားတော်မြတ် (၄) ဆူသာ တည်ရှိသည်ဟု တင်းကျပ်စွာ မှတ်တမ်းတင်ထားသော်လည်း မြေပြင်တူးဖော်မှု အထောက်အထားများက အိန္ဒိယတိုက်ငယ်မှသည် အာရှအလယ်ပိုင်းအထိ ပျံ့နှံ့နေသော ဓာတ်တော်များကို အခိုင်အမာ ပြသနေသည်။[185] အိန္ဒိယ ရှေးဟောင်းသုတေသနအဖွဲ့ (ASI) ၏ ပထမဆုံး ညွှန်ကြားရေးမှူးချုပ် Alexander Cunningham ၏ ရှာဖွေတွေ့ရှိချက် များအရ ဓာတ်တော်များသည် အသောကမင်းကြီး (King Ashoka) လက်ထက်တွင် မူလအစုအဝေးများမှ ပြန်လည်ထုတ်ယူကာ ဒေသအနှံ့ ဖြန့်ဝေခြင်း ခံခဲ့ရသည်။[186] ဤကဲ့သို့ သိပ္ပံနည်းကျ တူးဖော်တွေ့ရှိမှုများသည် ဘာသာရေးယုံကြည်မှုဆိုင်ရာ မှတ်တမ်းများနှင့် သမိုင်းဝင်

[183] B.N. Mukherjee, *The Kharoshthi and Kharoshthi-Brahmi Inscriptions*, (Calcutta: Asiatic Society, 1989), 56.
[184] Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 112.
[185] Michael Willis, Buddhist Reliquaries from Ancient India, (London: British Museum Press, 2000), 12.
[186] Alexander Cunningham, Archaeological Survey of India Reports, Vol. I, (Simla: Government Central Press, 1871), 234.

အရှိတရားတို့အကြား ကွာဟချက်ကို လျော့လာရန် ခိုင်မာသော အခြေခံကို ပေးစွမ်းသည်။

အသောကမင်းကြီး၏ ဓာတ်တော်ဖြန့်ဝေမှု မဟာစီမံကိန်းသည် ဗုဒ္ဓဘာသာ သမိုင်းတွင် ဓာတ်တော်အရေးအတွက် တိုးပွားလာရခြင်း၏ အဓိက အချိုးအကွေ့တစ်ခု ဖြစ်သည်။ အသောကဝဒါန (Aśokāvadāna) ကျမ်းနှင့် ကျောက်စာအထောက်အ ထားများအရ မင်းကြီးသည် မူလဓာတ်တော် ရှစ်စုအနက် ခုနစ်စုကို ပြန်လည်တူးဖော်ကာ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားခဲ့သည်။[187] Cunningham ၏ စံချီ (Sanchi) နှင့် ဘာဟု (Bharhut) ဒေသ တူးဖော်မှုများတွင် တွေ့ရှိရသော ဓာတ်တော်ကြုတ်များ (Reliquaries) ပေါ်ရှိ ကမ္ပည်းစာများသည် ဤသမိုင်းဝင် ဖြစ်ရပ်ကို အတည်ပြု ပေးသည်။[188] ဓာတ်တော်များကို တစ်နေရာတည်းတွင် စုဝေးမထားဘဲ နယ်မြေအ သီးသီးသို့ ဖြန့်ဝေခြင်းသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အခြေချရန်နှင့် အင်ပါယာ၏ နိုင်ငံရေးဩဇာကို ခိုင်မာစေရန် အသုံးပြုခဲ့သော နည်းဗျူဟာဖြစ်သည်။[189] ထို့ကြောင့် ဓာတ်တော်ဖြန့်ကြက်မှုသည် သာသနာရေးသက်သက်မဟုတ်ဘဲ နိုင်ငံရေးနှင့် ယဉ်ကျေးမှု နယ်ပယ်ချဲ့ထွင်မှုနှင့် တိုက်ရိုက် ဆက်နွှယ်နေသည်။[190]

ကုရှန်အင်ပါယာ (Kushan Empire) နှင့် ကနိသျှမင်းကြီး (King Kanishka) လက်ထက်တွင် ဓာတ်တော်ကိုးကွယ်မှုသည် အနောက်မြောက်ပိုင်း ဂန္ဓာရ (Gandhara) ဒေသ၌ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ကနိသျှမင်းကြီး တည်ထားခဲ့သော ပက်ရှဝါ (Peshawar) စေတီတော်ကြီးမှ တူးဖော်ရရှိသော "Kanishka Casket" သည် ဓာတ်တော်များ၏ သမိုင်းဝင်တည်ရှိမှုကို သက်သေပြရုံသာမက ဂိုဏ်းကွဲများ၏ လွှမ်းမိုးမှုကိုလည်း ဖော်ပြနေသည်။[191] တရုတ်ရဟန်းတော် ဖာဟီယန် (Faxian) ၏ မှတ်တမ်းများတွင် နဂရဟာရ (Nagarahara) ဒေသ၌ သွားတော်မြတ် (Tooth Relic) တစ်ဆူကို ဖူးမြော်ခဲ့ရကြောင်း အတိအကျ ဖော်ပြထားသည်။[192] ဤသွားတော်သည်

---

[187] John S. Strong, The Legend of King Aśoka, (Princeton: Princeton University Press, 1983), 219.
[188] Alexander Cunningham, The Bhilsa Topes or Buddhist Monuments of Central India, (London: Smith, Elder and Co., 1854), 183.
[189] Gregory Schopen, Bones, Stones, and Buddhist Monks, (Honolulu: University of Hawaii Press, 1997), 112.
[190] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 45.
[191] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, (London: The British Museum, 2021), 45.
[192] James Legge, A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien, (Oxford: Clarendon Press, 1886), 36.

ထေရဝါဒ ရိုးရာမှတ်တမ်းများတွင် ဖော်ပြထားသော လေးဆူစာရင်း၌ ပါဝင်ခြင်း မရှိသော်လည်း ရှေးဟောင်းသုတေသန အထောက်အထားများနှင့် ခရီးသွားမှတ်တမ်းများတွင် အခိုင်အမာ တည်ရှိနေသည်။[193] ဤအချက်သည် ကနိသ္ကမင်းကြီးကဲ့သို့သော မဟာယာနအနွယ်ဝင် မင်းများက ဓာတ်တော်သစ်များကို ရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် အတည်ပြုပေးခြင်းဖြင့် ၎င်းတို့၏ ဘာသာရေးဗဟိုချက်ကို တည်ဆောက်ခဲ့ကြောင်း ပြသနေသည်။[194]

ဂန္ဓာရဒေသရှိ ဓာတ်တော်ကြုတ်များပေါ်တွင် တွေ့ရှိရသော ကမ္ပည်းစာများ (Epigraphical evidence) သည် ဓာတ်တော်များ၏ မူလဇစ်မြစ်ကို အတည်ပြုရန် အားထားရဆုံး အချက်အလက်များဖြစ်သည်။ Charles Masson က ဘက်ဂရမ် (Begram) နှင့် ကဘူးလ် (Kabul) ဒေသများမှ တူးဖော်ရရှိခဲ့သော ဓာတ်တော်ကြုတ်များသည် ဗြိတိသျှပြတိုက် (British Museum) တွင် တည်ရှိနေပြီး ၎င်းတို့ပေါ်ရှိ ခရောဗ္ဗသီ (Kharosthi) အက္ခရာများသည် ဓာတ်တော်များ၏ သက်တမ်းကို ခိုင်မာစွာ ဖော်ပြလျက်ရှိသည်။[195] Elizabeth Errington ၏ သုတေသနအရ Bimaran Casket တွင် တွေ့ရှိရသော အထောက်အထားများသည် ဓာတ်တော်ကိုးကွယ်မှုသည် ခေတ်ကာလ အလိုက် မည်သို့ ပြောင်းလဲတိုးတက်လာသည်ကို ရှင်းလင်းစွာ ပြသသည်။[196] ဤကျောက်စာ အထောက်အထားများသည် ရိုးရာကျမ်းစာများကဲ့သို့ ယုံကြည်မှု (Faith) အပေါ်တွင်သာ အခြေမခံဘဲ အမှန်တကယ် ဖြစ်ပျက်ခဲ့သော သမိုင်းဝင် ပုဂ္ဂိုလ်များ၊ နေ့စွဲများနှင့် တည်နေရာများကို ခိုင်လုံစွာ ပေးစွမ်းသည်။[197] ထို့ကြောင့် ရှေးဟောင်းသုတေသနသည် ဓာတ်တော်များ၏ သမိုင်းကို ဒဏ္ဍာရီနယ်ပယ်မှ လက်တွေ့နယ်ပယ်သို့ ပြောင်းလဲပေးလိုက်ခြင်း ဖြစ်သည်။[198]

ကိုလိုနီခေတ်အတွင်း ဗြိတိသျှအရာရှိများနှင့် ရှေးဟောင်းသုတေသန ပညာရှင်များ၏ ရှာဖွေမှုများသည် ဓာတ်တော်များကို သိပ္ပံနည်းကျ မှတ်တမ်းတင်ခြင်း၏ အစပျိုးမှုဖြစ်သည်။ ဗစ်တိုးရီးယားနှင့် အဲလ်ဘတ် ပြတိုက် (V&A Museum) တွင် ထိန်းသိမ်းထားသော ဓာတ်တော်များနှင့်

[193]S. Beal, Si-Yu-Ki: Buddhist Records of the Western World, (London: Trubner & Co., 1884), 54.
[194] Richard Gombrich, Theravada Buddhism: A Social History from Ancient Benares to Modern Colombo, (London: Routledge, 1988), 120.
[195] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, 112.
[196] Elizabeth Errington, "Ancient Afghanistan through the eyes of Charles Masson," in The British Museum Research Publication No. 219, (London: 2021), 22.
[197] Michael Willis, Buddhist Reliquaries, 56.
[198] John Marshall, Taxila: An Illustrated Account of Archaeological Excavations, (Cambridge: Cambridge University Press, 1951), 245.

ဆက်စပ်ပစ္စည်းများသည် တူးဖော်ရရှိသည့် နေရာနှင့် အခြေအနေများကို တိကျစွာ မှတ်တမ်းတင်ထားသည်။[199] ဥပမာအားဖြင့် Piprahwa စေတီမှ တူးဖော်ရရှိသော ဓာတ်တော်များသည် ရှေးအကျဆုံး ဗြဟ္မီ (Brahmi) အက္ခရာများဖြင့် ဗုဒ္ဓ၏ သရီရဓာတ်တော်ဖြစ်ကြောင်း ကမ္ပည်းထိုးထားခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းရှိ သုတေသီများ၏ အာရုံစိုက်မှုကို ရရှိခဲ့သည်။[200] ဤတူးဖော်မှု မှတ်တမ်းများသည် ရိုးရာကျမ်းစာများက ဓာတ်တော်များကို မည်သို့ပင် ကန့်သတ်ထား စေကာမူ မြေပြင်တွင် အမှန်တကယ် တည်ရှိနေသော ဓာတ်တော်အရေအတွက်မှာ ပိုမိုများပြားနေကြောင်း ဖော်ပြနေသည်။[201] ဤအချက်သည် သမိုင်းသုတေသီများအတွက် ရိုးရာမှတ်တမ်း (Textual record) နှင့် လက်တွေ့အထောက်အထား (Physical evidence) တို့အကြား ညှိနှိုင်းရန် လိုအပ်မှုကို တွန်းအားပေးလိုက်ခြင်း ဖြစ်သည်။[202]

ထို့ပြင် ဓာတ်တော်များ၏ သမိုင်းကြောင်းကို လေ့လာရာတွင် တရုတ်ရဟန်းတော် ရွှမ်ကျန်း (Xuanzang) ၏ မှတ်တမ်းများသည် ရှေးဟောင်းသုတေသန တွေ့ရှိချက်များနှင့် အလွန်ကိုက်ညီမှု ရှိသည်။ သူ၏ "Great Tang Records on the Western Regions" တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် ကက်ရှ်မီးယား (Kashmir) ဒေသများ၌ သွားတော်မြတ်များကို ကိုးကွယ်နေကြသည်ကို ကိုယ်တိုင် မြင်တွေ့ခဲ့ရကြောင်း ရေးသားခဲ့သည်။[203] သူဖော်ပြသော တည်နေရာအများစုမှာ နောက်ပိုင်းတွင် ASI ၏ တူးဖော်မှုများအရ ရှေးဟောင်းစေတီပျက်များအဖြစ် ပြန်လည်တွေ့ရှိခဲ့ရသည်။[204] ဤအချက်သည် ရိုးရာထေရဝါဒ ကျမ်းစာများက စွယ်တော်ကို သီဟိုဠ် (Sri Lanka) နှင့် ဂန္ဓာရ (Gandhara) ဟူ၍ အဓိကနယ်မြေကြီးများ၌သာ ကန့်သတ်ထားသော်လည်း လက်တွေ့တွင်မူ ဒေသန္တရအလိုက် ကိုးကွယ်မှုများစွာ ရှိနေကြောင်းကို ဖော်ပြသည်။[205] ဤသို့ ဓာတ်တော်များ ပြန့်နှံ့နေခြင်းသည် ဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏

[199] Victoria and Albert Museum, Acquisition Records: Buddhist Relics from India and Pakistan, (London: V&A Archive, 1900-1950), 84.
[200] W.C. Peppe, "The Piprahwa Stupa, containing relics of Buddha," Journal of the Royal Asiatic Society, (1898), 573.
[201] Peter Skilling, Relics in South East Asia, (Bangkok: Siam Society, 2007), 88.
[202] Kevin Trainor, Relics, Ritual, and Representation in Buddhism, (Cambridge: Cambridge University Press, 1997), 89.
[203] Samuel Beal, Si-Yu-Ki: Buddhist Records of the Western World, Vol. I, (London: Trubner, 1884), 158.
[204] Alexander Cunningham, Ancient Geography of India, (London: Trubner & Co., 1871), 42.
[205] B.C. Law, The Dāṭhāvaṃsa: A History of the Tooth-Relic of the Buddha, (Lahore: Punjab Sanskrit Book Depot, 1925), 12.

သမိုင်းကြောင်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်သမိုင်းပြုစုမှု (Historiography) ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။[206]

ခေတ်သစ်ပြတိုက်ပညာ (Modern Museology) ရှုထောင့်မှကြည့်လျှင် ဓာတ်တော်များ၏ မူလဇစ်မြစ် (Provenance) ကို ရှာဖွေခြင်းသည် ဓာတ်တော်၏ စစ်မှန်မှုကို ဆုံးဖြတ်ရာတွင် အရေးကြီးဆုံး ဖြစ်သည်။ ဓာတ်တော်များကို ပြတိုက်များတွင် ထိန်းသိမ်းပြသရာ၌ ၎င်းတို့၏ သမိုင်းကြောင်းကို ခိုင်မာသော အထောက်အထား (Documentary evidence) နှင့် တွဲဖက်ရန် လိုအပ်သည်။[207] သုတေသီ Sao Dhammasami ၏ အဆိုအရ ဓာတ်တော်များကို သိပ္ပံနည်းကျ စမ်းသပ်စစ်ဆေးခြင်း (Scientific testing) သည် ဘာသာရေးယုံကြည်မှုကို မထိခိုက်စေဘဲ သမိုင်းဝင် အမှန်တရားကို ပိုမိုပေါ်လွင်စေသည်။[208] Hswagata Museum ၏ မှတ်တမ်းများတွင် ဓာတ်တော်များကို ထိန်းသိမ်းရာ၌ ရှေးဟောင်းသုတေသန အချက်အလက်များကို အခြေခံ၍ စနစ်တကျ အမျိုးအစား ခွဲခြားထားခြင်းဖြင့် သုတေသီများအတွက် လေ့လာစရာ အရင်းအမြစ် သစ်များ ပေါ်ထွက်လာစေသည်။[209] ဤသို့သော ပညာရပ်ဆိုင်ရာ ချဉ်းကပ်မှုသည် ရိုးရာယုံကြည်မှုများကို ခေတ်သစ်ကမ္ဘာနှင့် ချိတ်ဆက်ပေးနိုင်သော တံတားတစ်စင်း ဖြစ်သည်။[210]

အချုပ်အားဖြင့်ဆိုရသော် ရှေးဟောင်းသုတေသန ရှုထောင့်မှ ဓာတ်တော် ဖြန့်ကြက်တည်ရှိမှုသည် အသောကမင်းကြီးနှင့် ကနိသျှမင်းကြီးတို့၏ နိုင်ငံရေးနှင့် သာသနာရေး မူဝါဒများအပေါ်တွင် များစွာ အမှီပြုနေသည်။[211] ထေရဝါဒကျမ်းစာများ၏ ကန့်သတ်ချက်များသည် သတ်မှတ်ထားသော ဂိုဏ်းဂဏဆိုင်ရာ တရားဝင်မှု (Sectarian legitimacy) အတွက်သာ ဖြစ်ပြီး လက်တွေ့မြေပြင်တွင်မူ ဓာတ်တော်များသည် အာရှတစ်လွှားသို့ ကျယ်ပြန့်စွာ ပြန့်နှံ့သွားခဲ့ပြီး ဖြစ်သည်။[212] ASI အစီရင်ခံစာများ၊ ဗြိတိသျှပြတိုက်နှင့် V&A

---

[206] Richard Gombrich, Theravada Buddhism, 134.

[207] Sao Dhammasami, Guardians of Enlightenment: Unveiling the Mission and Principles of the Hswagata Buddha Tooth Relics Preservation Museum, (Bangkok: Hswagata Museum, 2023), 15.

[208] Sao Dhammasami, An Analytical Study from the Perspective of Mutual Complementarity, (Bangkok: The Office of Siridantamahapalaka, 2026), 474.

[209] Sao Dhammasami, Custodians of the Buddha's Sacred Relics Vol. 1, (Yangon: Siridanta Publishing, 2024), 350.

[210] Sao Dhammasami, Institutional Policies for Relic Stewardship, Safeguarding and Peaceful Management at HSWAGATA, (Bangkok: The Office of Siridantamahapalaka, 2025), 319.

[211] Elizabeth Errington, Charles Masson, Vol. 3, (London: The British Museum, 2021), 174.

[212] John S. Strong, Relics of the Buddha, 120

ပြတိုက်တို့ရှိ မှတ်တမ်းများသည် ဤဖြစ်ရပ်မှန်ကို ခိုင်မာစွာ ထောက်ခံလျက်ရှိသည်။[213] ဤရှေးဟောင်းသုတေသန အချက်အလက်များကို လေ့လာ ခြင်းဖြင့် ဓာတ်တော်များ၏ သမိုင်းပြုစုမှု ပြဿနာများကို ပိုမိုရှင်းလင်းစွာ နားလည်နိုင်မည် ဖြစ်သည်။[214]

### 2.1.4 Concepts of Heritage Preservation and Museology

ဓာတ်တော်များကို ခေတ်သစ်ပြတိုက်ပညာရပ် (Museology) နှင့် အမွေအနှစ် ထိန်းသိမ်းရေး (Heritage Preservation) ရှုထောင့်မှ လေ့လာရာတွင် 'ပိုင်ဆိုင်မှု' (Ownership) ထက် 'ထိန်းသိမ်းစောင့်ရှောက်မှု တာဝန်' (Stewardship) အယူအဆသည် အဓိကကျသော အခြေခံသီအိုရီ ဖြစ်လာသည်။ ထေရဝါဒ ကျင့်ဝတ်များအရ ဓာတ်တော်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ အပိုင်စီး၍ မရဘဲ အများပြည်သူ ကိုးကွယ်နိုင်ရန်အတွက်သာ ထိန်းသိမ်းရသော သဘောရှိသည်။ ဤစောင့်ရှောက်မှု အယူအဆသည် ဓာတ်တော်များကို ရုပ်ဝတ္ထုပစ္စည်းတစ်ခုထက် ပိုမိုမြင့်မြတ်သော၊ အများပိုင်ဆိုင်သော ယဉ်ကျေးမှုနှင့် ဘာသာရေး အမွေအနှစ်အဖြစ် ပြောင်း လဲသတ်မှတ်ပေးသည်။[215] သုတေသီ Sao Dhammasami ၏ အဆိုအရ စောင့်ရှောက်သူ (Custodian) တစ်ဦး၏ တာဝန်မှာ ဓာတ်တော်များ၏ မူလတန်ဖိုး (Intrinsic value) မပျက်စီးအောင် ကာကွယ်ရန်နှင့် လာရောက်ဖူးမြော်သူများအတွက် သဒ္ဓါတရား ပွားများရာနေရာဖြစ်စေရန် စီမံပေးခြင်း ဖြစ်သည်။[216] ဤစောင့်ရှောက်မှု အယူအဆသည် ဓာတ်တော်များအား စနစ်တကျ ထိန်းသိမ်းရန်အတွက် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက် တစ်ခု ဖြစ်သည်။[217]

ပြတိုက်ပညာရပ်တွင် ဓာတ်တော်များ၏ စစ်မှန်မှုကို အတည်ပြုရန်အတွက် 'မူလဇစ်မြစ် ခိုင်လုံမှု' (Provenance) သည် မရှိမဖြစ် လိုအပ်သော သဘောတရားတစ်ခု ဖြစ်သည်။ ဓာတ်တော်တစ်ဆူကို ပြသရာတွင် ၎င်းကို မည်သည့်နေရာမှ ရရှိခဲ့သည်၊ မည်သို့သော သမိုင်းကြောင်းများ ရှိခဲ့သည်ဟူသော အထောက်အထား (Chain of custody) ကို တိကျစွာ မှတ်တမ်းတင်ထားရမည် ဖြစ်သည်။ နိုင်ငံတကာ ပြတိုက်များ ကောင်စီ (ICOM) ၏ ကျင့်ဝတ်များအရ အထောက်အထားမဲ့သော

---

[213] Michael Willis, Buddhist Reliquaries, 88.
[214] Sao Dhammasami, From Casebook to Compass: Using 100 Buddhist Relic Cases, (Bangkok: MCU, 2024), 1448.
[215] Sao Dhammasami, Guardians of Enlightenment: Unveiling the Mission and Principles of the Hswagata Buddha Tooth Relics Preservation Museum, (Bangkok: Hswagata Museum, 2023), 15.
[216] Sao Dhammasami, Guardians of Enlightenment: Unveiling the Mission and Principles of the Hswagata Buddha Tooth Relics Preservation Museum, (Bangkok: Hswagata Museum, 2023), 15.
[217] ICOM, Code of Ethics for Museums, (Paris: International Council of Museums, 2017), 12.

ရှေးဟောင်းပစ္စည်းများကို လက်ခံပြသခြင်းသည် ပညာရပ်ဆိုင်ရာ တာဝန်ခံမှု ကင်းမဲ့ခြင်း ဖြစ်သည်။[218] ဗြိတိသျှပြတိုက် (British Museum) ကဲ့သို့သော အဖွဲ့အစည်းများသည် ဓာတ်တော်များကို လက်ခံရာတွင် တူးဖော်မှုမှတ်တမ်း (Excavation records) နှင့် အလှူရှင်များ၏ ရာဇဝင်ကို အဆင့်ဆင့် စစ်ဆေးလေ့ရှိသည်။[219] ဤသို့ မူလဇစ်မြစ်ကို ဖော်ထုတ်ခြင်းဖြင့် ရိုးရာယုံကြည်မှုဆိုင်ရာ ဒဏ္ဍာရီများနှင့် သမိုင်းဝင် အချက်အလက်များကို ခွဲခြားသိရှိနိုင်ပြီး ဓာတ်တော်၏ သမိုင်းတန်ဖိုးကို မြှင့်တင်ပေးနိုင်သည်။[220]

ဓာတ်တော်များကို ပြသရာတွင် 'မြင့်မြတ်သောအရာများကို ကိုင်တွယ်ပြသခြင်း' (Handling and Displaying Sacred Objects) ဆိုင်ရာ ကျင့်ဝတ်များကို အထူးဂရုပြုရန် လိုအပ်သည်။ ဓာတ်တော်များသည် အနုပညာပစ္စည်း (Art object) သက်သက်မဟုတ်ဘဲ 'သက်ရှိဗုဒ္ဓ' (Living presence) ဟု ယုံကြည်ခံရသောအရာများ ဖြစ်သဖြင့် ပြသသည့် ပတ်ဝန်းကျင်မှာ ရိုသေမှုရှိသော အခြေအနေ (Reverent environment) ဖြစ်ရမည်။[221] Victoria and Albert Museum (V&A) တွင် ဓာတ်တော်များကို ပြသရာ၌ ဘာသာရေးဆိုင်ရာ အထိခိုက်မခံမှုကို ထည့်သွင်းစဉ်းစား၍ ပြသသည့် နည်းစနစ်များကို ပြောင်းလဲခဲ့ရသော သာဓကများ ရှိသည်။[222] မြန်မာ့ရိုးရာ အယူအဆဖြစ်သော 'ဟိရီဩတ္တပ္ပ' (Hiri-Ottappa) ခေါ် အရှက်နှင့် အကြောက်တရားသည် ဓာတ်တော်များကို ထိန်းသိမ်းရာတွင် အရေးပါသော ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံ ဖြစ်သည်။[223] ဤသို့ ကျင့်ဝတ်နှင့်အညီ ပြသခြင်းသည် ဘာသာရေး ယုံကြည်မှုနှင့် ပညာရပ်ဆိုင်ရာ လေ့လာမှုကို ဟန်ချက်ညီစေရန် အထောက်အကူပြုသည်။[224]

ခေတ်သစ် သိပ္ပံနည်းကျ စမ်းသပ်မှုများ (Scientific authentication) သည် ဓာတ်တော်များ၏ သမိုင်းဝင် တည်ရှိမှုကို ခိုင်မာစေသော အရေးပါသည့် ကိရိယာများ ဖြစ်လာသည်။ Carbon-14 Dating နှင့် DNA Testing ကဲ့သို့သော နည်းပညာများသည် ဓာတ်တော်များ၏ သက်တမ်းနှင့် ဇီဝကမ္မဆိုင်ရာ အချက်အလက်များကို ပေးစွမ်း

---

[218] ICOM, Code of Ethics for Museums, 15.

[219] Michael Willis, Buddhist Reliquaries from Ancient India, (London: British Museum Press, 2000), 22.

[220] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, (London: The British Museum, 2021), 45.

[221] Sao Dhammasami, Guardians of Enlightenment, 25.

[222] Victoria and Albert Museum, Handling Sacred Objects: Guidelines for Staff, (London: V&A Archive, 2015), 5.

[223] Sao Dhammasami, From Casebook to Compass: Using 100 Buddhist Relic Cases, (Bangkok: MCU, 2024), 1448.

[224] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 120.

နိုင်သည်။[225] သုတေသီ Sao Dhammasami ၏ Case Studies များအရ အင်္ဂလန်နိုင်ငံ အမေရိကန် စသည့် နိုင်ငံများ တွင် ပြုလုပ်ခဲ့သော သိပ္ပံနည်းကျ စမ်းသပ်မှုများသည် အချို့သော ဓာတ်တော်များ၏ စစ်မှန်မှုကို သက်သေပြရာတွင် များစွာ အထောက်အကူ ဖြစ်ခဲ့သည်။[226] သို့သော် ဤစမ်းသပ်မှုများ သည် ဘာသာရေး ယုံကြည်မှုကို ဖျက်ဆီးရန် မဟုတ်ဘဲ အမှန်တရားကို အခြေခံသော ကိုးကွယ်မှုကို ပံ့ပိုးပေးရန် ဖြစ်သည်။[227] သိပ္ပံနည်းကျ အတည်ပြုချက်များသည် သမိုင်းပညာရှင်များနှင့် ဘာသာရေး ခေါင်းဆောင်များအကြား ယုံကြည်မှု တည်ဆောက် ရန် အတွက် ခိုင်မာသော အခြေခံ အချက်အလက်များ ပေးစွမ်းနိုင်သည်။[228]

[406] Romila Thapar, *Aśoka and the Decline of the Mauryas*, (Oxford: Oxford University Press, 1997), 45.

[407] Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 89.

ဓာတ်တော်များ (Attributed relics) ၏ သမိုင်းဝင် ပြန့်ပွားမှု အခင်းအကျင်းကိုသာ သရုပ်ဖော် ခွဲခြမ်းစိတ်ဖြာသွားမည် ဖြစ်သည်။

အချက်အလက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် ဤအခန်းကို တိကျသော ကဏ္ဍခွဲ (၆) ရပ်ဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားပါသည်။ ရှေးဦးစွာ

(၄.၂) တွင် ဂန္ဓာရ-တက္ကသီလာ ဒေသရှိ အဓိက စေတီတော်ကြီး (၉) ဆူ (ဥပမာ - Dharmarajika, Kalawan, Bhamala) မှ ရှေးဟောင်းတူးဖော်မှု အထောက်အထားများကို အသေးစိတ် နှိုင်းယှဉ်ပြသမည်ဖြစ်သည်။ ယင်းနောက်

(၄.၃) တွင် ဓာတ်တော်ကြုတ်များပေါ်ရှိ ဖြဟ္မီနှင့် ခရိုဋ္ဌီ ကျောက်စာမှတ်တမ်းများကို ဆန်းစစ်ကာ၊

(၄.၄) တွင် ဒေသန္တရအလိုက် ဓာတ်တော်ကိုးကွယ်မှု ကွဲပြားချက် (Regional Variation) ကို လေ့လာမည်ဖြစ်သည်။ ဆက်လက်၍

(၄.၅) တွင် ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များနှင့် မြေပြင်အထောက်အထား များအကြားရှိ ဆန့်ကျင်ဘက် ကွဲလွဲချက်များ (Contradictions) ကို ထိပ်တိုက်ရင်ဆိုင် စစ်ဆေးမည်ဖြစ်ပြီး၊ နောက်ဆုံး

(၄.၆) နှင့် (၄.၇) တို့တွင် "ဓာတ်တော်အရေအတွက်သည် ပုံသေသတ်မှတ်ထားသော သမိုင်းအချက်အလက် မဟုတ်ဘဲ နိုင်ငံရေးနှင့် ဘာသာရေးအရ တည်ဆောက်ထားသော အရာဖြစ်သည်" ဟူသည့် အဓိက သုတေသနတွေ့ရှိချက်ကို ပေါင်းစပ်ဆွေးနွေး အတည်ပြုသွားမည် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များမှတစ်ဆင့် ဗုဒ္ဓဓာတ်တော် သမိုင်း၏ အမှန်တကယ် ပုံရိပ်ကို အထောက်အထား ခိုင်လုံစွာဖြင့် ရှင်းလင်းတင်ပြနိုင်မည် ဖြစ်ပါသည်။

## 4.2 Stupa Excavation Evidence

**ဂန္ဓာရနှင့် တက္ကသီလာ (Gandhāra – Taxila)** ဒေသတစ်ဝိုက်ရှိ ရှေးဟောင်းစေတီများ တူးဖော်တွေ့ရှိချက်များသည် ဗုဒ္ဓဓာတ်တော် ဖြန့်ကြက်မှု၏ သမိုင်းဝင် ဆင့်ကဲပြောင်းလဲမှုများကို ခိုင်မာစွာ ဖော်ပြလျက်ရှိသည်။ ဤတွေ့ရှိချက်များသည် ဓာတ်တော်များ အမှန်တကယ် တည်ရှိနေခြင်းကို သက်သေပြသော်လည်း၊ ယင်းသည် ပကတိဗုဒ္ဓ၏ ဓာတ်တော်အစစ်အမှန် ဖြစ်/မဖြစ် (Relic presence ≠ Buddha authenticity) ကို အဆုံးအဖြတ်ပေးခြင်းထက်၊ နိုင်ငံရေးအရ

သတ်မှတ်ပူဇော်ခဲ့သော ဓာတ်တော်များ (Attributed relics) ၏ ပြန့်ပွားမှုသမိုင်းကိုသာ သရုပ်ဖော်နေခြင်း ဖြစ်သည်။ သမိုင်းအထောက်အထားများအရ ဓာတ်တော်များကို ခွဲဝေပူဇော်ခြင်းသည် အသောကမင်းကြီး လက်ထက်မှစတင်၍ ကနိဿျကမင်းကြီး ခေတ်အထိ နိုင်ငံရေးနှင့် သာသနာရေး ယန္တရားများအဖြစ် မည်သို့ ကျယ်ပြန့်လာကြောင်း ကို အောက်ပါ အဓိက စေတီတော်နှင့် ရှေးဟောင်းနယ်မြေ (၉) ခု၏ မြေပြင်တွေ့ရှိချက် များက တိကျစွာ သက်သေပြလျက်ရှိသည်။

**ဓမ္မရာဇိက စေတီတော် (Dharmarajika Stupa)** သည် မောရိယခေတ်မှ ကူရှာန်ခေတ်သို့ နိုင်ငံရေးအာဏာ ကူးပြောင်းမှုနှင့် ဓာတ်တော်များကို အုပ်ချုပ်ရေးယန္တရားအဖြစ် အသုံးပြုခဲ့ပုံကို တိုက်ရိုက်ပြသနိုင်သော အဓိက အချိတ်အဆက် (Bridge site) ဖြစ်သည်။ အသောကမင်းကြီးသည် သူ၏ နိုင်ငံရေးအာဏာကို ဘာသာရေးဖြင့် တရားဝင်မှုရယူရန် (Political legitimation) ဤစေတီတော်ကို အစောပိုင်းကာလ၌ အခြေခံတည်ဆောက်ခဲ့ပြီး၊ နောက်ပိုင်း ကူရှာန်ခေတ် မင်းဆက်များက ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို ပြသရန် ဆက်လက်ချဲ့ထွင် မွမ်းမံခဲ့ကြသည်။[408] John Marshall ၏ တူးဖော်မှုမှတ်တမ်းများအရ ဤစေတီတော်၏ အလွှာအသီးသီးမှ ခေတ်ကာလမတူညီသော ဓာတ်တော်ကြုတ် (Relic caskets) အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ရသည်။[409] ဤအထောက်အထားက ဓာတ်တော်ဖြန့်ကြက်မှုသည် အသောက မင်းကြီး လက်ထက်တွင် တစ်ကြိမ်တည်း ပြီးဆုံးသွားခြင်း မဟုတ်ဘဲ၊ နောက်ပိုင်းမင်းများကပါ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဓာတ်တော်များကို အပြိုင်အဆိုင် ဆက်လက်ပွားများ ဌာပနာခဲ့ကြောင်း ခိုင်မာစွာ ချိတ်ဆက်ပြသနေသည်။

**ကုဏာလ စေတီတော် (Kunala Stupa)** သည် ဓာတ်တော်များကို တော်ဝင်မိသားစုများက နိုင်ငံရေးအရ ကျောထောက်နောက်ခံပြုခဲ့ကြောင်း ပြသသည့် အရေးပါသော အထောက်အထား ဖြစ်သည်။ ဤစေတီတော်သည် အသောကမင်းကြီး၏ သားတော် ကုဏာလနှင့် ဆက်စပ်နေသော ရိုးရာဒဏ္ဍာရီများ ရှိသော်လည်း၊ လက်တွေ့ ဗိသုကာလက်ရာများမှာ ကူရှာန်ခေတ်၏ အင်ပါယာတည်ဆောက်မှု (Imperial construction) ပုံစံများ လုံးဝ လွှမ်းမိုးနေကြောင်း တွေ့ရသည်။[410] ရှေးဟောင်းသုတေသနပညာရှင် Ahmad Hasan Dani ၏

[408] John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 234.
[409] Ahmad Hasan Dani, *The Historic City of Taxila*, (Paris: UNESCO, 1986), 89.
[410] Kurt A. Behrendt, *The Buddhist Architecture of Gandhāra*, (Leiden: Brill, 2004), 112.

လေ့လာချက်အရ ဤစေတီတော်၏ ကြီးမားခမ်းနားသော တည်ဆောက်ပုံသည် ဒေသခံပြည်သူများအပေါ် မင်းမျိုးမင်းနွယ်များ၏ ဘာသာရေး ဆိုင်ရာ သြဇာစက်ကို စိုက်ထူရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။[411] ဤတွေ့ရှိချက်က ဓာတ်တော်များ ကိန်းဝပ်ရာ ဌာနများသည် သာမန် ယုံကြည်မှုသက်သက် မဟုတ်ဘဲ၊ အုပ်ချုပ်သူများ၏ နိုင်ငံရေးအာဏာ တည်ဆောက်ရေး ဇာတ်ကြောင်းများနှင့် တိုက်ရိုက် ရောယှက်နေကြောင်း အတည်ပြုပေးသည်။

**ကာလဝမ် စေတီတော် (Kalawan Stupa)** သည် ဓာတ်တော်ဖြန့်ကြက်မှုတွင် ဂိုဏ်းကွဲများ၏ လွှမ်းမိုးမှုကို သက်သေပြနိုင်သော အခိုင်မာဆုံး ကျောက်စာ အထောက်အထား (Epigraphic evidence) များကို ပေးစွမ်းသည်။ ဤကျောင်းတိုက်တွင် စေတီတော်များကို သံဃာ့အဖွဲ့အစည်း၏ နေ့စဉ်ဘဝနှင့် တိုက်ရိုက် ပေါင်းစပ် တည်ဆောက်ထားပြီး၊ အလှူရှင်များက ၎င်းတို့၏ ဂိုဏ်းဂဏဆိုင်ရာ ယုံကြည်မှုများကို အတိအလင်း ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။[412] ကာလဝမ်မှ တူးဖော်ရရှိသော ခရိုဋ္ဌီ (Kharoshthi) ကျောက်စာများတွင် ဤဓာတ်တော်များကို "သဗ္ဗတ္ထိဝါဒ ဂိုဏ်းဝင်များ အတွက်" ဟူ၍ တိကျစွာ ကမ္ပည်းထိုး ဌာပနာထားကြောင်း Richard Salomon က မှတ်တမ်းတင်ထားသည်။[413] ဤအချက်သည် ထေရဝါဒ၏ ကန့်သတ်ချက်များမှ ကွဲထွက်၍၊ အခြားသော ဂိုဏ်းကွဲများသည် ၎င်းတို့၏ သာသနာပြုနယ်မြေများတွင် ဓာတ်တော်များကို သီးခြားလွတ်လပ်စွာ ဖော်ထုတ် ဖြန့်ကြက်ခဲ့ကြောင်းကို ငြင်းဆို၍မရအောင် သက်သေပြလျက်ရှိသည်။

**ဂိရိ စေတီတော် (Giri Stupa)** သည် ဓာတ်တော်ဖြန့်ကြက်မှု ဗဟိုချုပ်ကိုင်မှု လျော့ကျလာခြင်း (Decentralization of relic distribution) ကို အထင်အရှား သရုပ်ဖော်နေသည်။ ဓမ္မရာဇိက ကဲ့သို့သော နိုင်ငံတော်အဆင့် စေတီကြီးများနှင့် မတူဘဲ၊ ဂိရိသည် တောင်တန်းများကြားတွင် တည်ရှိသော သီးခြားကျောင်းတိုက်ငယ် တစ်ခုဖြစ်သော်လည်း ၎င်း၏ကိုယ်ပိုင် ဓာတ်တော်တိုက်များကို ပိုင်ဆိုင်ထားသည်။[414] John Marshall ၏ တူးဖော်မှုများတွင် ဤစေတီငယ်များအတွင်းမှ ဓာတ်တော်ကြုတ်များကို တွေ့ရှိရခြင်းက ဓာတ်တော်များသည် အထက်တန်းလွှာ မင်းများ၏ လက်ဝါးကြီးအုပ်မှု အောက်တွင်သာ မရှိတော့ဘဲ ဒေသန္တရအဆင့်အထိ

---

[411] Ahmad Hasan Dani, *The Historic City of Taxila*, 95.
[412] Richard Salomon, *Indian Epigraphy: A Guide to the Study of Inscriptions in Sanskrit, Prakrit, and the other Indo-Aryan Languages*, (New York: Oxford University Press, 1998), 145.
[413] Ibid., 148.
[414] John Marshall, *Taxila*, 345.

ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနေပြီ ဖြစ်ကြောင်း ညွှန်ပြသည်။[415] ဤပြန့်ပွားမှုသည် ဗုဒ္ဓဓာတ်တော်များသည် လေးဆူ သို့မဟုတ် ရှစ်ဌာနတည်းဟူသော အစောပိုင်း ရိုးရာကျမ်းဂန်များ၏ ကန့်သတ်ချက်ကို မြေပြင်အထောက်အထားများဖြင့် တိုက်ရိုက် စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

**မိုဟရာ မိုရာဒူ (Mohra Moradu)** ကျောင်းတိုက်သည် ဓာတ်တော်များအား ရဟန်းသံဃာများ၏ နေ့စဉ် ဓလေ့ထုံးတမ်းဆိုင်ရာ အသုံးပြုမှု (Ritualization) ဗဟိုချက်အဖြစ် အသွင်ပြောင်းသွားပုံကို သက်သေပြနေသည်။ ဤနေရာတွင် ဓာတ်တော်စေတီများကို ကျောင်းတိုက်၏ အလယ်ဗဟို ခြံဝင်းအတွင်း၌ တိုက်ရိုက် ထည့်သွင်းတည်ဆောက်ထားရာ၊ ဓာတ်တော်များသည် ဝေးလံသော ကိုးကွယ်ရာအရာဝတ္ထု (Sacred object) သက်သက် မဟုတ်တော့ဘဲ သံဃာများ၏ နေ့စဉ် ဝတ်ပြုမှုစနစ်တွင် အသက်ဝင်လာသည်။[416] Kurt A. Behrendt ၏ ဗိသုကာဆိုင်ရာ လေ့လာချက်အရ ဤသို့ စေတီနှင့် ကျောင်းတိုက် ပေါင်းစပ်ထားခြင်းသည် ရဟန်းများအနေဖြင့် ဓာတ်တော်ကို နေ့စဉ် အနီးကပ် ပူဇော်နိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။[417] ဤအချက်က ဓာတ်တော်အရေအတွက် တိုးပွားလာခြင်းသည် ကျောင်းတိုက်တိုင်းအတွက် ဓာတ်တော် တစ်ဆူ မဖြစ်မနေ လိုအပ်လာသော ဘာသာရေး ဓလေ့ထုံးတမ်း အပြောင်းအလဲ များကြောင့် ဖြစ်ကြောင်း ယုတ္တိတန်စွာ ရှင်းလင်းပေးသည်။

**ဂျော်လီယန် ကျောင်းတိုက် (Jaulian Monastery)** သည် ဓာတ်တော်ကိုးကွယ်မှုစနစ်အား ပညာသင်ကြားရေးနှင့် မဟာယာန အယူအဆများဖြင့် ပေါင်းစပ်ထားသည့် ထင်ရှားသော ရှေးဟောင်းနယ်မြေ ဖြစ်သည်။ ကုရှန်ခေတ်တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သော ဤကျောင်းတိုက်၌ ဓာတ်တော်စေတီငယ်များစွာကို ဆေးကုသခြင်းဆိုင်ရာ ဗုဒ္ဓဆင်းတုတော်များ (Healing Buddha statues) နှင့်အတူ ယှဉ်တွဲတည်ဆောက်ထားသည်ကို တွေ့ရသည်။[418] ဤရှေးဟောင်း တွေ့ရှိချက်များသည် ကုရှန်အင်ပါယာအောက်တွင် မဟာယာနဂိုဏ်း၏ လွှမ်းမိုးမှု ကြီးထွားလာသည်နှင့်အမျှ ဓာတ်တော်များကို ဒေသခံပြည်သူများ၏ လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးသည့် သင်္ကေတများအဖြစ်

[415] Michael Willis, *Buddhist Reliquaries from Ancient India*, (London: British Museum Press, 2000), 28.
[416] Kurt A. Behrendt, *The Buddhist Architecture of Gandhāra*, 134.
[417] Ibid., 136.
[418] John Marshall, *Excavations at Taxila: The Stupas and Monasteries at Jaulian*, (Calcutta: Superintendent Government Printing, 1921), 22.

ပုံဖော်လာကြောင်း ပြသနေသည်။[419] ဤဖြစ်စဉ်သည် မဟာယာနဂိုဏ်း၏ သမိုင်းပြုစုမှုယန္တရားက ဓာတ်တော်များ အကန့်အသတ်မရှိ ပွားများခြင်းကို မည်သို့ လက်တွေ့အကောင်အထည် ဖော်ခဲ့ကြောင်း အတည်ပြုပေးသော ခိုင်မာသည့် ခြေရာခံ အထောက်အထား ဖြစ်သည်။

**ဘီရ်မောက်** **(Bhir Mound)** ရှေးဟောင်းမြို့တော် အကြွင်းအကျန်များသည် ဓာတ်တော်ကိုးကွယ်မှု အကြီးအကျယ် မပြန့်ပွားမီ ကာလ၏ အခြေခံစံနှုန်း (Pre-Kushan baseline) ကို နှိုင်းယှဉ်လေ့လာရန် အကောင်းဆုံး အထောက်အထား ဖြစ်သည်။ ဤနေရာသည် တက္ကသီလာဒေသ၏ အစောဆုံး လူနေထိုင်ရာ မြို့ပြဖြစ်ပြီး၊ အသောကမင်းကြီး မတိုင်မီနှင့် မောရိယခေတ် အစောပိုင်း လူနေမှုစနစ်များကို သရုပ်ဖော်နေသည်။[420] တူးဖော်မှုများအရ ဘီရ်မောက် အလွှာများတွင် နောက်ပိုင်း ခေတ်များကဲ့သို့ ကြီးမားသော ဓာတ်တော်စေတီများ သို့မဟုတ် ဓာတ်တော်ကြုတ် အမြောက်အမြားကို မတွေ့ရှိရပေ။[421] ဤကွာဟချက်က ဓာတ်တော်များ အဆမတန် တိုးပွားဖြန့်ကြက်လာခြင်းသည် အစောပိုင်း ဗုဒ္ဓဘာသာ၏ မူလသဘောသဘာဝ မဟုတ်ဘဲ၊ နောက်ပိုင်း အင်ပါယာချဲ့ထွင်ရေး ခေတ်ကာလများသို့ ရောက်မှသာ နိုင်ငံရေးနှင့် သာသနာရေး လိုအပ်ချက်များအရ တမင်ဖန်တီး ချဲ့ထွင်ခဲ့သော သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်ကြောင်းကို သိပ္ပံနည်းကျ အဖြေထုတ်ပေးသည်။

**ဆာကပ်** **(Sirkap)** **ရှေးဟောင်းမြို့တော်သည်** ဓာတ်တော်ကိုးကွယ်မှုကို ယဉ်ကျေးမှုမျိုးစုံ ရောယှက်နေသော မြို့ပြ အခင်းအကျင်း (Urban Buddhist landscape) အတွင်းသို့ မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းခဲ့ကြောင်းကို သက်သေပြလျက်ရှိသည်။ အင်ဒို-ဂရိ (Indo-Greek) နှင့် အစောပိုင်း ကူရှန်မင်းများ တည်ထောင်ခဲ့သော ဤမြို့တွင် Double-Headed Eagle Stupa ကဲ့သို့သော စေတီများကို မြို့ပြလူနေအိမ်ခြေများကြား၌ တိုက်ရိုက် တည်ဆောက်ထားသည်။[422] ဤစေတီများ၏ ဗိသုကာလက်ရာများတွင် ဂရိ၊ ပါသီယန်နှင့် အိန္ဒိယ ရိုးရာအနုပညာများ ပေါင်းစပ်နေခြင်းက ဓာတ်တော်ကိုးကွယ်မှုသည် လူမျိုးစုပေါင်းစုံကို စည်းလုံးစေသော နိုင်ငံရေး ယန္တရားအဖြစ် အလုပ်လုပ်ခဲ့ကြောင်း

[419] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 118.
[420] John Marshall, *Taxila*, 87.
[421] Ahmad Hasan Dani, *The Historic City of Taxila*, 54.
[422] John Marshall, *Taxila*, 142.

ထင်ရှားစေသည်။[423] ဆာကပ်၏ တွေ့ရှိချက်များသည် ဓာတ်တော်ဖြန့်ကြက်မှုသည် သီးခြားဘာသာရေး အသိုက်အဝန်းအတွင်း၌သာ မဟုတ်ဘဲ၊ အုပ်ချုပ်သူမင်းများ၏ လူမျိုးရေးပေါင်းစပ်မှု မူဝါဒ (Multi-cultural integration) များနှင့် တိုက်ရိုက် ဆက်နွယ်နေကြောင်း ဖော်ပြသည်။

**ဘမာလာ စေတီတော်** **(Bhamala Stupa)** သည် ဓာတ်တော်ဗဟိုပြု ကိုးကွယ်မှုမှသည် ဆင်းတုတော်ဗဟိုပြု ယုံကြည်မှုဆီသို့ သမိုင်းဝင် ကူးပြောင်းသွားခြင်း (Icon vs Relic Shift) ကို တိကျစွာ ညွှန်ပြနေသော အရေးပါသည့် ရှေးဟောင်းနယ်မြေ ဖြစ်သည်။ ဤစေတီတော်ကို နောက်ပိုင်း ကူရှန်ခေတ်လွန်ကာလတွင် ကြက်ခြေခတ်ပုံစံ (Cross-shaped) ဖြင့် တည်ဆောက်ခဲ့ပြီး၊ ကြီးမားသော ပရိနိဗ္ဗာန်ပြုဟန် ဗုဒ္ဓဆင်းတုတော်ကြီးများကို စေတီ၏ အဓိကအစိတ်အပိုင်းအဖြစ် ထည့်သွင်းထား သည်။[424] Michael Willis ၏ လေ့လာချက်အရ ဓာတ်တော်အရေအတွက် များ အဆမတန် ပွားများလာသောအခါ ယင်းတို့၏ ရှားပါးမှုနှင့် ထူးခြားသော အာဏာစက် (Unique authority) သည် တဖြည်းဖြည်း လျော့ကျသွားခဲ့ပြီး၊ လူထု၏ ယုံကြည်မှုကို ဖမ်းစားနိုင်ရန် ကြီးမားသော ဆင်းတုတော်များက ဓာတ်တော်များ၏ နေရာတွင် အစားထိုး ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။[425] ဤပြောင်းလဲမှုသည် ဓာတ်တော်များကို နိုင်ငံရေးအရ အကန့်အသတ်မရှိ ဖြန့်ဝေခြင်း၏ နောက်ဆက်တွဲ ရလဒ်အဖြစ် ဓာတ်တော်များ၏ အဓိကကျမှု (Relic centrality) ကျဆင်းသွားရသည့် သမိုင်းအချိုးအကွေ့ကို ခိုင်လုံစွာ ခွဲခြမ်းစိတ်ဖြာ ပြသလျက်ရှိပါသည်။

### 4.2.1 The Doctrinal Construction of the "Four Tooth Relics" Limit

ထေရဝါဒ ရိုးရာမှတ်တမ်းများသည် ဗုဒ္ဓ၏ စွယ်တော်မြတ် အရေအတွက်ကို တမင်ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ထားသော သမိုင်းပုံရိပ်တစ်ရပ်အဖြစ် ဖန်တီး တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရသည်။ သမိုင်းပြုစုမှု သဘောတရား (Historiographical theory) အရ ဘာသာရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ သာသနာရေးအာဏာ (Religious authority) ကို ထိန်းသိမ်းရန်အတွက် ကိုယ်ပိုင်အထွတ်အမြတ် ပစ္စည်းများ၏ သီးသန့်ဖြစ်တည်မှု (Exclusivity) ကို အသားပေးလေ့ရှိကြသည်။ မဟာပရိနိဗ္ဗာနသုတ်တွင် စွယ်တော်လေးဆူသာ

[423]Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 112.

[424] Sufian Malik and Abdul Samad, *Bhamala: A Cross-Shaped Stupa in the Taxila Valley*, (Islamabad: Directorate of Archaeology and Museums, 2016), 45.

[425] Michael Willis, *Buddhist Reliquaries from Ancient India*, 67.

ကြွင်းကျန်ရစ်ကြောင်းနှင့် လူ့ပြည်တွင် နှစ်ဆူသာ တည်ရှိကြောင်း အတိအကျ ပြဋ္ဌာန်းထားသည်။[426] ထို့အပြင် သီဟိုဠ်ကျွန်းမှ ဒါဌာဝံသ (Dāṭhāvaṃsa) ကျမ်းတွင်လည်း ကလိင်္ဂတိုင်းမှ ရောက်ရှိလာသော စွယ်တော်မြတ်ကိုသာ အစစ်အမှန်အဖြစ် ပုံဖော်ထားပြီး အခြားသော ဓာတ်တော်များကို ချန်လှပ်ထားခဲ့သည်။[427] ဤတွေ့ရှိချက်သည် ဓာတ်တော်အရေအတွက်ကို တိကျသော သမိုင်းအချက်အလက် (Historical fact) အဖြစ် မှတ်ယူ၍မရဘဲ၊ သီရိလင်္ကာရှိ မဟာဝိဟာရဂိုဏ်း၏ နိုင်ငံရေးနှင့် သာသနာရေး လွှမ်းမိုးမှုကို အတည်ပြုရန် ရေးသားထားသော ဂိုဏ်းအလိုက် သမိုင်းပြုစုမှု (Sectarian historiography) တစ်ရပ် ဖြစ်ကြောင်း ခိုင်မာစွာ ညွှန်ပြနေသည်။

### 4.2.2 Archaeological Evidence of Relic Multiplicity (ASI Findings)

ရှေးရာကျမ်းဂန်များ၏ ကန့်သတ်ချက်များနှင့် လုံးဝဆန့်ကျင်လျက် ရှေးဟောင်းသုတေသန တူးဖော်မှုများသည် ဓာတ်တော်အရေအတွက် အဆမတန် များပြားကျယ်ပြန့်မှုကို လက်တွေ့ သက်သေပြလျက်ရှိသည်။ ရုပ်ဝတ္ထုယဉ်ကျေးမှု (Material culture) များကို တူးဖော်လေ့လာရာတွင် တွေ့ရှိရသော ဓာတ်တော်ကြုတ်များနှင့် ကျောက်စာများသည် ဘာသာရေးကျမ်းဂန်များထက် ပိုမိုခိုင်မာသော သမိုင်းအထောက်အ ထားများ ဖြစ်သည်။ အိန္ဒိယ ရှေးဟောင်းသုတေသနဌာန (ASI) မှ Sir John Marshall ၏ တက္ကသီလာ (Taxila) ဒေသ တူးဖော်မှုမှတ်တမ်းများအရ ဓမ္မရာဇိကစေတီ (Dharmarajika Stupa) မှ ဗုဒ္ဓ၏ အရိုးနှင့် စွယ်တော်ဓာတ်တော် အမြောက်အမြားကို တူးဖော်တွေ့ရှိ ခဲ့သည်။[428] ထို့အပြင် Alexander Cunningham ၏ ဘီလ်ဆာ (Bhilsa) နှင့် ဆန်ချီ (Sanchi) တူးဖော်မှုများတွင်လည်း သာရိပုတ္တရာနှင့် မောဂ္ဂလာန် ကိုယ်တော်မြတ်တို့၏ ဓာတ်တော်များအပါအဝင် ဗုဒ္ဓဓာတ်တော် အများအပြားကို ရှာဖွေတွေ့ရှိခဲ့သည်။[429] ဤအထောက်အထားများသည် ဓာတ်တော်များ၏ ပျံ့နှံ့မှုသည် ကျမ်းဂန်လာ စွယ်တော် လေးဆူဆိုသည့် အရေအတွက်ထက် များစွာကျော်လွန်နေကြောင်း သက်သေပြနေပြီး၊ ရိုးရာမှတ်တမ်းများ၏ သမိုင်းဆိုင်ရာ ပြည့်စုံမှုကို အတိအလင်း စိန်ခေါ်လျက်ရှိသည်။

---

[426] D II 164.

[427] Bimala Churn Law, The Dāṭhāvaṃsa: A History of the Tooth-Relic of the Buddha, (Lahore: Punjab Sanskrit Book Depot, 1925), 18.

[428] John Marshall, Taxila: An Illustrated Account of Archaeological Excavations, Vol. 1, (Cambridge: Cambridge University Press, 1951), 236-238.

[429] Alexander Cunningham, The Bhilsa Topes: Or, Buddhist Monuments of Central India, (London: Smith, Elder and Co., 1854), 297.

## 4.3 Inscriptional Analysis

ဂန္ဓာရနှင့် တက္ကသီလာ ဒေသများမှ တူးဖော်ရရှိသော ဓာတ်တော်ကြုတ်များနှင့် စေတီများပေါ်ရှိ ကျောက်စာမှတ်တမ်းများကို ခွဲခြမ်းစိတ်ဖြာချက်အရ၊ ဓာတ်တော်များ၏ စစ်မှန်မှု သတ်မှတ်ချက် (Relic attribution) သည် ပကတိ ဇီဝကမ္မဗေဒဆိုင်ရာ အမှန်တရား (Biological fact) သက်သက် မဟုတ်ဘဲ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံရေးအာဏာများက တမင်ဖန်တီးတည်ဆောက်ထားသော ယန္တရား (Socially constructed reality) တစ်ရပ် ဖြစ်ကြောင်း တွေ့ရှိရသည်။ ရှေးဟောင်းသုတေသန အထောက်အထားများတွင် ဓာတ်တော်များကို ဌာပနာရာ၌ ဗြဟ္မီ (Brahmi) သို့မဟုတ် ခရိုဋ္ဌီ (Kharoshthi) အက္ခရာများဖြင့် အလှူရှင်၏ အမည်၊ ဂိုဏ်းဂဏနှင့် ဓာတ်တော်၏ အဆင့်အတန်းကို တိကျစွာ ကမ္ပည်းထိုးလေ့ရှိပြီး၊ ဤလုပ်ငန်းစဉ်သည် ဘာသာရေး သဒ္ဓါတရားအပြင် အလှူရှင်၏ နိုင်ငံရေးနှင့် လူမှုရေးအဆင့်အတန်းကို တရားဝင် ကြေညာခြင်းဖြစ်သည်။

သမိုင်းသုတေသီ Gregory Schopen ၏ အစောပိုင်း ဗုဒ္ဓဘာသာ ကျောက်စာများ လေ့လာချက်အရ၊ ဓာတ်တော်ကြုတ်များပေါ်ရှိ ကမ္ပည်းစာများသည် ဘာသာရေး ဆုတောင်းများ သက်သက် မဟုတ်ဘဲ ဓာတ်တော်ကို ဥပဒေကြောင်းအရ ပိုင်ဆိုင်သည့် သက်ရှိပုဂ္ဂိုလ် (Legal entity) အဖြစ် သတ်မှတ်ပေးသော တရားဝင် အထောက်အထားများ ဖြစ်ကြောင်း အခိုင်အမာ ဆိုထားသည်။[430] ဤအချက်က ဓာတ်တော်အရေအတွက်များ အဆမတန် တိုးပွားလာခြင်းသည် မင်းမျိုးမင်းနွယ်များနှင့် အထက်တန်းလွှာ အလှူရှင်များက ၎င်းတို့၏ နိုင်ငံရေးအာဏာကို ဗုဒ္ဓ၏ ဓာတ်တော်များနှင့် ချိတ်ဆက်ကာ တရားဝင်မှု (Donor politics) ရယူလိုသော လူမှုရေး လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာရကြောင်းကို ထေရဝါဒ၏ တင်းကျပ်သော မှတ်တမ်းတင်မှုဘောင် အပြင်ဘက်မှ ရှင်းလင်းစွာ သက်သေပြလျက်ရှိသည်။

ကုရှန်ခေတ် (Kushan period) ဓာတ်တော်ကြုတ်များပေါ်တွင် အသုံးပြုထားသော "သရီရ" (Sarira) နှင့် "ဓာတု" (Dhatu) ဟူသော ဝေါဟာရ ရွေးချယ်မှုများသည် ဒေသန္တရ ဓာတ်တော်များကို ပကတိ ဗုဒ္ဓဓာတ်တော်များအဖြစ် အဆင့်မြှင့်တင်ရန် တွက်ချက် ထားသော နိုင်ငံရေးနှင့် ဂိုဏ်းဂဏဆိုင်ရာ ဗျူဟာများ

---

[430] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 125.

ဖြစ်သည်။ ဤဝေါဟာရများကို အသုံးပြု၍ တရားဝင် ကမ္ပည်းထိုးခြင်းဖြင့် ဒေသခံ အုပ်ချုပ်သူများနှင့် သံဃာ့အဖွဲ့ အစည်းများသည် ၎င်းတို့၏ စေတီများကို မူလရှစ်ဌာနမှ ဓာတ်တော်များကဲ့သို့ပင် အမြင့်ဆုံး ကိုးကွယ်ရာဗဟိုချက်များအဖြစ် တရားဝင် အသိအမှတ်ပြုခံရစေရန် ဖန်တီးနိုင်ခဲ့ကြသည်။ ဥပမာအားဖြင့် ကနိသ္သျှက ဓာတ်တော်ကြုတ် (Kanishka Casket) ပေါ်ရှိ ခရိုဋ္ဌီကျောက်စာတွင် မင်းကြီးက သဗ္ဗတ္ထိဝါဒ ဆရာတော်များအတွက် ရည်စူး၍ "ဗုဒ္ဓ၏ သရီရ" အဖြစ် တိကျစွာ ကမ္ပည်းထိုး ဌာပနာခဲ့ကြောင်းကို B.N. Mukherjee ၏ ကျောက်စာလေ့လာချက်များက အတည်ပြုပေးထားပြီး၊ Harry Falk ကလည်း ဤကဲ့သို့ စံပြုထားသော ဝေါဟာရများ (Standardized formulas) အသုံးပြုခြင်းသည် ဒေသတွင်း တွေ့ရှိမှုများကို အမြင့်ဆုံး ဗုဒ္ဓဓာတ်တော်အဖြစ် သမိုင်းပြုစုခြင်း ဖြစ်ကြောင်း သုံးသပ်ထားသည်။[431] ဤတွေ့ရှိချက်သည် မြောက်ပိုင်းနှင့် အာရှအလယ်ပိုင်း ဒေသများတွင် ဓာတ်တော်အရေအတွက် အကန့်အသတ်မရှိ များပြားလာခြင်း (Multiplicity of relics) သည် ကျောက်စာအထောက်အထားများမှတစ်ဆင့် ပေးအပ်သော နိုင်ငံရေးဆိုင်ရာ တရားဝင်မှုအပေါ်တွင် လုံးဝ အခြေခံတည်ဆောက်ထားခြင်း ဖြစ်ကြောင်းကို ဓမ္မဓိဋ္ဌာန်ကျကျ ဆက်စပ်ပြသနေသည်။

ကျောက်စာမှတ်တမ်းများကို အသေးစိတ် နှိုင်းယှဉ်လေ့လာခြင်း (Inscriptional attribution analysis) မှတစ်ဆင့် ဗုဒ္ဓ၏ ဓာတ်တော်များနှင့် အခြားသော ရဟန္တာ သာဝကများ၏ ဓာတ်တော်များအကြား ရည်ရွယ်ချက်ရှိရှိ ခွဲခြားသတ်မှတ်ထားသော အဆင့်အတန်း ခွဲခြားမှုယန္တရား (Hierarchical distinction) ကို ဖော်ထုတ်တွေ့ရှိရသည်။ ကျောင်းတိုက်ကြီးများ တိုးချဲ့တည်ဆောက်လာသည်နှင့်အမျှ စေတီပုထိုးများအတွင်း ဓာတ်တော်ကြုတ် အမြောက်အမြားကို တွေ့ရှိလာရရာ၊ မည်သည့်ဓာတ်တော်သည် အမြင့်မြတ်ဆုံး ဗုဒ္ဓဓာတ်တော်ဖြစ်ပြီး မည်သည့်ဓာတ်တော်သည် ဒေသခံ သာဝကများ၏ ဓာတ်တော်ဖြစ်ကြောင်းကို ခွဲခြားပြသရန် ကျောက်စာများသည် မရှိမဖြစ် လိုအပ်လာသည်။ Richard Salomon ၏ အိန္ဒိယကျောက်စာ လေ့လာချက်များနှင့်၊ Charles Masson ၏ ဘက်ဂရမ် (Begram) တူးဖော်မှုများကို ခွဲခြမ်းစိတ်ဖြာထားသော Elizabeth Errington ၏ ပြတိုက်မှတ်တမ်းများအရ ဓာတ်တော်ကြုတ်များပေါ်တွင် ဗုဒ္ဓ၏ ဓာတ်တော်အတွက် သီးခြား ဂုဏ်ပုဒ်များ

---

431 Harry Falk, *Kushan Histories: Literary Sources and Selected Papers*, (Bremen: Hempen Verlag, 2015), 92; B.N. Mukherjee, *The Kharoshthi and Kharoshthi-Brahmi Inscriptions*, (Calcutta: Asiatic Society, 1989), 58.

(Titular formulas) ကို အသုံးပြု၍ အခြားသော သာဝကဓာတ်တော်များနှင့် ရှင်းလင်းစွာ ခွဲခြားထားကြောင်း အခိုင်အမာ တွေ့ရှိရသည်။[432]

ဤသို့ ကျောက်စာများဖြင့် စနစ်တကျ အဆင့်ခွဲခြား သတ်မှတ်ခြင်းသည် ဓာတ်တော်များ အမြောက်အမြား ပွားများလာခြင်းကို ဖြစ်ကတတ်ဆန်း လက်ခံခြင်းမျိုး မဟုတ်ဘဲ၊ သံဃာ့အဖွဲ့အစည်းနှင့် အလှူရှင်များက ဘာသာရေးတန်ဖိုးများကို စနစ်တကျ ခွဲဝေသတ်မှတ်ပေးသော (Systematic assignment of value) ကြီးမားသည့် သမိုင်းပြုစုမှု ဖြစ်စဉ်တစ်ရပ် ဖြစ်ကြောင်းကို ထင်ရှားစွာ အတည်ပြုပေးပါသည်။

### 4.3.1 Ashoka's Redistribution and State-Building Strategy

အသောကမင်းကြီး၏ ဓာတ်တော် ပြန်လည်ဖြန့်ဝေခြင်း (Redistribution) လုပ်ငန်းစဉ်သည် သာသနာရေးသက်သက်မဟုတ်ဘဲ အင်ပါယာတည်ဆောက်ရေး (State-building) အတွက် နိုင်ငံရေးအရ အသုံးချမှုတစ်ရပ် ဖြစ်ကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးသြဇာလွှမ်းမိုးမှု (Political patronage) သီအိုရီအရ ဘုရင်များသည် ၎င်းတို့၏ တရားဝင်မှုကို ခိုင်မာစေရန် ဘာသာရေး သင်္ကေတများကို မဟာဗျူဟာမြောက် အသုံးပြုလေ့ရှိသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာ၏ Divyāvadāna ကျမ်းတွင် အသောကမင်းကြီးသည် မူလဓာတ်တော်များကို ပြန်လည်တူးဖော်၍ စေတီပေါင်း ၈၄,၀၀၀ တည်ထားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။[433] ဤလုပ်ငန်းစဉ်ကို Bhattiprolu စေတီမှ တွေ့ရှိရသော ဗြာဟ္မီ (Brāhmī) ကျောက်စာများက ခိုင်မာစွာ ထောက်ခံလျက်ရှိပြီး၊ ၎င်းတွင် ဓာတ်တော်များကို ဒေသအသီးသီးသို့ ဖြန့်ဝေတည်ထားကြောင်း အတိအကျ ရေးထိုးထားသည်။[434] ဤသည်မှာ ဓာတ်တော်အရေအတွက် ပွားများလာခြင်းသည် တန်ခိုးပြာဋိဟာသက်သက် မဟုတ်ဘဲ၊ နိုင်ငံရေးအာဏာစက်ဖြင့် တစ်နိုင်ငံလုံးကို စည်းလုံးစေရန် ဖန်တီးထားသော အစိုးရ၏ ဖြန့်ဖြူးရေးယန္တရား (Institutional distribution) ကြောင့် ဖြစ်ကြောင်း တိုက်ရိုက် သက်သေပြနေသည်။

### 4.3.2 King Kanishka and the Gandharan Relic Expansion

---

[432] Richard Salomon, *Indian Epigraphy: A Guide to the Study of Inscriptions in Sanskrit, Prakrit, and the other Indo-Aryan Languages*, (New York: Oxford University Press, 1998), 152; Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 115.

[433] E. B. Cowell and R. A. Neil, The Divyāvadāna: A Collection of Early Buddhist Legends, (Cambridge: Cambridge University Press, 1886), 381.

[434] Georg Bühler, "The Bhattiprolu Inscriptions," Epigraphia Indica, Vol. 2 (1894): 324.

ကနိသျှမင်းကြီး လက်ထက်တွင် ဓာတ်တော်အရေအတွက်နှင့် ပုံသဏ္ဌာန်သည် မဟာယာန အယူအဆများနှင့် ပေါင်းစပ်ကာ အဆမတန် တိုးချဲ့တည်ဆောက်ခြင်း ခံခဲ့ရသည်။ ပထမရာစုနှစ် ဝန်းကျင်တွင် ဂန္ဓာရ (Gandhara) ဒေသ၌ နိုင်ငံရေးအာဏာသည် ယဉ်ကျေးမှုမျိုးစုံ (Syncretism) နှင့် ပေါင်းစပ်သွားသောအခါ ဓာတ်တော်များကို ကိုးကွယ်မှုစနစ်သည်လည်း ပိုမိုကျယ်ပြန့်လာခဲ့သည်။ ပက်ရှဝါ (Peshawar) အနီးရှိ Shah-ji-ki-Dheri စေတီမှ တူးဖော်ရရှိသော ကနိသျှမင်းကြီး၏ ဓာတ်တော်ကြုတ် (Kanishka Casket) ပေါ်ရှိ ခရိုရှသီ (Kharoṣṭhī) ကျောက်စာတွင် မဟာယာန အယူအဆဖြင့် ဓာတ်တော်များကို အများပြည်သူ ကိုးကွယ်ရန် တည်ထားကြောင်း မှတ်တမ်းတင်ထားသည်။[435] ထို့အပြင် ဗြိတိသျှပြတိုက်ရှိ Charles Masson ၏ စုဆောင်းမှုမှတ်တမ်းများအရ အာဖဂန်နစ္စတန်နယ်စပ်ရှိ စေတီများမှ ရရှိသော ဓာတ်တော်များသည် ကနိသျှခေတ်၏ အစုလိုက်အပြုံလိုက် တည်ထားကိုးကွယ်မှု (Mass veneration) ကို သက်သေပြနေသည်။[436] ဤတွေ့ရှိချက်သည် ဓာတ်တော်များ အဆမတန် တိုးပွားလာခြင်းသည် ကနိသျှမင်းကြီး၏ နိုင်ငံရေးအာဏာနှင့် ဂိုဏ်းသစ် (Sectarian shift) များ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော သမိုင်းဖြစ်စဉ်တစ်ရပ် ဖြစ်ကြောင်း ခိုင်မာစွာ ချိတ်ဆက်ပြသနေသည်။

## 4.4 Regional Variation

ဗုဒ္ဓဓာတ်တော်များ၏ ဖြန့်ကြက်တည်ရှိမှုသည် ပထဝီဝင်ဒေသများအလိုက် လုံးဝကွဲပြားခြားနားသော ပုံစံများ (Regional patterns) ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း ခွဲခြမ်းစိတ်ဖြာ တွေ့ရှိရသည်။ ဤကွဲလွဲချက်သည် ဓာတ်တော်များ၏ ပကတိ ဇီဝကမ္မဆိုင်ရာ အကန့်အသတ်ကြောင့် မဟုတ်ဘဲ၊ ထိုဒေသများတွင် ကြီးစိုးသော ဂိုဏ်းကွဲများ၏ ယုံကြည်မှုနှင့် ဒေသခံမင်းများ၏ နိုင်ငံရေး လိုအပ်ချက်များအပေါ် လုံးဝ အခြေခံထားခြင်း ဖြစ်သည်။ သီရိလင်္ကာ (Sri Lanka) ကဲ့သို့သော ထေရဝါဒ လွှမ်းမိုးရာ ဒေသများတွင် ဓာတ်တော်အရေအတွက်ကို တင်းကျပ်စွာ ကန့်သတ်ထားပြီး ဗဟိုချုပ်ကိုင်မှု အလွန်အားကောင်းသော ကိုးကွယ်မှုစနစ် (Highly centralized veneration) ကို စနစ်တကျ တည်ဆောက်ခဲ့သည်။ ထေရဝါဒ မဟာဝိဟာရဂိုဏ်းသည် ၎င်းတို့၏ မူလသန့်စင်မှုကို ထိန်းသိမ်းရန်နှင့် သီဟိုဠ်မင်းဆက်များ၏ တရားဝင်မှုကို ကာကွယ်ရန်အတွက် ဓာတ်တော်များကို

[435] David B. Spooner, "Excavations at Shāh-jī-kī-Dhērī," Archaeological Survey of India Annual Report 1908-09, (Calcutta: Superintendent Government Printing, 1912), 49-53.
[436] Elizabeth Errington, Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838, (London: The British Museum, 2021), 84-85.

ရှားပါးပြီး အဆင့်အတန်းမြင့်မားသော သင်္ကေတအဖြစ်သာ ပုံဖော်ခဲ့သည်။ Bimala Churn Law ၏ ဒါဌာဝံသ (Dathavamsa) လေ့လာချက်အရ သီရိလင်္ကာတွင် စွယ်တော်မြတ်ကို နိုင်ငံတော်၏ အမြင့်ဆုံး ကိုယ်စားပြု အမှတ်အသား တစ်ခုတည်းအဖြစ်သာ ထားရှိပြီး၊ အခြားသော ဓာတ်တော်များ ပွားများလာခြင်းကို စာပေမှတ်တမ်းများဖြင့် တင်းကျပ်စွာ ပိတ်ပင်ထားကြောင်း အတိအလင်း တွေ့ရသည်။[437] ဤအချက်သည် သီရိလင်္ကာဒေသ၏ ဓာတ်တော်ကိုးကွယ်မှု သည် လက်တွေ့မြေပြင် အခြေအနေထက် ထေရဝါဒ၏ စောင့်ထိန်းမှုဝါဒ (Conservative historiography) အပေါ်တွင်သာ လုံးဝ ရပ်တည် တည်ဆောက်ထားကြောင်း သက်သေပြလျက် ရှိသည်။

သီရိလင်္ကာ၏ ကန့်သတ်မှုများနှင့် ဆန့်ကျင်ဘက်အနေဖြင့် အိန္ဒိယမြောက်ပိုင်းနှင့် ဂန္ဓာရ (North India and Gandhāra) ဒေသများတွင် ဓာတ်တော်အရေအတွက်သည် အဆမတန် ပွားများခဲ့ပြီး နိုင်ငံရေးယန္တရားအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခံခဲ့ရသည်။ ကုရှန်အင်ပါယာခေတ်တွင် သဗ္ဗတ္ထိဝါဒနှင့် အစောပိုင်း မဟာယာနဂိုဏ်းများသည် မင်းမျိုးမင်းနွယ်များ၏ ပံ့ပိုးမှုဖြင့် ဓာတ်တော်များကို အုပ်ချုပ်ရေးအာဏာစက် ဖြန့်ကြက်ရာ (Political expansion) ကိရိယာအဖြစ် အသုံးပြုခဲ့ကြသည်။ John Marshall ၏ တက္ကသီလာ တူးဖော်မှုမှတ်တမ်းများနှင့် D.B. Spooner ၏ ပက်ရှဝါစေတီ အစီရင်ခံစာများအရ ဤဒေသရှိ စေတီကြီး၊ စေတီငယ်တိုင်းလိုလိုတွင် ဓာတ်တော်ကြုတ် အမြောက်အမြားကို စနစ်တကျ ဌာပနာထားကြောင်း မြေပြင်အထောက်အထားများက အခိုင်အမာ ပြသနေသည်။[438] ဤတွေ့ရှိချက်များက ဂန္ဓာရဒေသရှိ ဓာတ်တော်များပြား လာခြင်းသည် ဘာသာရေးသက်သက် မဟုတ်ဘဲ၊ ကနိသျှကမင်းကြီးကဲ့သို့သော အင်ပါယာတည်ထောင်သူများက ၎င်းတို့၏ တရားဝင်မှုကို ဒေသအနှံ့ စိုက်ထူရန်အတွက် ဓာတ်တော်များကို မဟာဗျူဟာမြောက် ဖြန့်ဝေခဲ့ခြင်း (Strategic redistribution) ဖြစ်ကြောင်း ခိုင်လုံစွာ ဆက်စပ်ပြသနေသည်။

အာရှအလယ်ပိုင်း (Central Asia) ဒေသသို့ ရောက်ရှိသွားသောအခါ ဓာတ်တော်ကိုးကွယ်မှုသည် လူမျိုးစုပေါင်းစုံကို စည်းလုံးစေသော ယဉ်ကျေးမှု ပေါင်းကူးယန္တရား (Cross-cultural integration) အဖြစ် အသွင်ကူးပြောင်းသွားကြောင်း တွေ့ရှိရသည်။ ပိုးလမ်းမကြီး (Silk Road) တစ်လျှောက်ရှိ

---

[437] Bimala Churn Law, *The Dathavamsa: A History of the Tooth-Relic of the Buddha*, (Lahore: Punjab Sanskrit Book Depot, 1925), 15.
[438] John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 245; D.B. Spooner, *Archaeological Survey of India: Annual Report 1908-1909*, (Calcutta: Superintendent Government Printing, 1912), 42.

ကုန်သွယ်ရေးမြို့တော်များတွင် ဓာတ်တော်များကို မဟာယာနဂိုဏ်း၏ ချဲ့ထွင်မှုဝါဒဖြင့် ပေါင်းစပ်ကာ ဒေသခံလူထု၏ ကျန်းမာရေးနှင့် နေ့စဉ်ဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် အရာများအဖြစ် အသုံးပြုခဲ့ကြသည်။ တရုတ်ဘုရားဖူး ရဟန်းတော် ရွှမ်ကျန်း (Xuanzang) ၏ မှတ်တမ်းများတွင် ဗာမိယန် (Bamiyan) နှင့် နဂါရဟာရ (Nagarahara) ကဲ့သို့သော ဒေသများ၌ ဗုဒ္ဓ၏ သွားတော်မြတ်နှင့် အရိုးဓာတ်တော်များကို စေတီများစွာ၌ အကန့်အသတ်မရှိ ခွဲဝေကိုးကွယ်နေကြောင်း မျက်မြင်ကိုယ်တွေ့ ရေးသားထားသည်။[439] ၎င်းအပြင် Elizabeth Errington မှတ်တမ်းတင်ထားသော Charles Masson ၏ ဘက်ဂရမ် (Begram) တူးဖော်မှု တွေ့ရှိချက်များကလည်း အာရှအလယ်ပိုင်းတွင် ဓာတ်တော်ကြုတ် များကို နေ့စဉ်ကိုယ်တွင်းအဆောင် (Amulets) များအဖြစ်ပါ အသုံးပြုခဲ့ကြောင်း သက်သေပြနေသည်။[440] ဤအချက်သည် အာရှအလယ်ပိုင်းဒေသ၌ ဓာတ်တော်အရေ အတွက် အကန့်အသတ်မရှိ များပြားလာခြင်းမှာ မဟာယာနဂိုဏ်း၏ လူထုစည်းရုံးရေး ယန္တရားကြောင့် ဖြစ်ပေါ်လာသော လက်တွေ့အရှိတရား ဖြစ်ကြောင်း အတိအလင်း အတည်ပြုပေးသည်။

ဤကဲ့သို့ ဒေသသုံးခုအကြား ကြီးမားစွာ ကွဲလွဲနေသော ဖြန့်ကြက်တည်ရှိမှု ပုံစံများသည် ဓာတ်တော်များ၏ အရေအတွက်သည် ပုံသေသတ်မှတ်ထားသော သမိုင်းအမှန်တရား မဟုတ်ကြောင်း (Material evidence supports multiplicity, not fixed numbers) ကို ပညာရပ်ဆိုင်ရာအရ သက်သေပြသည့် အခိုင်မာဆုံးသော အထောက်အထား ဖြစ်သည်။ ဒေသတစ်ခု၏ နိုင်ငံရေးအာဏာ တည်ဆောက်မှုနှင့် ဂိုဏ်းဂဏဆိုင်ရာ လိုအပ်ချက်များ ပြောင်းလဲသွားသည်နှင့်အမျှ ဓာတ်တော်အရေအတွက်နှင့် မှတ်တမ်း တင်မှု စနစ်များသည်လည်း အလိုအလျောက် လိုက်ပါပြောင်းလဲသွားခဲ့သည်။ Gregory Schopen ၏ လေ့လာချက်အရ သီရိလင်္ကာရှိ ရှားပါးသော ဓာတ်တော်စနစ်နှင့် ဂန္ဓာရ-အာရှ အလယ်ပိုင်းရှိ ပေါများသော ဓာတ်တော်စနစ်တို့သည် သီးခြားစီ မှန်ကန်နေသော သမိုင်းဖြစ်စဉ်များ (Independent historical realities) ဖြစ်ပြီး၊ ယင်းတို့ကို ဘာသာရေး အမြင် တစ်ခုတည်းဖြင့် ပုံသေ တိုင်းတာ၍မရကြောင်း ထောက်ပြထားသည်။[441] ထို့ကြောင့် ဤဒေသန္တရ

---

[439] Samuel Beal, *Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang*, (London: Trubner & Co., 1884), 58.

[440] Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 122.

[441] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 130.

ကွဲပြားချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ နှိုင်းယှဉ်ခြင်းသည် ထေရဝါဒနှင့် မဟာယာန ဂိုဏ်းကွဲများ၏ သမိုင်းပြုစုမှု ကွာဟချက်ကို အထောက်အထား ခိုင်လုံစွာဖြင့် ရှင်းလင်းဖော်ထုတ်နိုင်သော အဓိက သုတေသန ရလဒ်တစ်ခု ဖြစ်လာပါသည်။

### 4.4.1 The Documentation of Multiple Tooth Relics in Northern India

တရုတ်ခရီးသွား ရဟန်းတော်များ၏ ပြင်ပမှတ်တမ်းများ (External records) သည် ထေရဝါဒ၏ စွယ်တော်လေးဆူ ကန့်သတ်ချက်ကို ချေဖျက်ရန် အခိုင်မာဆုံးသော သမိုင်းအထောက်အထားများ ဖြစ်သည်။ ပြင်ပလေ့လာသူများ (Independent observers) ၏ မှတ်တမ်းများသည် ဒေသခံဂိုဏ်းများ၏ ဘက်လိုက်မှု (Sectarian bias) မှ ကင်းလွတ်လေ့ရှိသောကြောင့် သမိုင်းသုတေသနတွင် လွန်စွာ အရေးပါသည်။ ဖာဟီယန် (Faxian) ၏ မှတ်တမ်းတွင် နာဂရ (Nagara) တိုင်း၌ စွယ်တော်မြတ်တစ်ဆူကို ခမ်းနားစွာ ကိုးကွယ်ထားကြောင်း ဖော်ပြထားသည်။[442] ထို့ထက်ပို၍ ရှွင်ကျန်း (Xuanzang) ၏ ခရီးသွားမှတ်တမ်းတွင် ကပိလဝတ် (Kapilavastu)၊ ကာနုဂျ် (Kanauj) နှင့် ကက်ရှ်မီးယား (Kashmir) ဒေသ အသီးသီး၌ ဖူးတွေ့ခဲ့ရသော မတူညီသည့် စွယ်တော်မြတ် အများအပြားအကြောင်းကို တိကျစွာ ရေးသားထားသည်။[443] ယင်းမှတ်တမ်းများသည် သီဟိုဠ်ကျွန်းသို့ ရောက်ရှိသွားသော စွယ်တော်မှအပ ကျန်စွယ်တော်များ လူ့ပြည်တွင် မရှိတော့ဘူးဆိုသည့် ထေရဝါဒကျမ်းစာများ၏ အဆိုကို အတိအလင်း ဆန့်ကျင်နေသည်။ ထို့ကြောင့် ဓာတ်တော်များ၏ အမှန်တကယ် ဖြစ်တည်မှုသမိုင်းသည် ထေရဝါဒမှတ်တမ်းမျ ားထက် များစွာ ပိုမိုကျယ်ပြန့်ရှုပ်ထွေးကြောင်း ဤအချက်အလက်များက အခိုင်အမာ သက်သေပြလျက်ရှိသည်။

### 4.4.2 Epigraphical Validation of Relic Authenticity

ကျောက်စာနှင့် ကမ္ပည်းစာ အထောက်အထားများ (Epigraphical evidence) သည် ဓာတ်တော်များ၏ စစ်မှန်မှုကို ယုံကြည်မှုသက်သက်အဖြစ်မှ ရုပ်ဝတ္ထုဆိုင်ရာ သမိုင်းအချက်အလက်အဖြစ် အသွင်ပြောင်းပေးလိုက်သည်။ ကျောက်စာမှတ်တမ်းများ သည် ဘာသာရေးကျမ်းစာများကဲ့သို့ နှောင်းခေတ်များတွင် ပြန်လည်ပြင်ဆင်ရေးသား၍ မရနိုင်သောကြောင့် အတိကျဆုံးသော primary sources

---

[442] James Legge, A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of his Travels in India and Ceylon (A.D. 399-414), (Oxford: Clarendon Press, 1886), 39.

[443] Samuel Beal, Si-Yu-Ki: Buddhist Records of the Western World, by Hiuen Tsiang, Vol. 1, (London: Trübner & Co., 1884), 44-46.

များ ဖြစ်ကြသည်။ ဥပမာအားဖြင့် Piprahwa စေတီမှ တူးဖော်ရရှိသော ဓာတ်တော်ကြုတ်ပေါ်ရှိ ဗြာဟ္မီကျောက်စာတွင် ၎င်းသည် သာကီဝင်မင်းမျိုးတို့ သိမ်းဆည်းထားသော ဗုဒ္ဓ၏ မူလဓာတ်တော်များ ဖြစ်ကြောင်း အတိအလင်း ရေးထိုးထားသည်။[444] ထိုနည်းတူစွာ V&A ပြတိုက်ရှိ ဂန္ဓာရခေတ် ဓာတ်တော်ကြုတ်များပေါ်တွင်လည်း လှူဒါန်းသူများ၏ အမည်နှင့် ခုနှစ်သက္ကရာဇ်များကို အတိအကျ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။[445] ဤတွေ့ရှိချက်များသည် သမိုင်းကြောင်းအရ တူးဖော်ရရှိသော ဓာတ်တော်များသည် ကျမ်းဂန်လာ စွယ်တော်လေးဆူစာရင်းတွင် မပါဝင်သော်လည်း သမိုင်းဆိုင်ရာ စစ်မှန်မှု (Historical authenticity) အပြည့်အဝ ရှိနေကြောင်း သက်သေပြနေသည်။ ထို့ကြောင့် ရိုးရာကျမ်းဂန်များ၏ ချန်လှပ်ထားခြင်း (Selective omission) သည့် သမိုင်းမှန်တရား မဟုတ်ကြောင်း ခိုင်မာစွာ ကောက်ချက်ချနိုင်သည်။

## 4.5 Contradictions: Textual Claims vs. Archaeological Evidence

အထက်ပါ တွေ့ရှိချက်များကို ပေါင်းစပ်သုံးသပ်ကြည့်ရာတွင် ဓာတ်တော်အရေအတွက်နှင့် ပတ်သက်သော ကွာဟချက်သည် မတော်တဆ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ သမိုင်းကြောင်းအရ စနစ်တကျ တည်ဆောက်ထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထေရဝါဒကျမ်းစာများ (မဟာပရိနိဗ္ဗာနသုတ်၊ ဒါဌာဝံသ) သည် ၎င်းတို့၏ သာသနာရေးအာဏာကို ကာကွယ်ရန် ဓာတ်တော်အရေအတွက်ကို လေးဆူတည်းဟူ၍ ကန့်သတ်ခဲ့သည်။[446] သို့သော် ASI ၏ ရှေးဟောင်းသုတေသန အထောက်အထားများ၊ ဗြိတိသျှပြတိုက်ရှိ Charles Masson ၏ မှတ်တမ်းများ၊[447] နှင့် ရှင်ကျန်း၏ ခရီးသွားမှတ်တမ်းများသည် ထိုကန့်သတ်ချက်ကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သက်သေများဖြင့် အတိအလင်း ချေဖျက်နေသည်။ အသောကနှင့် ကနိသျှမင်းကြီးတို့၏ နိုင်ငံရေးပွဲပိုးမှုများက ဓာတ်တော်များကို အင်ပါယာတစ်ခွင်သို့ ဖြန့်ကျက်စေခဲ့ပြီး ဓာတ်တော်အရေအတွက်ကို သမိုင်းအဖြစ်မှ နိုင်ငံရေးအာဏာတည်ဆောက်မှု ကိရိယာ (Political apparatus) အဖြစ်

---

[444] William C. Peppé, "The Piprahwa Stupa, Containing Relics of Buddha," Journal of the Royal Asiatic Society of Great Britain and Ireland, (1898): 573.

[445] Kevin Trainor, Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition, (Cambridge: Cambridge University Press, 1997), 118.

[446] Gregory Schopen, Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India, (Honolulu: University of Hawaii Press, 1997), 114.

[447] John S. Strong, Relics of the Buddha, (Princeton: Princeton University Press, 2004), 132-133.

ပြောင်းလဲပေးခဲ့သည်။[448] ဤတွေ့ရှိချက်များသည် ဓာတ်တော်အရေအတွက်ကို သမိုင်းဝင်အချက်အလက်တစ်ခုတည်း အနေဖြင့်သာမက နိုင်ငံရေး၊ သာသနာရေးနှင့် ဂိုဏ်းကွဲသမိုင်းတို့၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော Historiographical construction တစ်ရပ်အဖြစ် ရှုမြင်ရမည်ဟူသော ဤစာတမ်း၏ အဓိကရည်ရွယ်ချက်ကို ခိုင်မာစွာ သက်သေပြလျက်ရှိသည်။

ရိုးရာကျမ်းဂန်များက ဖော်ပြသော "စွယ်တော်လေးဆူ" ကဲ့သို့သော တင်းကျပ်သည့် အရေအတွက် ကန့်သတ်ချက်များသည် လက်တွေ့ မြေပြင်တူးဖော်မှု အထောက်အထားများနှင့် ကြီးမားစွာ ကွဲလွဲဆန့်ကျင်နေကြောင်း တွေ့ရသည်။ ထေရဝါဒ ရာဇဝင်ကျမ်းများသည် ဓာတ်တော်များ၏ တည်နေရာကို မိမိတို့၏ သာသနာပြန့်ပွားရာ မြေများအတွင်း၌သာ ဘောင်ခတ်ထားလေ့ရှိသော်လည်း၊ တူးဖော်ရရှိသော ရုပ်ဝတ္ထုအထောက်အထားများကမူ ထိုကန့်သတ်ချက်များကို တိုက်ရိုက် ချိုးဖျက်လျက် ရှိသည်။ ဤသမိုင်းပြုစုမှုနှင့် အမှန်တကယ် မြေပြင်တည်ရှိမှုအကြားမှ ပြဿနာကို ရှင်းလင်းစွာ မြင်တွေ့နိုင်ရန် အောက်ပါ ဇယားဖြင့် တိုက်ဆိုင်စစ်ဆေး (Cross-Data matrix) ပြသထားပါသည်။

**Table 1: Claim vs. Evidence Matrix on Buddha Relics**

| Site / Region | Claimed Relic | Source Text / Record | Archaeological Evidence | Consistency Level |
|---|---|---|---|---|
| Sri Lanka (Kandy) | Tooth Relic (Single representation) | Dathavamsa / Mahavamsa | Single venerated object | High (Internal textual consistency but localized) |
| Peshawar (Shah-ji-ki-Dheri) | Buddha's Relics | Divyavadana / Xuanzang | Kanishka Casket with attributed relics | High (Material matches expansionist text) |

[448] Richard Salomon, Ancient Buddhist Scrolls from Gandhāra: The British Library Kharoṣṭhī Fragments, (Seattle: University of Washington Press, 1999), 89-91.

| | | | | |
|---|---|---|---|---|
| Nagarahara (Hadda) | Tooth & Skull Relics | Faxian's Travel Records | Multiple stupa reliquaries found | Low (Contradicts Theravada's 4-tooth limit) |
| Dharmarajika (Taxila) | Buddha's Relics | Asokavadana | Massive accumulation of relic caskets | Low (Exceeds early textual limitations) |

အထက်ပါ ဇယားပါ အချက်အလက်များကို နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာကြည့်ပါက ကျမ်းဂန်လာ မှတ်တမ်းများနှင့် ရှေးဟောင်းအထောက်အထားများအကြား ထင်ရှားသော ပွတ်တိုက်မှုများကို တွေ့ရှိရသည်။ ဒါဌာဝံသ (Dathavamsa) ကျမ်းတွင် ဗုဒ္ဓ၏ သွားတော်မြတ်သည် လေးဆူသာ ကြွင်းကျန်ရစ်ပြီး လူ့ပြည်၌ ကာလိင်္ဂတိုင်းမှ သီဟိုဠ်သို့ ရောက်ရှိလာသော တစ်ဆူသာလျှင် အဓိကတည်ရှိကြောင်း တင်းကျပ်စွာ မှတ်တမ်းတင် ထားသည်။[449] သို့သော် ဘုန်းတော်ကြီးဖာဟီယန် (Faxian) နှင့် ဘုန်းတော်ကြီးရွှမ်ကျန်း (Xuanzang) တို့၏ မျက်မြင်မှတ်တမ်းများသာမက Charles Masson ၏ ဟဒ္ဒါ (Hadda) နှင့် နဂါရဟာရ (Nagarahara) ဒေသ တူးဖော်မှုများအရ ဤဒေသများတွင် ဗုဒ္ဓ၏ သွားတော်မြတ်များကို သီးခြားစေတီများဖြင့် ခမ်းနားစွာ တည်ထားကိုးကွယ်နေကြောင်း ခိုင်မာစွာ တွေ့ရှိရသည်။[450] ဤကွဲလွဲချက်သည် ထေရဝါဒ၏ "လေးဆူ" ဟူသော ကန့်သတ်ချက်သည် သမိုင်းဝင် ပကတိအရှိတရား (Descriptive reality) ကို မှတ်တမ်းတင်ထားခြင်း မဟုတ်ဘဲ၊ သီဟိုဠ်ဗဟိုပြု မဟာဝိဟာရဂိုဏ်း၏ ကိုယ်ပိုင် အာဏာစက်ကို တည်ဆောက်ရန်အတွက် ဖန်တီးထားသော ဘာသာရေးဆိုင်ရာ စံနှုန်း (Normative prescription) သက်သက်သာ ဖြစ်ကြောင်း အတိအလင်း သက်သေပြ နေသည်။

ဓမ္မရာဇိက စေတီတော် (Dharmarajika) ကဲ့သို့သော ရှေးဟောင်းနယ်မြေများမှ တွေ့ရှိချက်များသည် ရိုးရာကျမ်းဂန်များ၏ "မူလရှစ်ဌာန" ကန့်သတ်ချက်ကို လုံးဝ ကျော်လွန်သွားသော အထောက်အထားများ ဖြစ်သည်။ မဟာပရိနိဗ္ဗာနသုတ်တွင်

[449] Bimala Churn Law, *The Dathavamsa: A History of the Tooth-Relic of the Buddha*, (Lahore: Punjab Sanskrit Book Depot, 1925), 24.
[450] James Legge, *A Record of Buddhistic Kingdoms: Being an Account by the Chinese Monk Fa-Hien of his Travels*, (Oxford: Clarendon Press, 1886), 38; Elizabeth Errington, *Charles Masson: Collections from Begram and Kabul Bazaar, Afghanistan 1833-1838*, (London: British Museum, 2021), 116.

ဓာတ်တော်များကို အပိုင်းရှစ်ပုံ ခွဲဝေခဲ့ကြောင်း ဆိုသော်လည်း၊ ဓမ္မရာဇိကစေတီ အလွှာအသီးသီးမှ တူးဖော်ရရှိသော ဓာတ်တော်ကြုတ် အမြောက်အမြားသည် ဓာတ်တော်ခွဲဝေမှု တစ်ကြိမ်တည်းဖြင့် ပြီးဆုံးသွားခြင်း မရှိကြောင်း ဖော်ပြသည်။[451] ဤရှေးဟောင်းသုတေသန အထောက်အထားများသည် အသောကမင်းကြီး၏ ၈၄,၀၀၀ သော စေတီတည်ထားမှု ဒဏ္ဍာရီ (Asokavadana) နှင့် တစ်စိတ်တစ်ပိုင်း ကိုက်ညီမှုရှိသော်လည်း၊ ထေရဝါဒ ရိုးရာမှတ်တမ်းများ၏ တင်းကျပ်သော မှတ်တမ်းတင်မှုဘောင်ကိုမူ လုံးဝ ဖောက်ထွက်လျက်ရှိသည်။ Gregory Schopen ၏ အဆိုအရ သမိုင်းကျမ်းဂန်များသည် ဖြစ်ရပ်တစ်ခုကို "မည်သို့ ဖြစ်သင့်သည်" ဟုသာ ရေးသားလေ့ရှိပြီး၊ ရုပ်ဝတ္ထုအထောက်အထားများကသာ ထိုခေတ်က "မည်သို့ အမှန်တကယ်ကျင့်သုံးခဲ့သည်" ကို ဖော်ထုတ်ပေးနိုင်သည်။[452] ထို့ကြောင့် ရိုးရာမှတ်တမ်းများတွင် ဓာတ်တော်အသစ်များ ပါဝင်မလာခြင်းသည် ဓာတ်တော်များ မရှိခဲ့သောကြောင့် မဟုတ်ဘဲ သမိုင်းပြုစုသူများက ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခဲ့ခြင်းသာ ဖြစ်သည်။

ဤဆန့်ကျင်ဘက် ကွဲလွဲချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ခြင်းဖြင့် ဗုဒ္ဓဓာတ်တော်အရေအတွက် ပြဿနာ၏ ဗဟိုချက်ကို တိကျစွာ အဖြေထုတ်နိုင်သည်။ ဓာတ်တော်များသည် သီရိလင်္ကာ၊ တက္ကသီလာနှင့် ဂန္ဓာရ ဒေသအသီးသီးတွင် အပြိုင်အဆိုင် များပြားစွာ တည်ရှိနေခြင်းသည် အဆိုပါ ဓာတ်တော်များ အတုအယောင် ဖြစ်နေခြင်းကြောင့် မဟုတ်ပေ။ Kevin Trainor ထောက်ပြသကဲ့သို့ ဓာတ်တော်တစ်ခု၏ စစ်မှန်မှု (Authenticity) သည် ဇီဝကမ္မဆိုင်ရာ တိုင်းတာမှု (Biological verification) ဖြင့် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ၊ ထိုခေတ်က အုပ်ချုပ်သူမင်းများနှင့် သံဃာ့အဖွဲ့အစည်းများက နိုင်ငံရေးနှင့် ဘာသာရေးအရ တရားဝင်မှု ပေးအပ်ခြင်း (Institutional legitimation) အပေါ်တွင်သာ အပြည့်အဝ တည်မှီနေသည်။[453] သို့ဖြစ်ရာ ဤတွေ့ရှိချက်များက သက်သေပြနေသည်မှာ "ဓာတ်တော်အရေအတွက် တိကျစွာ သတ်မှတ်ထားခြင်း" ဆိုသည်မှာ ဘာသာရေးအဖွဲ့အစည်းများက ၎င်းတို့၏ သြဇာအာဏာကို ကာကွယ်ရန် တည်ဆောက်ထားသော သမိုင်းယန္တရား (Historiographical construction) တစ်ခုသာဖြစ်ပြီး၊ လက်တွေ့မြေပြင်တွင် ဓာတ်တော်များသည် အင်ပါယာချဲ့ထွင်သူများ၏

[451] John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 236.
[452] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 132.
[453] Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 105.

လိုအပ်ချက်အရ အကန့်အသတ်မရှိ ဖြန့်ကြက် ပွားများနေခဲ့ကြောင်းကို အငြင်းပွားဖွယ်မရှိ အတည်ပြုနိုင်ပါသည်။

## 4.6 Discussion (Critical Analysis)

ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုဆိုင်ရာ ရှေးဟောင်းသုတေသန တွေ့ရှိချက်များကို သမိုင်းအထောက်အထားများနှင့် နှိုင်းယှဉ်ဆွေးနွေးရာတွင်၊ ဓာတ်တော်အရေအတွက် တိုးပွားလာခြင်းသည် ဘာသာရေး ယုံကြည်မှု သက်သက်ကြောင့် မဟုတ်ဘဲ နိုင်ငံရေးနှင့် လူမှုအဖွဲ့အစည်းများ၏ အာဏာတည်ဆောက်မှု လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ရိုးရာကျမ်းဂန် များက ဓာတ်တော်အရေအတွက်ကို တင်းကျပ်စွာ ကန့်သတ်ထားသော်လည်း၊ မြေပြင်တွင် ဓာတ်တော်များ အဆမတန် ပွားများလာရသည့် အကြောင်းရင်းကို "နိုင်ငံရေးအရ ပြန်လည်ဖြန့်ဝေခြင်း မော်ဒယ်" (Political Redistribution Model)၊ "ဓာတ်တော် စီးပွားရေး သီအိုရီ" (Relic Economy Theory) နှင့် "များပြားမှုနှင့် စစ်မှန်မှု အကျပ်အတည်း" (Multiplicity vs. Authenticity Paradox) ဟူသော ပညာရပ်ဆိုင်ရာ သီအိုရီသုံးရပ်ဖြင့် အောက်ပါအတိုင်း နက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာ ဆွေးနွေးနိုင်ပါသည်။

ပထမရှုထောင့်အနေဖြင့် "နိုင်ငံရေးအရ ပြန်လည်ဖြန့်ဝေခြင်း မော်ဒယ်" (Political Redistribution Model) အရ ဓာတ်တော်များ၏ အရေအတွက်သည် အင်ပါယာ တည်ထောင်သော မင်းများ၏ ဗဟိုချုပ်ကိုင်မှုနှင့် နယ်မြေချဲ့ထွင်မှု မူဝါဒများအပေါ် လုံး၀ မူတည်နေကြောင်း တွေ့ရသည်။ အသောကမင်းကြီး၏ လက်ထက်တွင် ဓာတ်တော်များကို မူလရှစ်ဌာနမှ တူးဖော်ကာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားအဖြစ် စေတီပေါင်း ၈၄,၀၀၀ သို့ စနစ်တကျ ပြန်လည်ဖြန့်ဝေခဲ့ခြင်းသည် နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှု (Centralization) ပြုလုပ်ခြင်းဖြစ်သည်။[454] သို့သော် အေဒီ ၂ ရာစု ကနိဿကမင်းကြီး (King Kanishka I) လက်ထက်သို့ ရောက်သောအခါ၊ ကူရှန်အင်ပါယာသည် အာရှအလယ်ပိုင်း အထိ ကျယ်ပြန့်လာသောကြောင့် တိုင်းရင်းသား လူမျိုးစုပေါင်းစုံကို စည်းလုံးရန်အတွက် ဓာတ်တော်များကို အကန့်အသတ်မရှိ ပြန်လည်ဖြန့်ကြက်ခြင်း (Expansionist Redistribution) ပြုလုပ်ခဲ့ရသည်။[455] D.B. Spooner ၏ ပက်ရှ၀ါစေတီ

[454] Romila Thapar, *Aśoka and the Decline of the Mauryas*, (Oxford: Oxford University Press, 1997), 142.
[455] Richard F. Gombrich, *Theravada Buddhism: A Social History from Ancient Benares to Modern Colombo*, (London: Routledge, 1988), 115.

တူးဖော်မှုမှတ်တမ်း များနှင့် John Marshall ၏ တက္ကသီလာ အစီရင်ခံစာများက ဤခေတ်ကာလတွင် မင်းမျိုးမင်းနွယ်များက ဓာတ်တော်များကို အပြိုင်အဆိုင် ဌာပနာခဲ့ကြောင်း သက်သေပြ နေသည်။[456] ဤလုပ်ငန်းစဉ်သည် ဓာတ်တော်များပြန့်ပွားမှုသည် ပကတိတန်ခိုးပြာဋိဟာ ကြောင့် မဟုတ်ဘဲ၊ အင်ပါယာအသစ်များ၏ တရားဝင်မှုကို တည်ဆောက်ရန်အတွက် နိုင်ငံရေးအရ စနစ်တကျ တွက်ချက်ဖြန့်ဝေခဲ့သော သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်ကြောင်းကို ခိုင်မာစွာ အတည်ပြုပေးပါသည်။

ဒုတိယရှုထောင့်အနေဖြင့် "ဓာတ်တော် စီးပွားရေးနှင့် အာဏာတည်ဆောက်မှု သီအိုရီ" (Relic Economy Theory) သည် ဓာတ်တော်များ အကန့်အသတ်မရှိ ပွားများလာရခြင်း၏ လူမှုစီးပွားရေးဆိုင်ရာ မောင်းနှင်အားကို ရှင်းလင်းပေးသည်။ အစောပိုင်း ဗုဒ္ဓဘာသာကာလလွန်၍ ကျောင်းတိုက်ကြီးများ ဖွံ့ဖြိုးလာသောအခါ၊ ဓာတ်တော်များသည် သာမန်ကိုးကွယ်ရာ သင်္ကေတများ မဟုတ်တော့ဘဲ ကျောင်းတိုက်များ ၏ ရပ်တည်ရေးနှင့် ဩဇာအာဏာအတွက် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များ (Power resources) ဖြစ်လာသည်။ Gregory Schopen ၏ အဆိုအရ ဓာတ်တော်များကို ပိုင်ဆိုင်သော ကျောင်းတိုက်များသည် ဘုရင်နှင့် အထက်တန်းလွှာများထံမှ အလှူဒါနများကို ပိုမိုရရှိနိုင်သဖြင့် ဓာတ်တော်များကို ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသော သက်ရှိပုဂ္ဂိုလ် (Legal entities) များအဖြစ် သတ်မှတ်လာကြသည်။[457] ကာလဝမ် (Kalawan) နှင့် မိုဟရာ မိုရာဒူ (Mohra Moradu) ကျောင်းတိုက်များတွင် စေတီငယ်များစွာ တည်ဆောက်၍ ဓာတ်တော်များကို အပြိုင်အဆိုင် ဌာပနာထားခြင်းသည် ဤသီအိုရီကို လက်တွေ့ သက်သေပြနေသည်။[458] သို့ဖြစ်ရာ ဓာတ်တော်များစွာ ပေါ်ထွက်လာခြင်းသည် ထိုခေတ်က သံဃာ့အဖွဲ့အစည်းများနှင့် အလှူရှင်များအကြား အာဏာနှင့် အရင်းအမြစ်များ ခွဲဝေယူရာတွင် ဓာတ်တော်များကို နိုင်ငံရေးနှင့် လူမှုစီးပွားရေး ငွေကြေး (Socio-political currency) တစ်ရပ်သဖွယ် အသုံးပြုခဲ့ရသောကြောင့် ဖြစ်သည်ဟု ဓမ္မဓိဋ္ဌာန်ကျကျ ဆွေးနွေးနိုင်သည်။

တတိယရှုထောင့်အနေဖြင့် ဓာတ်တော်များ အဆမတန် များပြားလာခြင်းသည် "များပြားမှုနှင့် စစ်မှန်မှု အကျပ်အတည်း" (Multiplicity vs. Authenticity Paradox) ကို

[456]John Marshall, *Taxila: An Illustrated Account of Archaeological Excavations*, (Cambridge: Cambridge University Press, 1951), 256; D.B. Spooner, *Archaeological Survey of India: Annual Report 1908-1909*, (Calcutta: Superintendent Government Printing, 1912), 40.

[457] Gregory Schopen, *Bones, Stones, and Buddhist Monks: Collected Papers on the Archaeology, Epigraphy, and Texts of Monastic Buddhism in India*, (Honolulu: University of Hawaii Press, 1997), 125.

[458] Kurt A. Behrendt, *The Buddhist Architecture of Gandhāra*, (Leiden: Brill, 2004), 134.

ဖြစ်ပေါ်စေခဲ့ပြီး၊ ဤအကျပ်အတည်းကို ဂိုဏ်းကွဲများက မတူညီသော သမိုင်းပြုစုမှု ယန္တရားများဖြင့် ဖြေရှင်းခဲ့ကြကြောင်း တွေ့ရသည်။ ဓာတ်တော် အရေအတွက် များပြားလာလေလေ ယင်းတို့၏ ပကတိစစ်မှန်မှုအပေါ် သံသယ ကြီးမားလာလေလေ ဖြစ်သည်။ ဤအကျပ်အတည်းကို ကျော်လွှားရန် ထေရဝါဒ အစဉ်အလာက မဟာဝံသနှင့် ဒါဌာဝံသကျမ်းများမှတစ်ဆင့် ဓာတ်တော်အရေအတွက်ကို တင်းကျပ်စွာ ကန့်သတ် ပစ်လိုက်ပြီး အထက်တန်းလွှာတို့၏ စစ်မှန်မှုကိုသာ ကာကွယ်ခဲ့သည် (Elite authenticity preservation)။[459] ဆန့်ကျင်ဘက်အားဖြင့် မဟာယာနနှင့် မြောက်ပိုင်း ဂိုဏ်းများကမူ Divyavadana ကဲ့သို့သော ကျမ်းများဖြင့် ဓာတ်တော်များ အလိုအလျောက် ပွားများနိုင်စွမ်း ရှိသည်ဟူသော အယူအဆကို ဖန်တီးကာ များပြားမှုကို တရားဝင်မှု ပေးခဲ့သည်။[460] Harry Falk ၏ ကျောက်စာလေ့လာချက်များအရ ကုရှန်ခေတ် လူ့အဖွဲ့အစည်းအတွက် ဓာတ်တော်များ၏ စစ်မှန်မှုသည် ဇီဝကမ္မဗေဒဆိုင်ရာ အမှန်တရား (Biological fact) ထက် အုပ်ချုပ်သူမင်းများနှင့် အဖွဲ့အစည်းများက တရားဝင် အသိအမှတ်ပြုပေးခြင်း (Institutional attribution) အပေါ်တွင်သာ လုံးဝ မူတည်နေခဲ့သည်။[461]

ဤဆွေးနွေးချက်သည် ဓာတ်တော်အရေအတွက် ကန့်သတ်ချက်များ သို့မဟုတ် ချဲ့ထွင်မှုများသည် ဓမ္မဓိဋ္ဌာန်ကျသော သမိုင်းအချက်အလက်များ မဟုတ်ဘဲ၊ စစ်မှန်မှု အကျပ်အတည်းကို ဖြေရှင်းရန် တမင်ဖန်တီးထားသော ဘာသာရေး လူမှုတည်ဆောက် ချက်များ (Socially constructed realities) သာ ဖြစ်ကြောင်းကို အတိအလင်း သက်သေပြလျက်ရှိပါသည်။

အချုပ်အားဖြင့် ဆွေးနွေးရသော် ခေတ်သစ် ရှေးဟောင်းသုတေသန အထောက်အထားများသည် ရိုးရာကျမ်းဂန်များ၏ အရေအတွက် ကန့်သတ်ချက်များကို တိုက်ရိုက် စိန်ခေါ်နေရုံသာမက၊ ထိုကန့်သတ်ချက်များ ပေါ်ပေါက်လာရခြင်း၏ နိုင်ငံရေးနှင့် လူမှုစီးပွားရေး နောက်ခံများကိုပါ ဖော်ထုတ်ပေးလိုက်သည်။ ဗြိတိသျှပြတိုက်နှင့် V&A ပြတိုက်တို့တွင် ထိန်းသိမ်းထားသော ဓာတ်တော်ကြုတ်များသည် သမိုင်းဝင် ပုဂ္ဂိုလ်များ၏ အာဏာတည်ဆောက်ရေး ယန္တရားများကို ကိုယ်စားပြုနေပြီး၊ ဓာတ်တော်များကို ခေတ်သစ်အမြင်များဖြင့် ထပ်မံ အဓိပ္ပာယ်ဖွင့်ဆိုထားသော ရှုပ်ထွေးသည့် ယုံကြည်မှု

---

[459] Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 108.
[460] E.B. Cowell and R.A. Neil, *The Divyavadana: A Collection of Early Buddhist Legends*, (Cambridge: Cambridge University Press, 1886), 382.
[461] Harry Falk, *Kushan Histories: Literary Sources and Selected Papers*, (Bremen: Hempen Verlag, 2015), 92.

သမိုင်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုသည် ရိုးရာကျမ်းဂန်များက ဆိုသကဲ့သို့ ပုံသေသတ်မှတ်ချက် တစ်ခုတည်းအောက်တွင် ဘယ်သောအခါမှ မရှိခဲ့ဘဲ၊ ခေတ်အဆက်ဆက် အင်ပါယာချဲ့ထွင်သူများ၏ မူဝါဒများနှင့် ဂိုဏ်းကွဲများ၏ လိုအပ်ချက်များအရ အဆက်မပြတ် ပြောင်းလဲတိုးပွားနေသော တက်ကြွသည့် သမိုင်းဖြစ်စဉ် (Dynamic historical process) တစ်ခုအဖြစ်သာ ဓမ္မဓိဋ္ဌာန်ကျကျ ကောက်ချက်ချ ဆွေးနွေးနိုင်ပါသည်။

### 4.6.1 The Phenomenological Reality of Relic Multiplication in Contemporary Practice (မျက်မှောက်ခေတ် လက်တွေ့ကျင့်သုံးမှုတွင် တွေ့ရှိရသော ဓာတ်တော်များ ပွားများခြင်း၏ ဖြစ်တည်မှု အတွေ့အကြုံများ)

ရှေးဟောင်းသုတေသန အထောက်အထားများက ဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို နိုင်ငံရေးနှင့် ဂိုဏ်းကွဲသမိုင်းဆိုင်ရာ အကြောင်းတရားများဖြင့် သက်သေပြနေသော်လည်း၊ မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင် များ၏ လက်တွေ့ကျင့်သုံးမှု (Lived religion) တွင်မူ ဓာတ်တော်များသည် တန်ခိုးတော်အားဖြင့် ကြွရောက်ပွားများနိုင်စွမ်းရှိသော သက်ရှိကိုယ်စားလှယ်များ (Living entities) အဖြစ် အခိုင်အမာ ရပ်တည်နေဆဲ ဖြစ်ကြောင်း တွေ့ရှိရသည်။ ဓာတ်တော်များ၏ အရေအတွက် ပြဿနာကို လေ့လာရာတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သမိုင်းကြောင်း သက်သက်ကိုသာ အာရုံစိုက်ပါက၊ ယုံကြည်သူများ နေ့စဉ်ကိုယ်တွေ့ ခံစားနေရသော ဓမ္မစွမ်းအားနှင့် ဖြစ်တည်မှုအတွေ့အကြုံ (Phenomenological experience) ကို လျစ်လျူရှုရာ ရောက်ပေမည်။ ထို့ကြောင့် ဓာတ်တော်များသည် နိုင်ငံရေး ယန္တရားသက်သက် မဟုတ်ဘဲ၊ မြင့်မားသော တရားဘာဝနာ ကျင့်စဉ်များနှင့် ပေါင်းစပ်သွားသောအခါ "ဓာတုပဋိဟာရိယ" (Relic miracles) အဖြစ် လက်တွေ့ ပွားများလာနိုင်ကြောင်း မျက်မှောက်ခေတ် အထောက်အထားများက သက်သေပြလျက် ရှိသည်။[462] ဤရှုထောင့်သည် ရုပ်ဝတ္ထုအထောက်အထားများကို တိုက်ခိုက်ခြင်း မဟုတ်ဘဲ၊ သမိုင်းဝင် ဓာတ်တော်များအပေါ် ထားရှိသော ဝိညာဉ်ရေးရာ ဆက်နွှယ်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း ဖြစ်သည်။

ဤဖြစ်တည်မှု အတွေ့အကြုံများကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာနိုင်ရန် မျက်မှောက်ခေတ် ထင်ရှားသော မျက်မြင်ကိုယ်တွေ့ အထောက်အထား (Primary

[462] Kevin Trainor, *Relics, Ritual, and Representation in Buddhism: Rematerializing the Sri Lankan Theravada Tradition*, (Cambridge: Cambridge University Press, 1997), 185.

qualitative data) များကို နှိုင်းယှဉ်စိစစ်နိုင်သည်။ ပဲခူးမြို့၊ ဓမ္မဒူတတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (ယခင် တောင်ကြီးတက္ကသိုလ် မြန်မာစာဌာနမှူး) ဆရာမကြီး ဒေါက်တာရင်ရင်သန်း၏ ကိုယ်တွေ့ပြောကြားချက်အရ၊ ဘုရားဝတ်ပြုနေစဉ်အတွင်း ဗိတာန် (အမိုး) ထက်မှ ဓာတ်တော်များ ကိုယ်တိုင်ကြွရောက်လာကာ ကျောင်းဆောင်သို့ ကျလာ(ကြွလာသဖြင့်) ဖူးတွေ့ သိမ်းဆည်းပူဇော်ခဲ့ရဖူး ကြောင်းအတည်ပြုချက်ရ ထားသဖြင့် သုတေသီမှ မှတ်တမ်းတင်ထားသည်။[463] အလားတူပင် ဦးအာနန္ဒာ၏ ဖြစ်စဉ်တွင်လည်း ဖားအောက်တောရ၌ ဝါဆိုဝါကပ်၍ တရားအားထုတ်နေစဉ် သံဃာတော်များ ဘုရားဝတ်ပြုသည့် အချိန်များ၌ ဓာတ်တော်ကြုတ်များအတွင်းသို့ ဓာတ်တော်များ တဖျောင်းဖျောင်း အသံမြည်ကာ အပြည့်အလျှံ ကြွရောက်လာခဲ့ကြောင်း လူတွေ့မေးမြန်းမှု မှတ်တမ်းများအရ သိရှိရသည်။[464] ဤကိုယ်တွေ့ အဖြစ်အပျက် များသည် ဓာတ်တော်အရေအတွက် တိုးပွားလာခြင်းသည် ရှေးခေတ် မင်းများ၏ သမိုင်းပြုစုမှုယန္တရား တစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ၊ လက်ရှိအချိန်အထိ တရားဘာဝနာ စွမ်းအားကြောင့် အမှန်တကယ် ပွားများနိုင်စွမ်းရှိသည့် သဘောတရားကို ခိုင်မာစွာ ထောက်ခံလျက်ရှိသည်။

ထို့အပြင် သုတေသီကိုယ်တိုင်၏ လေ့လာစောင့်ကြည့်မှု (Autoethnographic observation) မှတ်တမ်းများကလည်း ဓာတ်တော်များ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အကန့်အသတ်များကို ကျော်လွန်နိုင်စွမ်းရှိကြောင်း အတည်ပြုပေးသည်။ သုတေသီသည် ရှင်သီဝလိ ဓာတ်တော်များအား ရေဖြင့် ဆေးကြောပြီးနောက်၊ ဓာတ်တော် လုံးဝမပါဝင်သော အဆိုပါ ရေသက်သက်ကို ပုလင်းအတွင်း ထည့်သွင်း သိမ်းဆည်းထားခဲ့ရာ၊ နှစ်နှစ်ခန့်အကြာတွင် ထိုရေပုလင်းအတွင်း၌ ဓာတ်တော်များ အလိုအလျောက် ပွားများ တည်ရှိနေကြောင်းကို မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်နိုင်ခဲ့သည်။[465] ဤဖြစ်စဉ်သည် သာမန် ရုပ်ဝတ္ထုဗေဒ နိယာမများဖြင့် ရှင်းပြ၍မရနိုင်သော ဘာသာရေးဆိုင်ရာ ဓမ္မအမှန်တရား (Spiritual truth) တစ်ရပ် ရှိနေကြောင်း ညွှန်ပြနေသည်။ သို့ဖြစ်ရာ ဗုဒ္ဓဓာတ်တော်များ၏ အရေအတွက်နှင့် ဖြန့်ကြက်တည်ရှိမှုကို သုံးသပ်ရာတွင်၊ ရှေးဟောင်းသုတေသနဆိုင်ရာ

---

[463] Personal Communication and Class Lecture by Dr. Yin Yin Than (Vice-Rector of Bago Dhammaduta University and former Head of the Department of Myanmar, Yangon University), recorded by the researcher during M.A. studies.

[464] Interview with U Ananda regarding his rains retreat experiences at Pa-Auk Tawya Meditation Centre, recorded by the researcher.

[465] Autoethnographic observation and personal documentation by the researcher (Sao Dhammasami) regarding the spontaneous manifestation of Sivali relics in relic-washed water over a two-year period.

အချက်အလက် (Historical facts) နှင့် ယုံကြည်မှုဆိုင်ရာ တန်ခိုးပြာဋိဟာ (Miraculous phenomena) တို့သည် တစ်ခုကိုတစ်ခု ငြင်းပယ်နေခြင်း မဟုတ်ဘဲ၊ ပကတိသမိုင်းနှင့် ဝိညာဉ်ရေးရာ အတွေ့အကြုံဟူသော မတူညီသည့် ပြင်ညီနှစ်ခု (Two different dimensions) ပေါ်တွင် အပြိုင်တည်ရှိနေသည့် သစ္စာတရားများအဖြစ် ဓမ္မဓိဋ္ဌာန်ကျကျ လက်ခံပေါင်းစပ် ဆွေးနွေးနိုင်ပါသည်။

### 4.7 Conclusion

